
www.burmeseclassic.com

# မောင်ညိုမြိုင်း(သန်လျင်)

မိုးခေါင်ကျော်စွာ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

**စိတ်ကြူးသစ်စာပေ**

ရုံး ● အမှတ် ၁၄၉၊ ပထမထပ်(ယာ)၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဆိုင် ၂၅၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၅၁၃၉၉၂၆၄၊ ၀၁-၃၉၁၁၂၂။

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

### စီးပွားရေးဦးတည်ချက် (၄) ရပ်


- စိုက်ပျိုးရေးကိုပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

BURMESE CLASSIC .com

NEW IDEA
စိတ်ကူးသစ်စာပေ




www.burmeseclassic.com

www.burmeseclassic.com


စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၃၊ အောက်တိုဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Maw Maw*
အတွင်းဖလင် ။ *Quality*

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (မြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၃၀၀ ကျပ်

၈၉၅ • ၀၃
ညိုမှိုင်း၊ မောင်(သန်လျင်)
မိုးခေါင်ကျော်စွာ/မောင်ညိုမှိုင်း(သန်လျင်)။–ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၃။
၉၈–စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) မိုးခေါင်ကျော်စွာ


BURMESE CLASSIC .com

# အမှာစာ

အနယ်နယ်အရပ်ရပ်မှ ဖုန်းနှင့်တစ်မျိုး၊ စာဖြင့်တစ်သွယ် ဝေဖန်အကြံပြု ဆွေးနွေးပေးကြသည့် စာဖတ်ပရိသတ်များကို ကျေးဇူးအထူးတင်ပါသည် ခင်ဗျား။

စာဖတ်ပရိသတ်အားလုံး ကျန်းမာချမ်းသာ၍ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုမွန်ကောင်းနှင့် မေတ္တာပို့ရပါသည်။

ယခု ရေးသားလိုက်သည့်ဝတ္ထုသည် ပုဂံခေတ်က ဇာတ်ကောင်များဖြစ်ကြသော ကျော်စွာ၊ မယ်သော်တာ၊ ရှင်မထီး (ရှင်အဓိဂေါ်ဏ)နှင့် ပုဂံဘုရင် နရသူတို့၏ ဘဝဇာတ်လမ်းပဲ ဖြစ်ပါသည်။

ယုံကြည်ကိုးကွယ်ရန် ရေးထားသည်မဟုတ်ပါကြောင်းနှင့် ပုဂံခေတ်ဘဝဇာတ်ကို မျက်မှောက်ခေတ်စကားပြေ အရေးအသားနှင့် ဖတ်ရှုခံစားနိုင်ရန် ကြိုးစားရေးဖွဲ့ခြင်းဖြစ်ပါသည်။

ညံ့လျှင် ကျွန်တော် စာရေးသူ၏ တာဝန်သာဖြစ်ပါသည်။

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



မိုးခေါင်ကျော်စွာနတ်

## မိုးခေါင်ကျော်စွာနတ်ချင်း

မင်းကျော်စွာ ××× လာမည့်လမ်း ××× ရွှေဂံသူတို့ ကြိုလှည့်စမ်း ×××
ညိုရွှေပန်းကိုတဲ့ လက်မှာကိုင် ××× ယိမ်းတယ်လို့ယိုင် ×××ကွမ်းစည်တိုင်
အလယ်ကြားမှာ × ပင့်သံ × မြှောက်သံ × သည်မောင်ကြားတယ်×××
တောင်ပုပ္ပါးရယ်က × လာခဲ့တယ် × လာခဲ့တယ် ×××
သုံးဆယ်ကျော် ခုနစ်မင်းရယ် ××× နတ်ဆိုရင် ခေါင်ကနင်းမယ် ×××
ကွင်းလေးလေး ××× ရှောင်ကြ × ရှားလေး ×××

www.burmeseclassic.com

www.burmeseclassic.com

## [ ၁ ]

❑

ကျွန်ုပ်သည် ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်စာပေများကို ရေးသားနေသည့် စာရေးဆရာတစ်ဦးဖြစ်၏။

သို့ဖြစ်၍ နယ်စုံလှည့်ပြီး ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်များကို လေ့လာကာ ဝတ္ထုသဖွယ်တန်ဆာဆင်၍ ရေးသားရကား ကျွန်ုပ်၏ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် စာဖတ်ပရိသတ်တို့သည် ဂမ္ဘီရစာဖတ်သူ နယ်ပယ်မှာ သီးသီးသန့်သန့် ရှိလာခဲ့၏။

အနယ်နယ်အရပ်ရပ်မှ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် စာဖတ်ပရိသတ်များက တယ်လီဖုန်းဖြင့်တစ်မျိုး၊ စာနှင့်တစ်သွယ် မေးမြန်းမိတ်ဆက်ကြသည်ကို . . .

ကျွန်ုပ်ရှိနေသည့်အချိန်မှာ ကျွန်ုပ်က ပြန်လည်ဖြေကြားပေးလေ့ရှိပါသည်။ ကျွန်ုပ် ရုံးခန်းသို့မရောက်သေးပါက ကျွန်ုပ်၏ စာအုပ်ထုတ်ဝေသူဖြစ်သည့် စိတ်ကူးသစ်စာပေမှ ကိုတင်ထွန်းက ပြန်လည်ဖြေကြားမှတ်သားပြီး ကျွန်ုပ်ကို ပြန်ပြောကြားပေးလေ့ရှိပါသည်။

ကျွန်ုပ်သည် ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် ဇာတ်လမ်းမျိုးစုံကို ရေးသားရာမှာ ကိုယ်တွေ့မိသားစု အဖြစ်အပျက်များလည်းရှိသလို . . .

မိတ်ဆွေသားချင်း၊ ဆွေမျိုးမိတ်သင်္ဂဟများ ပြောပြသည့် ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်များအကြောင်းကိုလည်း မူရင်းဇာတ်ကျောရိုးကိုယူကာ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



ဒါ ဓာတအဘိဓာတ်ပညာနှင့် ပြုပြင်ဖြည့်စွက် မွန်းမံရေးသားရသည်လည်း ရှိပါသည်။

အထူးသဖြင့် ...

ကျွန်ုပ်သည် ဂမ္ဘီရလုံးချင်းတစ်အုပ်ရေးပြီဆိုလျှင် နေ့စဉ် စိတ်ကို နှစ်ပြီး ရေးလေ့ရှိရကား ...

ကျွန်ုပ် နံနက်ပိုင်း စာရေးနေချိန် ဧည့်သည်ရောက်လာလျှင် ကျွန်ုပ်၏ စိတ်ကူးစျာန်များ ပျက်ရလေ့ရှိသောကြောင့် ကြိုပြောထားရ၏။

နံနက် (၁၁)နာရီအထိ အိမ်ကိုမလာကြပါနှင့်။ (၁၂)နာရီနောက်ပိုင်းမှ လာရောက်တွေ့ဆုံပြီး ပြောချင်သည့်စကား၊ ဝေဖန်ချင်သည့်စကားတို့ ကို ကြိုက်နှစ်သက်သလို ပြောကြပါဟု မေတ္တာရပ်ခံရ၏။

နောက်တစ်ချက် ...

ကျွန်ုပ်သည် လုံးချင်းတစ်အုပ်ပြီးသည်နှင့် တရားလည်းထိုင်၏ သမထလည်း ကိုယ်စွမ်းရှိသမျှ လုပ်၏။ အဓိဋ္ဌာန်လည်း ဝင်လေ့ရှိ၏။

ထိုသို့ သမထအလုပ်၌ စိတ်ဝင်စားနေချိန် အလစ်အငိုက် လွင့်မျော သွားချိန်မှာ ကျွန်ုပ်၏ အာရုံရှိရာသို့ အမျိုးမျိုးသော ပရိညာဉ်သားတို့သည် အသံဖြင့်လည်းကောင်း၊ ရုပ်သဏ္ဌာန်အားဖြင့်လည်းကောင်း ရောက်ရှိပြော ဆိုသည်ကို ကျွန်ုပ် အံ့ဖွယ်မြင်ရကြားရ၏။

အချို့သော ပုဂ္ဂိုလ်တို့က ကျွန်ုပ်အား သမထစိတ်ကူးယဉ်လွင့်မျော နေသူဟု ဝေဖန်ကြ၏။

အချို့ကလည်း သမထလည်းမဟုတ်၊ ဝိပဿနာ ဝင်သက်ထွက် သက်ကိုလည်းကောင်း ...

အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးကိုရှုရင်း စိတ်ကူးယဉ် လောကထဲ မျက်စိလည်သွားကာ ဝိပဿနာဇာတ်ပျက်သွားသူဟုလည်း သုံးသပ်ဝေဖန်ကြ၏။

သူတို့ ဝေဖန်သုံးသပ်ကို ကျွန်ုပ် အပြစ်မပြော။

ကျွန်ုပ်ကိုယ်နှိုက်ကလည်း သမထယောင်ယောင်၊ ဝိပဿနာယောင် ယောင်နှင့် အာရုံရရာနောက်ကို လိုက်နေမိ၏။

စိတ်ကူးသစ်စာပေ



ဆိုကြစေ ...

တစ်နေ့ ... ကျိုက္ကမော့တောင် ရာဟုထောင့်၌ ကျွန်ုပ် ပုတီးစိပ်ပြီး မေတ္တာဘာဝနာပွားများနေခိုက် ကျွန်ုပ်၏ အာရုံရှိရာအရပ်သို့ လူစကားပြောပြီး လူဟန်ရှိသောပုဂ္ဂိုလ်တစ်ဦး ရောက်ရှိလာခဲ့၏။

ကျွန်ုပ်သည် ဖြန့်ကျက်ထားသည့် မေတ္တာဓာတ်တို့ကို စုစည်းပြီး ကျွန်ုပ်ရှေ့မှောက် ရောက်ရှိနေသော ပုဂ္ဂိုလ်ရှိရာသို့ ပို့လွှတ်လိုက်၏။

ထိုပုဂ္ဂိုလ်သည် ကျွန်ုပ်ရှေ့မှာ လာရောက်ပြီး ရှိရှိသေသေရပ်နေ၏။

ရုပ်ရည်ရူပကာ တင့်တယ်ပြီး ဟန်နေပန်ထားကလည်း ကျွန်ုပ်ကို စကားစမြည်ပြောလိုဟန်ရှိသဖြင့် စိတ်နှင့်မေးလိုက်သည်။

''သင် ... ကျွန်ုပ်ရှေ့မှာရပ်နေတာ မည်သူတုံး''

''ကျွန်ုပ် ... မိုးခေါင်ကျော်စွာပါ နောင်တော်''

အလို ... သူက ကျွန်ုပ်အား 'နောင်တော်'ဟု လေးစားစွာခေါ်ပြီး ဦးညွှတ်အရိုအသေပြုနေတယ်။

''မိုးခေါင်ကျော်စွာ''

''ဟုတ်ပါတယ် ... နောင်တော်။ ကျွန်ုပ် မိုးခေါင်ကျော်စွာပါ''

''ဩော် ... မိုးခေါင်ကျော်စွာ ... သင့်အမည်ကို ကျွန်ုပ် ကြားဖူးခဲ့တာ စိုးစိုးစဉ်းစဉ်း ဖတ်ဖူးခဲ့တာကြာပြီ။ ခုရော ဘယ်လိုကိစ္စအကြောင်း ရှိနေလို့ ကျွန်ုပ်ရဲ့ အာရုံပရဝုဏ်အတွင်း သင်ရောက်နေရတာလဲ မိုးခေါင်ကျော်စွာ''

''နောင်တော့်ကို ကျွန်ုပ် ဟိုးဘဝတစ်ခုခုတုန်းက ဆွေတော်မျိုးတော် တော်စပ်ဖူးတယ်လို့ ယုံကြည်ပြီး ကျွန်ုပ်တို့ ကျွတ်တန်းမဝင်မီ သိချင်မေးချင်တာလေး မေးချင်လို့ပါ နောင်တော်''

''ဗျာ ... မိုးခေါင်ကျော်စွာနဲ့ ကျုပ်နဲ့က ဘဝဟောင်းတုန်းက ဆွေမျိုးတဲ့လား''

''ယုံမှတ်ကိုးစားပြီး ရောက်လာရတာပါ နောင်တော်''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မိုးခေါင်ကျော်စွာ . . . ငါတို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဟောကြားတော်မူခဲ့ဖူးပေပ ကျော်စွာ။ ဟောဒီလောက၌ သက်ရှိထင်ရှားရှိနေသော လူပုဂ္ဂိုလ်သတ္တဝါတို့သည် လွန်ခဲ့သောဘဝဘဝများစွာက သားအမိသားအဖလည်း ဖြစ်ခဲ့ဖူးသလို ညီအစ်ကို၊ မောင်နှမ ဆွေမျိုးသားချင်း၊ မိတ်ဘက်၊ ရန်ဘက်လည်း ဖြစ်ခဲ့ကြဖူး၏တဲ့။

အကြောင်းကြောင့် အကျိုးဖြစ်ပြီး တစ်နည်း ကုသိုလ်နဲ့ အကုသိုလ် အကျိုးပေးတို့ကြောင့် ဘဝတွေခြားပြီး အချို့က ငရဲပြည်ကိုရောက်၊ အချို့က တိရစ္ဆာန်ဘဝမှာသွားဖြစ်၊ အချို့က အစွဲကြမ်းလွန်းလို့ ပြိတ္တာဘဝကို ရောက်ကြလို့ အချို့ကျတော့လည်း လူ့ဘဝတုန်းက ကုသိုလ်ကံကောင်းပြီး ကြီးပွားကျန်းမာချမ်းသာလို့ လူ့ကံ့ထံတွေတော့ ဖြစ်ခဲ့ကြရပါရဲ့။

သို့သော် မနာလိုဝန်တိုမစ္ဆရိယစိတ်တွေကြောင့် အကုသိုလ်ဖြစ်ပြီးသောတော့ အသူရကာယ် ဘုံသားဘဝကိုရောက်၊ လူ့ဘဝတုန်းက ပြုခဲ့တဲ့ အကုသိုလ်ကံပြစ်မှုကို အသူရကာယ်ဘုံသားဘဝမှာ နေ့ဘက်ကျ ယခင် စည်းစိမ်အတိုင်းခံစား၊ ညဘက်ရောက်ရင် အကုသိုလ်အပြစ်ကို အသူရကာယ်အကြီးအမှူးစီရင်သူတို့ရှေ့မှောက်မှာ အော်ဟစ်ညည်းညူ ခံစားရတယ်။

အချို့ကျတော့ ညမှာ လူမင်းချမ်းသာစည်းစိမ်ခံစားကြပြီး နေ့ဘက်မှာ အပြစ်ရဲ့အကြွေးကို ပေးဆပ်ရတယ်။ ငါးပါးသီလလုံ့သူ၊ ကာယကံ၊ ဝစီကံ၊ မနောကံ ကုသိုလ်ကောင်းမှုရှိသူ၊ အမိအဘကို ရှိသေစွာ လုပ်ကျွေးပြုစုစောင့်ရှောက်သူ၊ ရတနာသုံးပါးကို ကြည်ညိုကိုးကွယ်သူ၊ သရဏဂုံသုံးပါးတည်သူများကျတော့ ဒါန၊ သီလ အမှုပေါ်မှာမူတည်ပြီး နတ်ပြည်၊ ဗြဟ္မာပြည်ရောက်သူလည်းရှိကြသလို လူ့ပြည်မှာ ပြန်ဝင်စားပြီး သာသနာပြုသူလည်း ရှိတာပေါ့ မိုးခေါင်ကျော်စွာ။

ကျုပ်တို့ လူသားအားလုံးဟာ အဖေနဲ့အမေကနေ ဆင်းသက်လာပြီး လူသားပေါင်းများစွာ ဖြစ်ခဲ့ကြ၊ အဲဒီ လူသားယောကျ်ားမိန်းမ၊ အဖေနဲ့ အမေတွေ ပြန်ပေါင်းစပ် ညားကြလို့ ကာမလူ့ဘောင်နယ်ပယ်မှာ သူတွေဖြစ် လိုက်ကြ၊ ပြီး . . . သေလိုက်ကြ။ နောက် (၃၁)ဘုံသားဘဝကို





ဆက်သွားလိုက်နဲ့ ကမ္ဘာပေါင်းများစွာ၊ သံသရာပေါင်းများစွာ ကျင်လည်နေသိုက်ကြတော့တာပဲ။

ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘဝပေါင်းများစွာမှာ အဖေနဲ့အမေကို ဝဟိုပြုပြီး ဆွေမျိုးတော်စပ်ခဲ့ဖူးကြသတဲ့။ ကျွန်ုပ်နဲ့ သင်သည်း အမျိုးအဆွေ တော်စပ်ဖူးမှာပါပ။ ဒါနဲ့ မိုးခေါင်ကျော်စွာ ကျွန်ုပ်ကို ဘာများ မေးချင်ပြောချင်လို့တုံးဗျာ"

"နောင်တော် . . . ကျွန်တော် ရှင်ဘုရင်ကို အရမ်းမုန်းခဲ့ဖူးတယ်။ အဲဒီ ကျွန်တော့်ရဲ့အမုန်းဟာ မှန်ရဲ့လား"

'အမုန်း' . . . ရှင်ဘုရင်ကို မုန်းတဲ့အမုန်း . . . မုန်းစရာကောင်းတဲ့ ရှင်ဘုရင်ကို မုန်းသင့်တာပဲလေ။ ကျုပ်တို့ရဲ့ မြန်မာရာဇဝင်မှာ ပန်းပဲမောင်တင့်တယ်ကို ကြည့်၊ ဆင်စွယ်ကိုချိုးနိုင်တဲ့ အားမာန်ကြီးတယ်။ မောင်တင့်တယ်ဟာ ပန်းပဲဆရာကြီးရဲ့သားပဲ။ ခွန်အားကြီးတော့ အလုပ်များများလုပ်နိုင်ပြီး အလုပ်ရဲ့ဂုဏ်သတင်း ကျော်ဇောခဲ့တယ်။

သို့သော် မောင်တင့်တယ် ခွန်အားကြီးတာကို မလိုသူက တကောင်းမင်း(ဘုရင်)ကို သွားရောက်ကုံးချောလို့ နောက်ဆုံး တကောင်းဘုရင်က မောင်တင့်တယ်ရဲ့နှမ စောမယ်ယာကို မိဖုရားမြှောက်ဟန်ပြုပြီး မောင်တင့်တယ်ကို အိမ်ရှေ့အရာပေးမယ်လို့ ယုံအောင်ပြော၊ မောင်တင့်တယ်က ယုံမှတ်ပြီး တကောင်းဘုရင် နန်းတော်ထဲရောက်ရော ဖမ်းဆီးခံရပြီး စကားပင်မှာ မီးကျွမ်းထိုးသတ်ခဲ့ကြတော့ မောင်တင့်တယ်ရော၊ စောမယ်ယာရော မောင်တင့်တယ်ရဲ့မယား ရွှေနဘောရော၊ သူ့ရဲ့သားဖြစ်တဲ့ ရှင်ဖြူနဲ့ရှင်ညိုပါ နောက်ဆုံး သေခဲ့ရတယ်။

မောင်တင့်တယ် မင်းဘေးကိုကြောက်လို့ ထွက်ပြေးတိမ်းရှောင်တုန်း ရွှေစက်တော်ဘုရားဖူးရင်း ရွှေနဘောနဲ့ ချစ်ကြိုက်ပြီးသားနှစ်ယောက်ရတယ်။ စောစောကပြောတဲ့ ရှင်ဖြူနဲ့ရှင်ညိုပဲ။

မောင်တင့်တယ်ကို အစ်မလုပ်သူက 'အစ်မ . . . ရှင်ဘုရင်ရဲ့ မိဖုရားဖြစ်နေပြီ။ မောင်လေးကို အိမ်ရှေ့အရာပေးမလို့ လိုက်ခဲ့' ဆိုတော့ အစ်မကိုယုံပြီး လိုက်သွားရင်း သေရတဲ့အဖြစ်ဆိုး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ အချိန်တန်လို့ ချစ်လင်ပြန်ချိန်မျှော်နေတဲ့ မရွှေနဘော ချစ်လင်ကို တကောင်းမင်းသတ်တယ်လို့ ကြားလိုက်ရော . . .

အဲဒီမှာပဲ ရွှေနဘော ရင်ကွဲနာကျပြီး နတ်ဖြစ်သွားသတဲ့။

(အစိမ်းသေ နတ်) ပေါ့။ အောက်နတ်လို့လည်း ခေါ်တာပေါ့။

မောင်တင့်တယ်ရဲ့ သားနှစ်ယောက်ဖြစ်တဲ့ ရှင်ဖြူနဲ့ရှင်ညိုလည်း ဖအေလိုပဲ ခွန်အားဗလသန်စွမ်းပြီး အလွန်ကို သတ္တိကောင်းကြတယ်။ အဲဒါ သရေခေတ္တရာမင်းထံ ခစားကြတာပေါ့။ ဒီမှာပဲ ဟူးရားဖြူတို့က တွက်ချက်ပြီး လျှောက်ကြတယ်။

"မင်းကြီး . . . ခွန်အားရှိတဲ့ လူနှစ်ဦး နန်းလုပါလိမ့်မည်ဘုရား"

အဲဒီလို ဟောပြောကြရော . . .

"ဟုတ်ရဲ့လား ဟူးရားတို့ . . ."

"ဧကန်မလွဲပါ ဘုရား . . ."

"ငါ့ထံမှာ မောင်တင့်တယ်ရဲ့သားနှစ်ယောက်လည်း ဝင်ရောက်ခစားနေကြ မဟုတ်လား"

"အမှန်ပါ။ သူတို့အဖေ မောင်တင့်တယ်ကိုလည်း ခွန်အားကြီးမားလို့ တကောင်းမင်းက ကြောက်လန့်ပြီး စကားပင်မှာ မီးကျင်ထိုးသတ်ခဲ့ရကြောင်းပါ ဘုရား။ ရှင်ဖြူနဲ့ရှင်ညို ညီအစ်ကိုတို့ကိုလည်း ယှဉ်တုမရတဲ့ ခွန်အားဗလရှိနေသောကြောင့် တစ်နေ့ အရှင်မင်းကြီးရဲ့ နန်းရိပ်ကို ခွန်အားကာယသိဒ္ဓိအားကိုးပြီး နောက်လိုက်လူသူစုလို့ တစ်နေ့ ရန်ပြုနိုင်သည်မို့ အမြန်ရှင်းပစ်သင့်ကြောင်းပါ ဘုရား"

ရှင်ဘုရင်ဆိုတဲ့ လူစားမျိုးက ရာဇပလ္လင်ရဲ့အရသာနဲ့ အာဏာရဲ့ အရသာကို ချိုမြိန်နေပြီး အာသာငမ်းငမ်း ဖြစ်နေတာရယ်၊

ကိုယ်ရထားတဲ့ ရာဇပလ္လင်ကို ဘယ်သူ့မှ နေရာပြောင်းမပေးချင်ဘူး။ ရှင်ဘုရင်အာဏာရှိနေရင် သူ့မယား၊ သူ့သား၊ သူ့ဆွေမျိုးလည်း အလိုလို အာဏာရှိရော မဟုတ်လား။ ကောင်းစားရောမဟုတ်လား။





ဒါနဲ့ ရှင်ဖြူနဲ့ရှင်ညို ညီအစ်ကို ဘယ်လိုသေစေရင် ကောင်းမည်ဘဲ စဉ်းစားပြီး ဥပါယ်တံမျဉ်နဲ့ ညီအစ်ကိုချင်း လက်ဝှေ့ထိုးခိုင်းတယ်။

နိုင်တဲ့လူကို အကြီးဆုံးရာထူး ပေးမည်လို့ပေါ့။

အဲဒီ ညီအစ်ကိုနှစ်ယောက် သူ့အစွမ်းကိုယ့်အစွမ်းပြချင်လို့ ဖွဲ့ကြီးကြီးထိုးတော့ ညီလုပ်သူ အလျင်သေပြီး 'တောင်မကြီးနတ်' ဖြစ်သွားခဲ့တယ်။

အစ်ကိုလုပ်သူလည်း ထိုးကြိတ်ဒဏ်ရာကြောင့်သေပြီး . . .

မောင်မင်းရှင် (ခေါ်) ရှင်ဖြူနတ် ဖြစ်သွားတယ်။

"မိုးခေါင်ကျော်စွာ စဉ်းစားကြည့်စမ်း။ မောင်တင့်တယ်တို့ မိသားစုဆွေတစ်စု ရှင်ဘုရင်တွေကြောင့် သေရတာ။ သူတို့ ရှင်ဘုရင်ကို မုန်းမှာပဲ"

"မုန်းသင့်ပါတယ် နောင်တော်"

"ပြီး . . . သုံးပန်လှနတ်လည်း ဒီအတိုင်းပဲ။ ရှင်ဘုရင်ကိုစိတ်နာပြီး သေရတာ။ သူ့သမီး ရှင်နဲ့မိနတ်(မမနဲ့)လည်း (၂)နှစ်သမီးအရွယ်နဲ့ ယံမယ်ကိုလွမ်းပြီး တပယ်ကောက်ရွာမှာ ရင်ကွဲနာကျသေပြီး နတ်ဖြစ်ရသတဲ့။ ဗျတ်ဝိလည်း မြို့ဝန်အာဏာရှင်ကြောင့် သေခဲ့ရတာပဲ။ ရွှေဖျင်းကြီး ရွှေဖျင်းလေးတို့လည်း ရှင်ဘုရင်ရဲ့ နောက်လိုက်တွေလက်ချက်နဲ့ သေရတာပဲ။

သည်တော့ သူတို့ ရှင်ဘုရင်ကို မုန်းကြ၊ နာကြည်းကြမှာပဲ။ သူတို့အားလုံး ရှင်ဘုရင်ကို ပုန်ကန်တဲ့ သူပုန်တွေမဟုတ်ဘူးလေ။

ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေသူတွေပဲ။ ဒါကြောင့် သူတို့ရဲ့ဘဝအဓိဋ္ဌာန်အရ မုန်းခွင့်ရှိတယ်။

သို့သော် အမုန်းတာရှည်ရင် နောင်သံသရာမကောင်းဘူး။ မုန်းစကို တိုပစ်လိုက်ပါ။

ရှင်ဘုရင်မကောင်းရင် ရှင်ဘုရင်ကို ငရဲက ဒဏ်ခတ်ပါလိမ့်မယ်။

တိုင်းသူပြည်သား မကောင်းရင်လည်း တရားဥပဒေထက် ငရဲက သံသရာဆုံးအောင် အရေးယူပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



''ဒါနဲ့ မိုးခေါင်ကျော်စွာ ...မင်းကရော ရှင်ဘုရင် မှန်းလို့လား''

''မှန်းတယ် ... နောင်တော်''

''ဘယ်လောက်မှန်းသတုံး''

''ကမ္ဘာမကျေချင်အောင် မှန်းတယ်''

''မင်း ... တကယ်ရော မှန်းလို့ရလား''

''မှန်းတာကို အနိုင်ယူခြင်းနဲ့ ကျွန်တော် ကျေနပ်လိုက်ရပါတယ် နောင်တော်''

''မင်း ... ဘယ်လိုအနိုင်ယူခဲ့သတုံး ကျော်စွာ''

''ကျွန်တော် ပေါက္ကံပြည်ကို မိုးခေါင်သွားအောင် လုပ်ခဲ့လိုက်တယ်''

''မင်း ... ရှင်ဘုရင်ကိုမှန်းရတဲ့အကြောင်း ငါစိတ်ဝင်စားတယ်။ ငါကလည်း ရှင်ဘုရင်မှန်းတယ်။ ငါကြုံခဲ့ရတဲ့ မင်းတွေလည်း ကတိမတည်ဘူး။ အာဏာဟာ ပါးစပ်နဲ့ သေနတ်ပြောင်းဝမှာ တည်တယ်ဆိုပြီး အာဏာရှင်စနစ်ကို အသုံးကြမ်း၊ ထင်တိုင်းကြဲနေကြလို့ ငါလည်း မင်းတွေကို မှန်းတယ်။ ရွံတယ်။ မင်းနဲ့ငါ ခံစားချက်ချင်း တူနေတယ်။ မင်းရဲ့ မင်းမုန်းဇာတ်ကြောင်းကို ငါ့ကို အစအဆုံးပြောပြပါ မိုးခေါင်ကျော်စွာ''

(အောက်ဖော်ပြပါဇာတ်လမ်းသည် ကျွန်ုပ် သမထထိုင်ရင်း နှစ်မျောလွင့်ပါသွားစဉ် မိုးခေါင်ကျော်စွာပြောပြသည့် ဇာတ်လမ်းဖြစ်ပါသည်။)

✿ ✿ ✿

[ ၂ ]

❑

အဲဒီအချိန်တုန်းက ပုဂံပြည်၊ ပုဂံခေတ်မှာ ကုလားကျမင်း (ခေါ်) နရသူမင်း အုပ်စိုးနေတဲ့အချိန်ပေါ့ဗျာ။

သက္ကရာဇ်နဲ့ပြောရရင် ...

မြန်မာသက္ကရာဇ် (၅၂၉)နှစ်ကနေ (၅၃၃)ခုနှစ်အထိ သူနန်းစံတုန်းက အဖြစ်အပျက်ပေါ့။

နရသူ နန်းစံတုန်းမှာ ကျွန်တော်တို့ ဆရာတော် အရှင် ရှင်မထီး (ရှင်အဘွဂေါဓာ) ထွက်ရပ်ပေါက်သွားတဲ့ အချိန်ကာလပေါ့။

ကျွန်တော်တို့ဆရာတော် ရှင်မထီးက အဂ္ဂိရိတ်ထိုးတဲ့နေရာမှာ အသည်ကြီး ဘုန်းကြီးပေါ့ဗျာ။ ဝါသနာကြီးပုံက ပြိုင်ဘက်မရှိဘဲခင်ဗျ။

သူ့ရဲ့ဖိုရုံဟာ နေ့နေ့ညည မီးတရဲရဲ၊ ပြာတလွင့်လွင့်။

ဆရာတော်ရှင်မထီးရဲ့ အနီးဝန်းကျင်မှာ လုံအမျိုးမျိုးဟာ အကောင်းအသစ်လည်း ရှိကြရဲ့၊ ကျိုးပဲ့ကွဲနေတာလည်း ရှိရဲ့။

ဒါနင့်အတူ ဓာတ်လုံးထိုးရာမှာ လိုအပ်တဲ့ ဆရာတော်အပေါ် ဓာတ်(၉)ပါးဆိုတဲ့ ....

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြဒါး ဒန်(ကြေး)၊ ဘော် (ငွေ)၊ ဘင်၊ ဂျွတ်၊ နာ(ခဲ)၊ သံ၊ ရွှေ(ကိတ်) ဆေးဒန်း စသည့်ပစ္စည်းဘူးတွေ၊ အိုးတွေ၊ ခွက်တွေကလည်း အများကြီး ပဲ။

ကျွန်တော်တို့လင်မယားက ဆရာတော်ရှင်မထီးရဲ့ တပည့်ရင်းတွေ ပါ။ ကျွန်တော်နာမည်က ကျော်စွာ။

ကျွန်တော့်ဇနီးနာမည်က မသော်တာလို့ ခေါ်ပါတယ်။

ကျွန်တော်တို့က အလှူအတန်းမှာ နှမြောတွန့်တိုခြင်း မရှိပါဘူး။ ယာခင်းတွေက ကောက်ပဲသီးနှံများလည်း အထွက်ကောင်းတော့ ဝင်ငွေ ကောင်းပြီး သူကြွယ်လို့တောင် ကျွန်တော်တို့လင်မယားကို ပေါက်ကွဲမှာ ခေါ် ကြတယ်ခင်ဗျ။

ဆရာတော်ရှင်မထီး သတင်းသုံးဖို့ကျောင်းလည်း ကျွန်တော်တို့ ဆောက်လုပ်လှူဒါန်းထားတယ်။ ဆွမ်းကွမ်းလည်း မပြတ်စေရပါဘူးဗျာ။

ကျွန်တော်တို့ဆရာတော် ရှင်မထီးဟာ စာပေကျမ်းဂန် သင့်တင့် စွာတတ်ပါသော်လည်း ဝိပဿနာအလုပ်ကို ပေါက်ပေါက်မြောက်မြောက် မကျင့်နိုင်သေးဘူး။

သူဝါသနာပါတာက အဂ္ဂိရတ်ဝါသနာပဲခင်ဗျ။

အဂ္ဂိရိတ်ပညာနဲ့စပ်လျဉ်းသမျှ ပေစာကျမ်းစာမှန်သမျှ ဆရာတော် စာကြည့်ခန်းမှာရော၊ ဆရာတော် အိပ်ခုတင်ပေါ်မှာပါ ပြန့်ကျဲနေတာပဲ ပုံနေတာပဲ။

အဂ္ဂိရတ်ပညာကို ဖတ်လည်းဖတ်၊ လက်တွေ့လည်း လုပ်ခဲ့တယ်။ အချိန်အားလေးရှိရင် အဂ္ဂိရတ်အကြောင်း နည်းနည်းများများသိကြတဲ့ လူပုဂ္ဂိုလ် တော်၊ ဘုန်းကြီးအိုကြီးတွေ၊ ဖိုးသူတော်တွေနဲ့ ပြောကြတာ အာဘောင် အာရင်းသန်ပဲ့ဗျာ။

တိုတိုပြောကြပါစို့ဗျာ။

ဆရာတော်ရဲ့ ဓာတ်လုံးက ပြဒါးလုံးတဲ့။

---

စိတ်ကူးသစ်စာပေ



ကျွန်တော် အဂ္ဂိရတ်ပညာအကြောင်း စေ့စေ့စုံစုံ နားမလည်ပါဘူး ဗျာ။ ဆရာတော်ကလိုရင်း ရှာပေးလိုက်ရင်း နည်းနည်းပါးပါး သိရတာပေါ့ ဗျာ။

သို့သော် ဆရာတော်ရှင်မထီးရဲ့ဖိုရုံမှာ ပိုင်းရှာပစ္စည်းပေးရတဲ့အလုပ် ကို လုပ်ပေးရတာ ရှိပါတယ်။

မီးသွေးရှာပေး၊ ဖွဲပြာရှာပေးရင်း နနွင်း၊ ကွမ်းရွက်၊ ပဒိုင်းသီး၊ လုံး နှံ၊ တောကွမ်း၊ ဆင်ပိတ်ချုင်း၊ ရှားစောင်း၊ သစ်ငုတ်၊ ရှားစောင်းကြီး၊ သိ ကြားလောင်မီး၊ ဂမုန်းဥပါယ်၊ ငရုတ်မိုးမျှော်၊ ဝါးမင်း၊ သူငယ်စာငှက်ပျော၊ မျောက်ငို၊ ဆင်နီ စသည့် အဂ္ဂိရတ်သုံးပစ္စည်းများ သွားရှာသွားဝယ်ဆို ဝယ်ပေးရင်းနဲ့ အဂ္ဂိရတ်အခြေခံသဘောတော့ သိခဲ့ရတယ် . . . နောင်တော် ရဲ့။

အဂ္ဂိရတ်ပညာမှာ အဓိကက ဓာတ်ကိုးပါးတဲ့။ အဲဒီဓာတ်ကိုးပါးက တော့ နာ၊ ဘင်၊ ဘော်၊ ဂျွတ်၊ ဒန်၊ သွပ်၊ သံ၊ ပြဒါး၊ ကိတ် တို့ခင်ဗျာ။

အဓိပ္ပာယ်အကျဉ်းတော့ မှတ်ထား . . . နောင်တော်။

(နာ) ကို (ခဲ) သို့မဟုတ် ခဲမနက်လို့ ခေါ်တယ်ခင်ဗျ။ အဂ္ဂိရတ် ကျမ်းမှာ ခဲကို ခဲရဲ့ အဖွဲ့တွဲသဘောကို လိုက်ပြီး ဂဠုန်၊ ကြွက်၊ ဟိုင်းမ နာဂ၊ တဏှာ စသည်တို့ လျှို့ဝှက်သင်္ကေတ ရှိတယ်ခင်ဗျ။

ဟိုင်းမလို့ ဘာ့ကြောင့်ခေါ်သလဲဆိုတော့ တစ်ပါးသောဓာတ်မကဲ့ သို့ ပဋိသန္ဓေ မယူနိုင်သောကြောင့် ဟိုင်းမလို့ခေါ်တယ်။ နာရဲ့သဘောက အခြားဓာတ်တို့ကို တန်ခိုးကြီးစေအောင် ပြုလုပ်တတ်တဲ့သဘောရှိတယ်။

(ဘင်) ကို ခဲမဖြူ၊ သလွဲဖြူလို့ခေါ်တယ်။

အဲဒီဘင်ကိုလည်း စွယ်စုံဆင်၊ တောကြောင်၊ ကြောင်ဖြူ၊ ကြွက် နီ၊ တံပြုတ် စသည် အဖွဲ့တွဲကိုကြည့်ပြီး အမည်ပေးကြတယ်ခင်ဗျ။ စွယ်စုံ ဆင်ကဲ့သို့ အခြားသောဓာတ်တို့ကို ပျက်စီးအောင်ပြုတတ်သည့်အတွက် စွယ်စုံဆင်လို့ခေါ်တာခင်ဗျ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



(ဂျုတ်) ကိုကျတော့ အင်္ဂရတ်ပညာလိုင်းမှာ ကျားကြီး၊ နဂါး ခြသေ့မင်းလို့ လျှို့ဝှက်အမည် ပေးကြသေးတယ်။ သူအုပ်စိုးတဲ့ဓာတ် အာပေါဓာတ်။

(သွပ်) ကိုတော့ သောကြာဂြိုလ်လို့ ခေါ်တယ်။ ပူးလို့လည်း ခေါ် တယ်။ ရုပ်ဆောင်လှည့်လည်တတ်တဲ့အတွက် မာန်နတ်မင်းရဲ့သမီး ရာဂ ရာဂတို့နဲ့ တူတယ်တဲ့။ အညစ်အကြေးရှိလို့ အပုပ်ဓာတ်။

(ကြေးနီ) ကို ဒန်လို့ခေါ်တယ်။ အဲဒီဒန်ကိုလည်း အင်္ဂရတ်ပညာ မှာ ကျားမ၊ ဂဠုန်၊ ပြည့်တန်ဆာမ၊ ရေနတ်နဂါး စသည် အမည်ပေးထား ကြတယ်ဗျာ။ ဒန်ရဲ့သဘောက ဆေးဒန်းကို ချုပ်တတ်၊ ဖမ်းတတ်လို့ ဂဠုန် လို့ ခေါ်တာ။ သူက အာပေါဓာတ်ဖြစ်တယ်။

(ငွေ) ဆိုတာ စင်ကြယ်သည့်သဘောရှိလို့ ဘော်လို့ခေါ်တယ်။ အဲဒီဘော်ကိုလည်း ဟိုင်းဆင်၊ အိမ်မြှောင်၊ ဖားလို့ ခေါ်သေးတယ်ခင်ဗျ။

(ရွှေ) ကို ကိတ်လို့ခေါ်တယ်။ ရွှေဟာ အညစ်အကြေးစင်ကြယ် သောကြောင့် လောကီစျာန်ရ ရသေ့နှင့်တူတယ်တဲ့။

(သံ) ကိုကျတော့ ခြသေ့လို့ ခေါ်တယ်တဲ့။ သံမှာပဲ လောဟာသံ ကန်းသံ၊ ရေသံ၊ မိုးဦးသံ၊ ချောင်းသံ၊ နွားလျှာသံ၊ မှန်သံ၊ ပျားသံ၊ ပုရွက် သံ၊ ပထဝီ မုက္ခသံ၊ ခြသံ စသည် သံမျိုးပေါင်း (၁၆၇) ပါးရှိတယ်။

ပြဒါးကို အင်္ဂရတ်ဆရာကြီးတွေက 'သုတ'လို့ ခေါ်တယ်။ ပါရဒ လို့လည်း ခေါ်တယ်။ နောက်ပြီး လောကဝတီနဂါးမ၊ ကြွက်၊ ကြောင်၊ ခြသေ့ ဆိုဆိုပြီး အသီးသီးခေါ်ကြတာလည်း ရှိတယ်။

မီးဖြင့်မဖုတ်ရသေးသည့်ပြဒါးကို 'သုတ' လို့ခေါ်ပြီး မီးနဲ့ဖုတ်ပြီး သား ပြဒါးကိုတော့ 'ရသ' လို့လည်းခေါ်တယ်။

ဒါနှင့်အတူ သိဒ္ဓိပြီးမြောက်သည့်ပြဒါးကိုလည်း 'ရသ' လို့လည်း ခေါ်တယ်။ ဆရာတော်ရှင်မထီး ရသွားတာက ရသပြဒါးလုံးပဲ။ နဂါးလို့ ဘာ လို့ ခေါ်တုံးဆိုတော့ မြင်မြင်ရာရာ အစာမရွေးစားလို့ နဂါးလို့ခေါ်တာဗျ။





အဲဒီဓာတ်ကိုးပါးကို ရုပ်လို့လည်းခေါ်တယ်၊ ဓာတ်လို့လည်းခေါ် တယ်၊ ကံလို့လည်း ခေါ်တယ်။

ဓာတ်ကိုးပါးကိုမှ အာကာသဓာတ်အုပ်စိုးတဲ့ ကန့်၊ ကျောက်ချဉ်၊ မန်စိမ်း ဆား၊ လက်ချား၊ ဖဝက်သား၊ ပရုပ်၊ ထုံး၊ ဆပ်ပြာ၊ စိန်၊ ဆေး ... သည်တို့နှင့် ပညာလိုင်းအရ စပ်ဟပ်ပေးကျွေး စီရင်တာလို့ အကြမ်း ... တယ်။

တစ်ခါ ပြဒါးမှာလည်း ရှစ်မျိုးရှိသေးတယ်။

နောင်တော် ... ပျင်းနေလားဟင်။ ဗဟုသုတအနေနဲ့ ပြောတာ ကျွန်တော်တို့မြန်မာရဲ့ ဓါတုဆေးဓာတ်ပညာအကြောင်း နည်းနည်းပြော ... တာပါ။

ပြဒါးမှာပဲ ...

ပထဝီဓာတ်တည်တဲ့။ ပြဒါးက လေးပါး၊

အာကာသဓာတ်၌တည်တဲ့ပြဒါးက လေးပါးရယ်လို့ရှိတယ်။

ဆရာတော် ပြောပြချက်အရ ပြဒါးဆက်နည်း ရှိသေးတယ်။ ... အသေးစိတ်ပြောရရင် အင်္ဂရတ်ကျမ်းဖြစ်သွားလိမ့်မယ် ... နောင်တော်။

ဆရာတော်က ပြဒါးဝိဇ္ဇာဓိုရ် ထွက်ရပ်ကျမ်းကိုပါ စီရင်တာ။

"မောင်ကျော်စွာ ..."

"ဘုရား ..."

"ငါ ... ဓာတ်လုံးကို ငွေကျွေးရမယ်"

"မှန်ပါ ... အမိန့်ရှိပါဘုရား"

"ငွေ (.....)ကျပ်သားနဲ့ ဆေးဒန်းများများရှာခဲ့"

"မှန်ပါ ... အမြန်ရရပါစေ့မယ် ဘုရား"

ဆရာတော်လိုသမျှ ကျွန်တော်တို့လင်မယား မညည်းမညူ ရှာပေး ... တယ်။ ကျွန်တော့်ဇနီး မသော်တာက ဆရာတော်ကို ပိုပြီး ရိုသေလေးစား ... တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်နှစ်သက်တတ်တဲ့ ဆွမ်းဟင်း စသည်တို့ကို စားချင်စဖွယ်ချက်ပြီး အသင့်ပြင်ထားပေးတာ။

ကျွန်တော် သိရသလောက်ဆိုရင် စောစောက ဓာတ်ကိုးပါးကိုစုစည်းပြီး မီး (၁၀၈)အုတ် ထိုးခဲ့သတဲ့။

ဒီလိုနဲ့ ကိုးပါးဓာတ်အဆင့်ရောက်ပြီး အဲဒီဓာတ်ကိုးပါးလုံးကို အမြုတေ (အသံဝိန္ဒု)ဖြစ်အောင် လုပ်ရတော့မယ်။

အဲဒီလို အမြုတေဖြစ်ဖို့က ရွှေနဲ့ငွေကို အခါမလင့်ကျွေးရဆိုကိုး။

လိုတဲ့ရွှေကို ကျွန်တော်တို့ သူကြွယ်များ၊ မှူးကြီးမတ်ကြီးများက လှူဒါန်းရတယ်ခင်ဗျ။

✿ ✿ ✿

[ ၃ ]

❑

ဒီနေရာမှာ အသေအချာပြောပြပါရစေ နောင်တော် ...။

ကျွန်တော့်ဆရာတော် ရှင်မထီးရဲ့ ထွက်ရပ်ပေါက်ဓာတ်လုံးကိုစီရင်တော့ကို နရသူမင်းရဲ့ခမည်းတော် ...

အလောင်းစည်သူမင်းကြီး လက်ထက်ကတည်းက ထိုမင်းကြီးကလည်း အားပေးတယ်။ ထွက်ရပ်ပေါက်ဓာတ်လုံးရရင် မင်းကြီးနှင့်တကွမှူးမတ်သူကြွယ် တပည့်များကို မအိုမနာ အသက်ရှည်ဆေး စီရင်ပေးလို့ရမယ်။

ရွှေဆိုရင်လည်း ရွှေဖြစ်ရမယ်။

ဒါကို မှူးကြီးမတ်ကြီးများက လိုလားယုံကြည်လို့ ငွေရော ရွှေရော လှူဒါန်းထောက်ပံ့ခဲ့တာ။ အသံဝိန္ဒု အမြုတေအဖြစ်ကို မဆိုက်နိုင်သေးပဲဖြစ်နေတယ်။

အသံဝိန္ဒုအမြုတေဆိုတဲ့ အဆင့်ကိုရောက်ရင် မည်သည့်နည်းနဲ့ မှ မပြိုပျက်တော့တဲ့ အဆင့်ကိုဆိုက်မှာ။

အဲဒီလို အသံဝိန္ဒုအဆင့်ကို ဆိုက်သွားခဲ့ရင် အောက်သိဒ္ဓိ (၃)ပါး နှစ်တင်ပြီး သိဒ္ဓိ၊ မဟာသိဒ္ဓိအပါး (၃၀) ပြီးရော။

အဲဒီလို သိဒ္ဓိပြီးရင် မြေလျှိုးမိုးပျံလို့လည်းရတယ်။ ရွှေဖြစ်စေ၊ ငွေဖြစ်စေ အကုန်ရတယ်။ သေသူကို ရှင်အောင်လုပ်လို့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာကြုံတုန်း သိဒ္ဓိဆယ်ပါးမျှကိုပဲ အရင်ပြောပြပါရစေ .. နောင်တော်။

တစ်စုံတစ်ခုသော မန္တာန်၊ အင်း၊ ဆေး၊ သံ၊ ပြဒါး၊ ပတ္တမြား ပုလဲ စသည့်အရာတို့ကလည်း သိဒ္ဓိမြောက်သွားရင် လိုရာကို ပြီးနိုင်သတဲ့။ ဘယ်လိုပြီးစီးသလဲဆိုတော့ ...

၁။ စိန္တာမယသိဒ္ဓိ – စိတ်ကြံစည်ရာကို ဖြစ်စေခြင်း။
၂။ ဥဒကသိဒ္ဓိ – ရေပြင်ပေါ် လျှောက်သွားအိပ်နိုင်ခြင်း။
၃။ ပထဝီသိဒ္ဓိ – မြေလျှိုးနိုင်၊ မြေကြောကို ရှုနိုင်ခြင်း။
၄။ ဓနသိဒ္ဓိ – ရွှေငွေရတနာ လိုရာရနိုင်ခြင်း။
၅။ အာယုသိဒ္ဓိ – အသက်ရှည်၍ အရွယ်နုပျိုစွာ နေနိုင်ခြင်း။
၆။ အာကာသသိဒ္ဓိ – ကောင်းကင်ခရီး ပျံသန်းနိုင်ခြင်း။
၇။ အာရောဂျသိဒ္ဓိ – အနာရောဂါကင်းခြင်း။
၈။ ကာယသိဒ္ဓိ – ဓားလှံ၊ အမြောက်၊ သေနတ်မထိနိုင်ခြင်း။
၉။ ပိယသိဒ္ဓိ – သတ္တဝါအားလုံးတို့၏ ချစ်ခင်ခြင်းကို ရနိုင်ခြင်း။
၁၀။ ဣဒ္ဓိဝိသိဒ္ဓိ – ဈာန်တန်ခိုးဖြင့် အမျိုးမျိုးဖန်တီးနိုင်ခြင်း

စတဲ့ သိဒ္ဓိဆယ်ပါးကို စောစောကပြောတဲ့ ပစ္စည်းတွေက ရနိုင်တယ်။

ဆရာတော်ရှင်မထီးက ပြဒါးခဲတ်လုံးနဲ့ သိဒ္ဓိဆယ်ပါးရပြီး ထွက်ရပ်ပေါက်အောင် ကြိုးစားနေတာ။

ထွက်ရပ်ပေါက်ရင် လူ့ဝန်းကျင်နဲ့ဝေးရာ သိဒ္ဓိရှင်များနေတဲ့ မမြင်ရသော ပညာရှင်နယ်ပယ်ကိုရောက်ရော။

ထွက်ရပ်ပေါက် မဖြစ်ဘူး။ လူ့လောကဝန်းကျင်ထဲမှာပဲ စွမ်းချင်တယ်ဆိုရင် ဒီပြဒါးရှင်ခဲတ်လုံးကိုဆောင်ထားရုံပဲ။

ပဋိက္ခရားဆိုတဲ့ ကုလားမင်းသားဟာ ပြဒါးရှင်ခဲတ်လုံးကြောင့် အာကာသသိဒ္ဓိရရှိပြီး ကောင်းကင်ပျံခရီးနဲ့ ကျွန်စစ်သားမင်းရဲ့သမီးတော်





ရွှေအိမ်စည်ရဲ့ စက်ရာခန်းကိုဝင်ပြီး ရွှေအိမ်စည်ရဲ့အချစ်ကို ရယူခဲ့တာသမိုင်း အရှိပဲလေ။ [မှတ်ချက် ။ ။ ရွှေအိမ်သည်ဟုလည်း ရေးကြပါသည်။]

သို့သော် ...

သိဒ္ဓိဝင်ပစ္စည်း၊ ပြဒါးရှင်ခဲတ်လုံးကို ရခဲ့ရင် ဒုစရိုက်အမှုကို လုပ်သို့မရဘူး။ ကုသိုလ်စိတ်နဲ့ယှဉ်ပြီး ပြုမူကျင့်ကြံနေထိုင်ရတယ်။

ပဋိက္ခရားကုလားကိုကြည့် နောင်တော် ...

တစ်ပြည်သားကုလားက သိဒ္ဓိဝင်ပြဒါးရှင်အစွမ်းနဲ့ မိုးပျံပြီး ဘုရင့်သမီးကို လာရောက်ကြံစည်တာ အချစ်စစ်အချစ်မှန်နဲ့ပါလို့ ဘယ်သူ အာမခံမှာလဲ။ ရွှေအိမ်စည်လို ယောကျ်ားနဲ့မနီးစပ်တဲ့ ဘုရင့်သမီးကတော့ ရုပ်ချော အပြောကောင်းကုလားကို အချစ်စိတ်မှန်ပြီး ချစ်မိရင်ချစ်မိမှာပေါ့။

ပဋိက္ခရား သစ္စာမှန်မမှန် ဘယ်သူမှမပြောနိုင်ဘူး။ နောက်ဆုံး အချစ်စိတ်မှန်တာလား ငါ့ထက်သာသူက လက်ဦးသွားပါလားဆိုတာကို ရဟန္တာတစ်ပါးက ပြောလိုက်ရော ပါးစပ်က အံ့ဩအာမေဋိတ် ပြုလိုက်ချိန်မှာပဲ။

ပါးစပ်ခံတွင်းထဲငုံထားတဲ့ ပြဒါးရှင်လုံး မြေပြင်အန်ကျ၊ ပဋိက္ခရား ကောင်းကင်ကပြုတ်ကျပြီး သေပါရောလား။

ဒီနေရာမှာ ကျွန်စစ်သားမင်းကြီးကို ကျွန်တော်တို့ ကမ္ဘာတည် သည့်တိုင် လေးစားရမှာပဲ နောင်တော်။

ကျွန်စစ်သားမင်းကြီး မင်းဖြစ်တော့ နန်းသစ်ဆောက်တယ်။ သူ့ရဲ့ မိဖုရားများက အပယ်ရတနာတစ်ပါး၊ ဥသ္သာမင်းသမီး ခင်ဦးတစ်ပါး။

ထီးလှိုင်သူကြီးသမီး ခင်တန်တစ်ပါး၊ နောက်ဆုံး ကျွန်စစ်သားမင်း ဖြစ်မှ ရောက်လာတဲ့ သမ္ဘူလမိဖုရားတစ်ပါး၊ စုစုပေါင်း မိဖုရားလေးပါး ရှိခဲ့တယ်။

ရွှေအိမ်စည်မင်းသမီးက အပယ်ရတနာမိဖုရားက ဖွားမြင်တာ။ အဲဒါ ပဋိက္ခရားမင်းသားနဲ့ ရည်ငံနေတာကို ကြားသိရော ...

မှူးကြီးမတ်ကြီးများနဲ့ တိုင်ပင်ပြီး တိုင်းတစ်ပါးသား လူမျိုးခြား ဘာသာမတူသူ ကုလားနဲ့ ငါ့သမီး မညားရဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် နောင်တော် စောလူးမင်းရဲ့သား စောယွန်းနဲ့ စုံဖက်ပေးတော်မူခဲ့တယ်။

ရွှေအိမ်စည်နဲ့ စောယွန်းကနေ အလောင်းစည်သူမင်းသားလေးကို မွေးဖွားခဲ့တာ။

ရွှေအိမ်စည်မင်းသမီးကလည်း ဖခင်ကျန်စစ်သားမင်းကြီးနဲ့ မယ်တော် အပယ်ရတနာတို့ရဲ့ ဆိုဆုံးမစကားကို နားလည်သွားပြီး စောယွန်းနဲ့ ထိမ်းမြားခဲ့တယ်။

လက်ခံမှာပေါ့ဗျာ . . .

မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာဝင်မင်းမျိုးဥစ္စာ။

အချစ်ကို ဦးစားပေးရမှာလား . . .

လူမျိုးနဲ့ဘာသာအရေးကို ဦးစားပေးရမှာလား။

မိကောင်းဖခင်က မွေးတော့ ဗုဒ္ဓဘာသာဝင်စစ်မှန်တော့ တန်ဖိုးနားလည်တာပေါ့။

မျက်မှောက်ခေတ် မြန်မာမိန်းကလေးအချို့က ရက်ရက်စက်စက်ပြောနေကြသေးရဲ့။ မျိုးစောင့်ဥပဒေကို လက်မခံဘူးတဲ့။ ကိုယ့်လူမျိုး မြန်မာကိုယူတော့ရော လူလိုသူလိုနေရအောင် စွမ်းဆောင်ပေးနိုင်လို့လားတဲ့။

ဒါကြောင့် ကျွေးနိုင်မွေးနိုင်ဆင်နိုင်တဲ့ လူမျိုးခြားကိုယူရတာလို့ တန်ဖိုးမရှိ၊ အရှက်မရှိ စကားကို ပြောရက်ကြပါရဲ့ဗျာ။ မျိုးပျောက်မှာ စိုးကြောက်ပါလှသည်ဆိုတဲ့သီချင်းကို ပြန်ကြားကြပါ။

မြန်မာအမျိုးသမီးအချို့ကို ကုလားမယား၊ တရုတ်မယား၊ ခေါ်တော မယား၊ ကလယ်မယား၊ ဂျပန်မယား အခေါ်မခံချင်ပါနဲ့။

လူ့အခွင့်အရေးဆိုတာကို ခေါင်းပေါ်ရက်ပြီး ထင်တိုင်းကြဲကြရင် မျိုးပျောက်ပါလိမ့်မယ်။

မျိုးပျောက်ပြီးရင် ကိုယ့်မူရင်းဘာသာ မျက်ကွယ်ပြုခံရပါလိမ့်မယ်။ ငါတို့က မြန်မာဗုဒ္ဓဘာသာဆိုတာ မျိုးရိုးကို တိုက်၊ ကား၊ ရွှေ၊ ငွေ၊ စိန်နဲ့ ရောင်းမစားဘူးဟေ့လို့ ကြွေးကြော်ပြီး ကိုယ့်ခြေထောက်ပေါ်ကိုယ် လောကခံ ရင်ဆိုင်ရင်း ရဲရဲမာမာ ရပ်ကြစမ်းပါလို့ အကြံပြုပါရစေ။ ကျွန်တော်တို့





မိသားစုလည်း ဆင်းရဲပင်ပန်းစွာ ရုန်းကန်ပြီး ကြိုးစားခဲ့တာပါ။ ကျွန်တော့်သမီးတွေ ဆင်းရဲခဲ့တုန်းကလည်း ကုလား၊ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ အမေရိကန်၊ အင်္ဂလိပ် စသည့် ချမ်းချမ်းသာသာလူမျိုးခြားများကို လင်မလုပ်ဘဲ ကိုယ့်မြန်မာအမျိုးသား (တိုင်းရင်းသားစစ်စစ်) ဗုဒ္ဓဘာသာ ကိုးကွယ်သူကို အိမ်ထောင်ဘက်ပြုပြီး လင်နှင့်မယားကိုယ်စီကိုယ်ငှ ကြိုးစားခဲ့ကြရာ ယခု သူ့အိုးသူ့အိမ်နှင့် အဆင့်အတန်းရှိရှိ နေကြရပါပြီ။

အကယ်၍များ ကျွန်တော့်သမီးနှစ်ယောက် တရုတ်၊ ကုလားလူမျိုးခြားကိုများ အိမ်ထောင်ဘက်ပြုခဲ့ပါလျှင် ကျွန်တော်ကိုယ်တိုင် သူမတို့ကို ဓားနှင့်နုတ်နုတ်စင်းပြီး ကြိုးစင်ပေါ် ရင်ကော့တက်သွားမည်ဟု ပိုင်းဖြတ်ထားပါတယ်။

ယခု ကျွန်တော့်မှာ မြေးမိန်းကလေးရော မြေးယောကျ်ားလေးရော သုံးယောက်ရနေပါပြီ။

ကျွန်တော့်မြေးများကို မျိုးရိုးနှင့် ကိုယ့်ဗုဒ္ဓဘာသာကို တန်ဖိုးထားစေဖို့ သွန်သင်ထားပါတယ်။

အမိကက မြန်မာတိုင်းသား ဗုဒ္ဓဘာသာဝင်ဖြစ်ခဲ့လျှင် ကြိုက်တဲ့ယောကျ်ား၊ မိန်းမ ဆင်းရဲဆင်းရဲ ချမ်းသာချမ်းသာ ချစ်မြတ်နိုးလျှင် ယူကြစေ။ ပြီး . . . ဘဝကို ကြိုးစားရုန်းကန်ပြီး ဒါန၊ သီလ၊ ငါးပါးပဉ္စသီနဲ့ နေကြပါဟု သားသမီးချင်းကိုယ်ချင်းစာပြီး ပြောရပါတယ်။

လူမျိုးခြားယူမှ ချမ်းချမ်းသာသာနေ၊ ဝဝလင်လင်စားရမယ်ဆိုတဲ့ အတွေးအခေါ်ရိုင်းတွေ ဖယ်ရှားပြီး မျိုးကောင်း၊ မျိုးစစ်၊ မျိုးမှန်တွေဖြစ်ကြပါစေ။

ဟိုအခေါ်ကြီးတို့၊ ဟိုဆရာကြီးသား၊ အရာရှိကြီး သားသမီးတွေတောင် လူမျိုးခြားကို ယူသေးတာပဲ။ ကျွန်မတို့လည်း ယူမှာပဲဆိုတဲ့အတွေးကို ပျောက်ဖျက်ပြီး အဲဒီ မျိုးဖျက်တွေနဲ့ တစ်တန်းတစ်စားထဲ မရှိကြဖို့ မေတ္တာရပ်ခံရပါတယ်။)

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

ဒီလို သိဒ္ဓိ(၁၀)ပါးအစွမ်းဆိုတာ ဆရာတော်ရှင်မထီး နေ့စဉ်နှင့် အမျှ ထိုးနေသည့် ပြဒါးခဲတုံးမှာရှိတာကို ကျွန်တော်တို့ရော အလောင်း စည်သူမင်းကြီးရဲ့ မှူးမတ်နှင့် သူဌေးသူကြွယ်များပါ သိရှိသဘောပေါက်ကြ တယ်။

အချို့ အသက်ရှည်နေမျိုပြီး ပီယဘက်ပါ စွမ်းတဲ့အစွမ်း အလိုရှိ တယ်။

အချို့သောစစ်သူကြီးများက ကာယသိဒ္ဓိဓားကျိုးလှံနွေ ခုတ်မရှ ထိုးမရ လိုချင်ကြတယ်။

ဒါကြောင့် ...

ရှင်မထီး သူ့ခဲတုံးကို ငွေကျွေး၊ ရွှေကျွေးရတယ်။ ဆိုတော့ သူ့ထက်ငါ အားတက်သရော ပေးလှူကြတာ ကျွန်တော်တို့ မျက်မြင်ပါ ... နောင်တော်။

''အရှင်ဘုရား ...''

''ဘာတုံး''





''ခဲတုံးအောင်ရင် ဘုရားတပည့်တော်ကို မမေ့ပါနဲ့ ဘုရား။ ဆောဒီမှာ ရွှေနှစ်ဆယ်သားပါ ဘုရား''

''အိမ်း ... ငါ့ခဲတုံးအောင်ရင် မင်းလည်း မ,စရမှာပေါ့။ ရွှေ တွေကို အလှူခံရင် မတွန့်တိုနဲ့နော်''

''မှန်ပါ့ဘုရား ... လိုသမျှ လှူပါ့မယ်ဘုရား''

သို့သော် အသံဗိန္ဓ ပြီးမြောက်မည့်ခဲတုံး (တစ်နည်း) သိဒ္ဓိဆယ် ပါးအဆင့်(ရသ) ကို ချဉ်းကပ်ဖို့ ရွှေနဲ့ငွေကျွေးရတာ မလုံလောက်ဘူး။

''ကျော်စွာနဲ့ သော်တာ''

''ဘုရား ...''

''အမိန့်ရှိပါ ကိုယ်တော်''

''ငါလည်း မင်းတို့လင်မယားကို အရင်းနှီးဆုံးအနေနဲ့ ပြောချင် တယ်''

''ပြောပါဘုရား ... ပွင့်ပွင့်လင်းလင်း အားမနာဘဲ ပြောပါ ဘုရား''

''ငါ့ခဲတုံးဟာ အမြုတေလို့ခေါ်တဲ့ အသံဗိန္ဓ (ရသ) ခဲတုံး အဆင့်ရောက်ဖို့ ရွှေကို တိုးတိုးကျွေးရတယ်။ အောင်မြင်ဖို့အချိန်ကတော့ အချိန်တော့ နီးကပ်လာပြီ။ ဒီပြဒါးလုံးအောင်မြင်ရင် မင်းတို့ရော ငါ့ကို ရွှေ ငွေလှူဒါန်းသူတွေပါ တစ်သက်မဆင်းရဲတော့ဘူးကွယ်''

''မှန်ပါ ... အရှင်ဘုရား၊ ခဲတုံးနဲ့ ထွက်ရပ်ပေါက်ဖို့ အလိုရှိ ရာသာ ပြောပါဘုရား''

''အိမ်း ... ရွှေကလည်း ကျွေးလို့မလောက်ဘူးကွယ်။ မင်းတို့ လည်း ရွှေရှိရင် လှူကြပါဦးဟဲ့''

''မှန်ပါ ... လှူပါမည်ဘုရား''

ကျွန်တော်တို့က ဆရာတော်ရှင်မထီးကို ယုံကြည်ပါတယ်။ တစ်နေ့ ဒီခဲတုံးအောင်မြင်ပြီး သိဒ္ဓိ(၁၀)ပါးကိုရလို့ ကျွန်တော်တို့အားလုံးလည်း ချမ်းသာ၊ ကိုယ်တော်လည်း ထွက်ရပ်ပေါက်ပြီး အဆင့်မြင့် ဝိဇ္ဇာကြီးဖြစ်သွား ရင် ဝမ်းသာပါပြီဗျာ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် . . . ခက်နေတာက . . .

ရွှေနဲ့ငွေ ကျွေးသမျှကို ဓာတ်လုံးက စားပစ်တယ်။

သို့ပေမင့် သိဒ္ဓိဆယ်ပါးတို့ရဲ့အစွမ်းက မဝင်သေးဘူး။ ပေမူ ပုရပိုက်မှုအချို့မှာ ရွှေကျွေးပြီးရင် ချဉ်ရည်နဲ့စိမ်ရမည်လို့ ညွှန်းသမို့ . . .

မန်ကျည်းရည်၊ ဆန်းပုန်းရည်၊ သံပရာရည်တို့နှင့် အကြိမ်ကြိမ်စိမ်ပေမင့် သိဒ္ဓိမဝင်သေးဘူး။

ဆရာတော့်အထင်က ရွှေကျွေးတာမဝသေးလို့ထင်ပြီး မှူးမတ်သူကြွယ်များထဲက အလှူခံလို့ရသမျှရွှေ လုံထဲ မီးကြိမ်များစွာ ထိုးတာပဲ။

တိုတိုပြောရရင် ပြဒါးအရည်လင်းအောင် ကွမ်းရွက်ရည်မှာ မီးအကြိမ် (၁၅၀)သွန်းတယ်။ ဘော်ငွေအဆင်းနဲ့ တူလာတယ်။

ဒီနောက် တစ်ဆင့်တက် ချုပ်ဆေးနဲ့အုပ်၊ သံပုရာရည်မှာ မီးတစ်ရာ့ခုနစ်ဆယ်သွန်းတော့ မိုးကြိုးလောဟာ ဖြစ်လာတယ်။

ပြီး . . . လိုအပ်သလို ပထမမီးနေ၊ ဒုတိယမီးနေ၊ တတိယမီးနေ၊ စတုတ္ထမီးနေ မီးလေးပါးနဲ့ အဆင့်တက်ပြန်တယ်။

ပြဒါးကို ဒေါသစင်အောင် လုပ်ရတယ်တဲ့။

ဘာလို့လဲဆိုတော့ ပြဒါးမှာ နာ၊ ဘင်၊ ကြေးနီ၊ ရွှေ၊ ငွေ၊ အပြစ်ငါးပါးရောနေလို့ပဲ။ အဲဒါစင်မှ ရသလို့ခေါ်တာ။ အသံဗိန္ဒု မည်သည့်အရာနှင့်မှ ရောစပ်လို့မရသည့် သိဒ္ဓိပြီးမြောက်အဆင့်ကိုရမှာ . . .

ဒါ တပသီဝိဇ္ဇာဓိုရ်တို့ရဲ့ ဆေးကျမ်းအလိုပဲ။

ပထမမီး၊ ဒုတိယမီးမှာ ဒန်ကိုကျွေးတယ်။

တတိယမီးမှာ မိုးကြိုးအဆင့် ရလာတယ်။

တတိယပြာကလည်း ရွှေများများကျွေးပေးရတယ်။ ဒါမှ ရွှေပြာရမှာကိုး။

စတုတ္ထမီးမှာ တန့်နေတာပဲ။ ဒီမီးထိုးတာ မဟာန်ဘူးဖြစ်နေတယ်။ ဒီမီးပြီးမှ ရသပြဒါးလုံးရမှာ။

လက်ဝဲလမ်းဟာ ရလောက်နေပြီ။

ပြာနဲ့တင် အာဟာရသိဒ္ဓိရနေပြီ။





လိုချင်တာ တပည့်တွေအတွက် ရွှေမိုးရွာနိုင်တဲ့ပြဒါးလုံး။ နာ(ခဲ)ဘင်သစ်ရာကို ကွမ်းရိုးဖျားတစ်တို့တို့ရင် နရယ်ဒီရွှေရရမယ်။

ဆရာတော် နောင်ပြောပြချက်အရ ပြီးမြောက်သည့်အဆင့်ကို ရောက်နေပြီ။ အဲဒါ အချဉ်ရည်ဖြစ်တဲ့ ရှောက်ရည်ချဉ်၊ သံပုရာ၊ ချဉ်ပေါင်ရည် အချဉ်ရည်နဲ့စိမ်တာ၊ လောင်းတာ မအောင်မြင်ဘူး။ ဒန်ကျွေးလိုက်၊ ကြေး ကျွေးလိုက်၊ ရွှေကျွေးလိုက်နဲ့ ရွှေက လှူသမျှကိုကျွေးရင်း ကုန်ပြီ။

ပြဒါးရဲ့သဘောက မြင်သမျှစားတာကိုး။

ဒါကြောင့် နဂါးလို့လည်း ခေါ်တယ်၊ ကြွက်လို့လည်း ခေါ်တယ်၊ ကြောင်လို့လည်း ခေါ်တယ်။

သို့သော် ပြဒါးဓာတ်လုံး နောက်ဆုံးအဆင့်ကို ရောက်ပြီး သတ်ရည်နည်း လွဲမှားနေတာ ရှင်မထီးလည်းမသိ။

ခုပဲ ရွှေလှူနိုင်တဲ့သူက ရှားနေပြီ။

တို့လိုးတန်းလန်းကြီး ဘယ်လိုလုပ်ရမှာပါလိမ့်။

ကျွန်တော်တို့လည်း ရွှေရှိသမျှ လှူလိုက်ကြတော့ . . . သူကြွယ်ဘဝကနေ တောင်ယာထဲဆင်း ချွေးဒီးဒီးကျ နေကွယ်နေဝင်လုပ်စားရတဲ့ အလုပ်ကြမ်းသမားဘဝ ရောက်နေပြီဗျာ။

ဆရာတော်ကလည်း ရွှေကျွေးလိုက်၊ အချဉ်ရည်နဲ့အုပ်လိုက်၊ လိုချင်သည့်အဆင့်မရောက်လိုက်၊ ရွှေကြောင့်ထင်ပြီး ရွှေပဲ အလှူခံနေတာ။

တိုတိုပြောရရင် ကြာတော့ ဆရာတော်ရှင်မထီးကို လှူမည့်သူမရှိသလောက်ရှားသွားပြီ။ ပြဒါးဓာတ်လုံးက အောင်မှုမအောင်ဘဲကိုး။

ဒါနှင့်အတူ ဆရာတော်အပေါ် နဂိုကလို ယုံကြည်မှုမရှိတော့ဘဲ ရှိသမျှရွှေကုန်ကြလို့ အထင်လွဲကုန်ကြပြီး . . .

လင်နှင့်မယားလည်း ရန်ဖြစ်ကုန်ကြပေါ့ဗျာ။

"ရှင်မထီးမ.မှ တက်တက်စင်ပြောင်ရောတော်"

"ရှင်မထီးနဲ့မတွေ့ခဲ့ရင် သားမြေးတွေအထိ စားရမှာ။ ခုတော့ သိဒ္ဓိ(၁၀)ပါးမရဘဲ တကျက်ကျက်ရန်ဖြစ်နေရတာ ရှက်စရာလည်းကောင်းပါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ရှင်မထီးက နောက်ဆုံး တပည့်အရင်း ကျွန်တော်တို့ လင်မယားကိုပဲ အားကိုးရ၊ တိုင်ပင်ရပေါ့။

ဟုတ်တယ်လေ။ ဘုန်းကြီး ဘယ်သွားနေရမှာတုံး။

တပည့်ဒကာတွေထဲမှာပဲ အလှူခံရတာပေါ့ဗျာ။

''မောင်ကျော်စွာ''

''ဘုရား ...''

''မယ်သော်တာ''

''အမိန့်ရှိပါ ဘုရား''

''ငါ့ရဲ့ဓာတ်လုံးက လက်ယာလမ်း အောင်မြင်မှုအဆင့်နား ရောက်နေပြီကွယ့်။ သို့သော် နောက်ဆုံးအဆင့်အနေနဲ့ ပြီးပြည့်စုံဖို့ ငါလည်း ဓာတ်ရည် (အချဉ်ရည်)နဲ့ အုပ်နေတာပဲ၊ ရွှေနဲ့ငွေပဲ အုပ်ဖို့လိုနေနဲ့ တူပါရဲ့ကွယ်။ နောက်ဆုံးအဆင့်ရောက်မှ တစ်နေလို့မဖြစ်ဘူး။ မင်းတို့မှာ ရွှေငွေစများ ရှိသေးလား ... ကျော်စွာ''

''မှန်လှပါ။ မှန်သောစကားဆိုရရင် ရှိသမျှရွှေနဲ့ငွေကို အရှင်ဘုရားထံမှာ ယုံကြည်သဒ္ဓါကြီးစွာ လှူဒါန်းခဲ့ပါတယ် ဘုရား။ ခုတော့ ကိုယ်တော်ကို ပေးစရာ ရွှေရောငွေရော လုံးဝမရှိပါ ဘုရား''

ဟုတ်တယ်လေဗျာ ...

ဆရာတော်ရဲ့ပညာ ပစ္စည်းကို ယုံကြည်လို့ပါ ဒီဓာတ်လုံးအောင်ခဲ့ရင် နောက်ထပ်ဓာတ်လုံးတွေ ထိုးလို့ရမှာ သေချာပြီလေ။

သိဒ္ဓိ(၁၀)ပါးထဲက တစ်ပါးပဲရဦးဗျာ။ ကုန်ခဲ့ရတဲ့ရွှေနဲ့ငွေ တန်ပါတယ်ဗျာ။

သူကြွယ်တွေအားလုံး၊ မှူးမတ်တွေအပါအဝင် ဒီမျှော်လင့်ချက်နဲ့ ရွှေလှူငွေလှူ လှူခဲ့ကြတာပါ။ ခုတော့ သိဒ္ဓိ(၁၀)ပါးဝေးလို့ ကျွန်တော်တို့ လင်မယား တောင်သူရင်းငှားဘဝ ရောက်သွားခဲ့ရတယ်။

ကိုယ်လက်ကိုက်ခဲနာကျင်တာတောင် ကျုပ်တို့ဆရာတော် ဓာတ်လုံးရေစိမ်သောက်ကြည့်တာ မပျောက်ခဲ့ဘူး။

''ဒါဆို ငါ ဘယ်လိုလုပ်ရင် ကောင်းမလဲကွယ်''

စိတ်ကူးသစ်စာပေ



''ကိုယ်တော်''

''ပြောဟဲ့ မယ်သော်တာ၊ ဘာများတုံးဟဲ့''

''ပုဂံပြည်မှာ အလောင်းစည်သူမင်းကြီး နတ်ရွာစံလို့ သူ့သားတော် နရသူမင်းဖြစ်နေပါပြီ ဘုရား''

''အဲဒါ ငါက ဘာလုပ်ရမှာတုံးဟဲ့ မယ်သော်တာရဲ့''

''မှန်ပါ ... အလောင်းစည်သူမင်းကြီးက ထေရဝါဒကို ကိုးစားသူပါဘုရား။ သူ့သားဘုရင်လေး နရသူကတော့ မင်းပျိုမင်းလွင်ပါဘုရား။ ဘယ်လိုပဲဖြစ်ဖြစ် ကာယသိဒ္ဓိ(၁၀)ပါးရနိုင်တဲ့ ကိုယ်တော်ရဲ့ အသံဗိန္ဓရသာဓာတ်လုံးရဲ့ အရည်အသွေးအကြောင်းရှင်းပြရင် လူငယ်ဆိုတော့ စိတ်ဝင်စားမှာပါဘုရား။ ဒါကြောင့် ကိုယ်တော် ပုဂံရွှေနန်းရှင်ကို ဝင်ရောက်ပြီး ဘုရင်နရသူထံမှာ လိုအပ်တဲ့ ရွှေအကူအညီတောင်းသော် ရကောင်းပါတယ် ဘုရား''

အင်း ... မယ်သော်တာရဲ့ အကြံပြုချက်စကားက ရှင်မထီးအဖို့ နောက်ဆုံးမျှော်လင့်ချက်ပဲ။

''အိမ်း ... ငါ စဉ်းစားလိုက်ဦးမယ်ကွယ့်''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

❑

စဉ်းစားကြည့်ရင် ရှင်မထီးအဖို့ကလည်း အလွန်စွန့်စားရမည့်ကိစ္စပဲခင်ဗျာ။

ဒီနေရာမှာ ဘုရင်နရသူရဲ့ အကြောင်းလေးသိထားမှ ကျွန်တော်ရယ်၊ မယ်သော်တာရယ်၊ ဆရာတော် ရှင်မထီးရဲ့အကြောင်းကို နောင်တော်တို့ ဖြစ်ပျက်ရတဲ့ဘဝကို ပိုသဘောပေါက်ပါလိမ့်မယ်ဗျာ။

အလောင်းစည်သူမင်းကြီးဟာ သာသနာ့ပြု၊ တိုင်းပြုပြည်ပြုမင်းကြီးပါ နောင်တော်။ သူဟာ ကျန်စစ်သားမင်းကြီးရဲ့မြေး။

သမီးတော် ရွှေအိမ်စည်နှင့် သားမက်တော် စောယွန်းတို့က မွေးတာ အလောင်းစည်သူပါ။

ကျန်စစ်သားမင်းကြီးမှာ မိဖုရားလတ်က သုံးပါးရှိသော်လည်း သားတော်မရသေးဘူး။

ဒါကြောင့် မြေးတော်လည်းရရော ချစ်မြတ်နိုးလွန်းလို့ . . .

အလောင်းစည်သူလို့ ဘွဲ့အမည်ပေးပြီး ရင်ခွင်ပိုက် ဘိသိက်သွန်းလောင်းပြီး မင်းမြှောက်တော်မူတယ်။





အလောင်းစည်သူ ဖွားတော်မူစဉ်မှာပဲ ကျန်စစ်သားမင်းကြီးဟာ ကုလားပြည်သံတော်နဲ့ သေုံးပင်လယ်တို့ကို စစ်နိုင်ခဲ့တယ်။

စစ်သူကြီးတွေက ကျည်းကုလားတွေကို လက်ရဖမ်းပြီး ကျန်စစ်မင်းကြီးထံ ဆက်ကြတယ်။

အဲဒီ သုံ့ပန်းကျည်းကုလားတွေကို စဉ့်ကူအရပ်မှာ အစုအကွက်ချပြီး နေစေခဲ့တယ်။

မြေးတော်အလောင်းစည်သူ နန်းမြှောက်ပေးပြီးမှ မထီးတူမသမ္ဗုလသားယောက်ျားလေး (ရာဇကုမာရ်)ကို လက်ဆွဲပြီး ရွှေနန်းတော်ကို ပတ္တမြားလက်စွပ်ပြ အခစားဝင်တယ်။

ဒီတော့မှ ကျန်စစ်သား မင်းဘေးနဲ့ တိမ်းရှောင်နေတုန်းက ချစ်သူအဖြစ် ပေါင်းသင်းနေထိုင်ခဲ့တဲ့ သမ္ဗုလမှန်းသိသွားသလို . . .

သားတော်လေးပါ ပါလာမှန်းသိရော . . .

ဝမ်းမြောက်ဝမ်းသာ ဖြစ်တော်မူပါသော်လည်း အလာနှောက်ကျသွားပြီမို့ . . .

သမ္ဗုလကို 'ဦးဆောက်ပန်း' ဘွဲ့အမည်နဲ့ မိဖုရားမြှောက်တယ်။ သားတော်လေးကိုလည်း ထီးနန်းမပေးသာတော့ပြီမို့ 'ဖေယျခေတ္တရာ' အမည်နှင့် ဓညဝတီတောင်စဉ့်ခုနစ်ခရိုင်ကို စားစေတယ်။

ပုဂံရဲ့တစ်ဖက်မှာ မြစေတီဘုရားကိုတည်ပြီး စေတီအနီးမှာ ရာဇကုမာရ်ကျောက်စာ။

နောင်အခါ 'ရာဇကုမာရ်ကျောက်စာ'လို့ အမည်တွင်မည့်ကျောက်စာကို ပါဠိ၊ မွန်၊ မြန်မာ၊ ပျူစာလေးမျိုးနဲ့ ရေးထိုးခဲ့တယ်။

မင်းကြီးက အာနန္ဒာဘုရားကို တည်ခဲ့တယ်။ ရှင်အရဟံရဲ့ အဆုံးအမနဲ့ ဗုဒ္ဓသာသနာကို ပြန့်ကျယ်စေတယ်။

ကျန်စစ်သားမင်းကြီး သက္ကရာဇ်(၄၅၄)ခုနှစ်မှာ နတ်ရွာစံတော့ မင်းကြီးရဲ့မြေးတော် အလောင်းစည်သူ နန်းတက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အလောင်းစည်သူမင်းဟာ အလွန်ကို ဘုန်းကံကြီးမားသည့်မင်းကြီးပါ နောင်တော်။ ပုသိမ်သဘော်ဆိပ်ကနေ သမုဒ္ဒရာထွက်ပေါက်ကို ကရဝိက်ဖောင်တော်နဲ့လှည့်ပြီး ရေပြင်ကို စိုးမိုးခဲ့တယ်။

ရာဇဝင်မှာတော့ မလ္လာယုကျွန်း၊ သီဟိုဠ်ကျွန်း၊ ဇမ္ဗူဒီပါကျွန်းတို့ကို ရောက်တယ်လို့ ဆိုကြပါတယ်။

ကုန်းလမ်းခရီးမှာလည်း တရုတ်ပြည်ကိုတောင်ရောက်ခဲ့သတဲ့။

အဲဒီလို အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်ခဲ့တာပါ။

နေပြည်တော်မှာ ကြာရှည်မနေဘူး။ လူထုရဲ့ဘဝကိုသိဖို့ တိုင်းပြည်မြို့ရွာ၊ ရေမြေတောတောင်ရဲ့ အနေအထားကိုသိဖို့ ကွင်းဆင်းစစ်ဆေးတာပေါ့ နောင်တော်ရယ်။

ကန်ချောင်းဆည်မြောင်းတွေ လုပ်ပေးခဲ့တယ်။ လယ်ဖွဲ့ပြီး ဆင်းရဲသားတွေကို လယ်ဝေပေးတယ်။ [ကျွန်တော်တို့ခေတ်နဲ့ ကွာပါ့ဗျာ ...]

မန္တလေးမြို့အနီးက နန္ဒာကန်နဲ့ မောင်းမကန်ကိုဆည်တယ်။ တစ်တိုင်းပြည်လုံး အငြင်းပွားမှုမဖြစ်ရလေအောင် အလေး၊ တင်း၊ တောင်း၊ ချိန်ခွင်၊ ကျပ်မှုးပဲတို့ကိုလည်းကောင်း ...

တင်း၊ ခွဲ၊ စိတ်၊ စရွတ်၊ ပြည်၊ ခွက်၊ စလယ်တို့ကိုလည်း အတိအကျ စီရင်ပေးတော်မူတယ်။

အလောင်းစည်သူမင်းကြီးရဲ့ တရားစီရင်ထုံးများကို စုပေါင်းပြီး 'အလောင်းစည်သူဖြတ်ထုံး' လို့ ပြုစုရေးသားထားတယ်။

ပုဂံမှာ သဗ္ဗညုတဘုရား၊ ရွှေဂူဘုရားကိုတည်ထားခဲ့သလို စစ်ကိုင်းဘက်မှာလည်း ရှင်ဖြူရှင်လှဘုရားကို တည်တယ်။

အညာအရပ်မှာလည်း ကျော်လေးဆူဝင် အညာသီဟတောဘုရားစသည်တို့ကိုတည်သလို မင်းဘူး ရွှေစက်တော်က ကျောင်းတော်ရာဇဝင်ကိုလည်း ပြုပြင်မွမ်းမံပေးခဲ့တယ်။

အလောင်းစည်သူမင်းကြီးမှာ သားတော်နှစ်ပါးရှိတယ်ခင်ဗျ။ မင်းရှင်စောနဲ့ နရသူတဲ့။

မင်းရှင်စောက မာန်မာနကြီးတယ်ခင်ဗျ။

စိတ်ကူးသစ်စာပေ



အလောင်းစည်သူမင်းကြီးရဲ့ မိဖုရား ပဋိက္ခရားကုလားမင်းသမီးကိုလည်း ကြည့်လို့မရဘူး။ မင်းကြီးဘေးမှာ ကုလားမင်းသမီးရှိနေရင် မင်းရှင်စောက အခစားမဝင်ဘူး။

အလောင်းစည်သူမင်း ကုလားမင်းသမီးကို ယူရတာက လာရောက်ဆက်သလို့ ချစ်ကြည်ရေးအရ လက်ခံရတာပေါ့။

မင်းရှင်စောက သူ့ကို မရိုမသေလုပ်ခဲ့ရင် ဖြောင်အပြစ်လုပ်တာ။

အဲဒါ အလောင်းစည်သူမင်းကြီး စိတ်ဆိုးတော်မူလို့ ပြည်နှင်ဒဏ်ချလိုက်တာ။ မန္တလေးအရှေ့ဘက်အရပ်က ထွန်တုံးပူတက်အရပ်မှာ မြို့ပြတည်ထောင်ပြီး အောင်ပင်လယ်ကန်၊ ထမုတ်ဘိုးကန်တို့ကိုဆည်ကာ လယ်မြေများကို ကောင်းစွာ ဖြစ်ထွန်းစေတယ်။

နောင်တော် မင်းရှင်စောမရှိတော့ ညီတော်နရသူက ပြည်ထဲရေးကို စီရင်ကွပ်ညှပ်ရတယ်ခင်ဗျာ။

နရသူဟာ ရက်စက်ကြမ်းကြုတ်တဲ့မင်းသားပါ နောင်တော်။

ခမည်းတော် အလောင်းစည်သူမင်းက မင်းရှင်စောမရှိလို့ သူ့ကိုအားကြည်အားကိုးပါတယ်။ သို့သော် အလောင်းစည်သူမင်းကြီး မကျန်းမမာချိန်မှာ ခမည်းတော်ရဲ့မျက်နှာကို ခေါင်းအုံးနဲ့ဖိသတ်လုပ်ကြံခဲ့တာ သက္ကရာဇ် (၅၂၉)မှာ အလောင်းစည်သူမင်းကြီး နတ်ရွာစံခဲ့ရတယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

❑

နရသူက ခမည်းတော် အလောင်းစည်သူမင်းကိုလုပ်ကြံပြီး နန်းတက်တယ်။ စဉ်းစားကြည့်စမ်းပါ နောင်တော်ရယ် ...။

ဘုရားဒါယကာ သူတော်ကောင်းဖခင်ကြီးကို ရက်ရက်စက်စက် သတ်ပြီး နန်းတက်တော့ သူ့အနာဂတ် ကောင်းမှာလားဗျာ ဟင် ...။

ခမည်းတော် အလောင်းစည်သူမင်းကြီးကို ညီတော် နရသူက လုပ်ကြံပြီးနန်းတက်တယ်ဆိုတဲ့စကား ကြားရရော ထွန်တုံးပုတက်ရောက်နေတဲ့ သားတော်ကြီး မင်းရှင်စောက မိုက်ရိုင်းလွန်းလှတဲ့ ညီတော်ကိုတိုက်ဖို့ ဆင်လုံး၊ မြင်းလုံး၊ သူ့ရဲကောင်းတို့နဲ့ ချီတက်လာပါရောခင်ဗျား။

မင်းရှင်စောကလည်း ဖခင် နယ်နှင်ဒဏ်ပေးကတည်းက မန္တလေးတောင်ဝန်းကျင်မှာ ထွန်တုံးပုတက်မြို့တည်ပြီး ဒေသခံများရဲ့ အကျိုးစီးပွားကို ဆောင်ရွက်နေလို့ ...

လယ်လုပ်သား ဆင်းရဲချမ်းသာလူများစွာက ကြည်ညိုလေးစားနေတာ။

မှူးကြီးမတ်ကြီးများကလည်း နရသူမင်းကို ကြောက်ရွံ့ကြတယ်။ နရသူက ရက်စက်ကြမ်းကြုတ်သူလေ၊





သူတော်ကောင်း သာသနာပြုမင်း ဖခမည်းတော်ကိုတောင် လုပ်ကြံသူဥစ္စာ။ ကျန်တဲ့လူ ဂရုစိုက်ရမှာလား။

မှူးကြီးမတ်ကြီးအချို့က တိကျပြတ်သားရဲရင့်တဲ့ မင်းရှင်စောကို သဘောကျကြတာ၊ သို့သော် ကျယ်ကျယ် မပြောရဲကြဘူး။

ပဒေသရာဇ်ခေတ်မှာ နီးရာဓားကို ကြောက်ရတာ သဘာဝပါ။ ဒီတော့ မျက်နှာလုပ်ချင်သူအချို့က ဘုရင်နရသူကို လျှောက်ကြတယ်။

"အမတ်ကြီး"

"ဘုရား ..."

"နောင်တော်မင်းရှင်စော အလုံးအရင်းနဲ့ ချီတက်လာတယ်ဆိုတာ အမှန်ပဲလား"

"မှန်ပါ။ နောင်တော် မင်းရှင်စောသည် အရှင့်ထီးနန်းကို လုယူရန်အတွက် မန္တလေးအရှေ့တောင်က အလုံးအရင်းနှင့် ချီတက်လာကြောင်း အထောက်တော်များထံမှ သိရကြောင်းပါဘုရား။

"နောင်တော်က အင်အားနောက်လိုက်သာတယ်"

"မှန်ပါ။ စဉ်းစားတော်မူပါ ဘုရား"

"ငရဲနှင့်ရင်းပြီး ရယူထားရတဲ့ထီးနန်းကို သွေးသံရဲရဲတိုက်ပွဲတွေနှင့် ငါ မအပ်ချင်ဘူး"

"မှန်ပါ။ အရှင်မင်းကြီး သင့်သလို စီရင်ပါဘုရား"

"ဒီကိစ္စ ဓားချင်းလှံချင်း ပြောရမှာ မဟုတ်ဘူး"

"မှန်ပါ ဘုရား"

"ဒါက သံတမန်နည်းနဲ့ ကောင်းအောင်လုပ်ရမှာကွယ့်။ ဒါကြောင့် နိုင်လူအများ ရိုသေလေးစားတဲ့ ပံ့သကူမဟာထေရ်ကို သွားပင့်ချေ"

"အမိန့်တော်မြတ်အတိုင်းပါ ဘုရား"

မကြာပါဘူး။ ဘုရင့်ရွှေနန်းတော်ကို အများကြည်ညိုလေးစားကြတဲ့ ပံ့သကူမဟာထေရ် ကြွရောက်လာတယ်။

"ဘယ်လိုအရေးကြောင့် ကျုပ်ကို ခေါ်ပင့်ရတာလဲ ဒကာတော်မင်းရှင်"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ . . . ဘုရား။ အရေးတော်ပေါ်လာပါ၍ အရှင်မြတ်ကို အားကိုးကြီးစွာ ပင့်ခေါ်ရခြင်းပါဘုရား။ အကြောင်းကတော့ နောင်တော်မင်းရှင်စောသည် ဘုရားတပည့်တော်ရဲ့ ရွှေနန်းရာဇပလ္လင်ကို တိုက်ယူရန် မန္တလေးကနေ အလုံးအရင်းနဲ့ လာနေပါပြီဘုရား။ ဘုရားတပည့်တော် လူသတ္တဝါတွေ စစ်ပွဲအခြေအနေကြောင့် သေကျေပျက်စီးမှာကို မလိုလားပါဘူး ဘုရား"

"မှန်ပေပေါ့ မင်းကြီး"

"ဒါကြောင့် အရှင်သူမြတ်ကြီးက ရာဇတမန်လုပ်လို့ နောင်တော်မင်းရှင်စောကို တွေ့ပါဘုရား။ နောင်တော်တစ်ပါးတည်း ရွှေနန်းတော်ကို အရှင်ဘုရားနှင့်အတူ ကြွရောက်တော်မူခါ တိုင်းသူပြည်သားများ ထိတ်လန့်စိုးရွံ့မှာစိုးသောကြောင့် စစ်သည်ဆင်မြင်းများကို မခေါ်ခဲ့ပါနှင့်။ နောင်တော်ရောက်လာပါလျှင် ရွှေနန်းရာဇပလ္လင်ပေါ်မှာ မင်းအဖြစ်တင်မြှောက်၍ ညီတော်က နောင်တော်မင်းကြီးထားရာနေရာမှာ နေပါမည်ဆိုတဲ့အကြောင်း နားလည်လက်ခံအောင် ပြောကြားဖိတ်ခေါ်ပေးပါ ဘုရား"

"သာဓု . . . သာဓု . . . သာဓု မင်းကြီး။ ညီတော်နောင်တော်တို့ သင့်သင့်မြတ်မြတ်ရှိနေခြင်းဟာ ငြိမ်းချမ်းရေးပါပဲ။ တစ်ခုတော့ ပြောပါရစေမင်းကြီး။ သင်ပြောတဲ့ကတိ တည်ပါစေနော်"

"တည်ရပါစေမည် ဘုရား"

သည့်နောက် မင်းရှင်စောတို့ ချီတက်စခန်းချရာအရပ်ကို ပုံသကူမဟာထေရ်ကြွလာတာမြင်တော့ စစ်သည်များက မေးလျှောက်ကြတယ်။

"အရှင်ဘုရား ဘယ်အရပ်ကို ကြွပါမည်လည်းဘုရား"

"ဒကာဗိုလ်မင်း . . . ငါသည် ဘုရင်နရသူရဲ့တမန်ပါ။ ငါ မင်းတို့ရဲ့အရှင်သခင် မင်းရှင်စောနှင့် ထီးရေးနန်းရေး စကားပါးသည်ကို ဆွေးနွေးရန် လာတာပါ။ ဒါကြောင့် ငါ့ကို ဒကာမင်းရှင်စောထံမှောက် ပို့ဆောင်ပေးကြပါ"

ဗိုလ်မင်းက မင်းရှင်စောထံ ဝင်ရောက်တင်ပြတယ်။





"အရှင် . . . အရှင့်ရဲ့ညီတော် ပေါက်ကံဘုရင် နရသူမင်းရဲ့ တမန်ဆိုတဲ့ ပုံသကူမဟာထေရ် ရောက်ရှိနေပြီး အရှင်နှင့် စကားပြောလိုပါသည်တဲ့ အရှင်"

"ညီတော် နရသူရဲ့ တမန်တဲ့လား"

"မှန်ပါ အရှင်"

"အကြောင်းထူးရှိပေမပေါ့။ ရှေ့တော်ကိုသွင်းပါ ဗိုလ်မင်း"

မကြာပါဘူး။ ပုံသကူမဟာထေရ်ကို သင့်မြတ်သောနေရာမှာ နိမ့်စေပြီး မင်းရှင်စောက လျှောက်ထားတယ်။

"အရှင်သူမြတ်သည် ပေါက်ကံပြည့်ရှင် ညီတော်နရသူ၏ တမန်ဆိုပါလား ဘုရား"

"မှန်ပါသည် ဒကာမင်းမြတ်"

"အကြောင်းရင်းကို သိပါရစေဘုရား"

"ပေါက်ကံဘုရင် နရသူ၏ နောင်တော်ရင်းဖြစ်တဲ့ ဒကာတော်မင်းရှင်စော အလုံးအရင်းနှင့် ပေါက်ကံကိုချီလာသည်ကို ဘုရင်နရသူနှင့်တကွ တစ်ပြည်လုံး ကြားသိရပါတယ် ဒကာတော်"

"မှန်ပါသည် . . . ဘုရား။ ညီတော် နရသူသည် ဖခမည်းတော်တော့ရှုံးရှင် သာသနာပြုမင်းကြီးကို လုပ်ကြံသတ်ဖြတ်ပြီး ပေါက်ကံရွှေနန်းကို အဓမ္မသိမ်းယူသည်ကိုက အလွန်ကို ရိုင်းပျပါသည်ဘုရား။ ဒါကြောင့် ပေါက်ကံထီးနန်းကိုသိမ်းပြီး ညီတော်ကိုနန်းချရန်အတွက် ချီတက်ခဲ့ရခြင်းပါ . . . ဘုရား"

"ဒကာတော်မင်းမြတ် . . . ယခုအခါ သင့်ညီတော် ဘုရင်နရသူသည် လွန်စွာနောင်တရပြီး မှားမှန်းကို သိနေပါပြီ ဒကာတော်။ နောက်တစ်ချက်က ဒကာတော်တို့ ညီအစ်ကိုနှစ်ဖက် စစ်ခင်းစစ်တိုက်လုပ်ကြလျှင်လည်း အပြစ်မဲ့သည့် သတ္တဝါတို့ အကျိုးမဲ့ သေကျေပျက်စီး မျက်ရည်ပေါက်ကြီးငယ်ကျမည်ကို သင့်ညီတော် ဘုရင်နရသူ နားလည်သိရှိနေပါပြီ။ သူ့ရဲ့ဆန္ဒက နောင်တော်မင်းရှင်စောနှင့် စစ်လည်းမခင်းလိုပါ။ နောင်တော်ကြီးကို ပေါက်ကံရွှေနန်းကို အပ်လိုပါသဖြင့် အရှင်တစ်ပါးတည်း ကျွန်ုပ်နှင့်အတူ ယုံ



www.burmeseclassic.com

www.burmeseclassic.com



ကြည်စွာလိုက်ခဲ့ဖို့ စကားဆိုပါ၍ ဒကာတော်မင်းရှင်စောထံ ကြွရောက်လာခဲ့ရခြင်းပါ ဒကာတော်''

''အရှင်ဘုရား''

''ပြောပါ ဒကာတော်''

''ပေါက္ကံထီးနန်းကို အပ်လိုလျှင် ကျွန်ုပ် စစ်သည်ဗိုလ်ပါများနှင့် ချီလာပါမည်။ ညီတော် လက်နက်ချပြီး ကြိုရမှာ ထုံးတမ်းစဉ်လာ မဟုတ်ပါလား ဘုရား''

''ဒကာတော် ... ညီတော်နရသူနှင့် ဒကာတော်တို့သည် စစ်ခင်း၍ အရှုံးအနိုင်ကြောင့် ထီးနန်းအပ်ရသည့်သဘောကို ဆောင်လျှင် ရာဇဝင်မှာ အဆိုးနှင့်သာ ကျန်ရစ်ရပါလိမ့်မည်။ ဘုရင်နရသူဆန္ဒက စစ်မှုလို့ နောင်တော်ကို ထီးနန်းအပ်ရတာထက် ညီတော် နောင်တော်နှစ်ဦးနှစ်ဖက် သင့်မြတ်နားလည်ချစ်ခင်စွာဖြင့် နောင်တော်ရင်း မင်းရှင်စောကို ကိုယ်တော်တိုင် လိုလိုလားလား ကြည်ကြည်ဖြူဖြူ နန်းပလ္လင်ထက် တင်ချင်တာပါတဲ့။ နောင်တော်ရဲ့ စစ်သည်များ ပေါက္ကံကို ဖြန်းစားဝင်လာပါက မြို့သူမြို့သား၊ လယ်ယာကိုင်းကျွန်းလုပ်သူများ လန့်ဖျပ်သွား၍ အုတ်အော်သောင်းနင်းဖြစ်ပါမည်။ နှစ်ဘက်စစ်သည်များ မမျှော်လင့်ဘဲ မျက်နှာချင်းဆိုင် ဆုံပါလျှင်လည်း အမျက်ဒေါသ မာန်မာနတို့နှင့် တိုက်ခိုက်ပါကလည်း ရွာကျေးမြို့ပျက်ဖြစ်မှာ စိုးသည်ကြောင့် တပ်ကို အဝေးမှာထား၍ ကျွန်ုပ် မဟာထေရ်နှင့် ယုံကြည်စိတ်ချစွာ လိုက်ခဲ့ပါရန် ပန်ကြားပါတယ် ... ဒကာတော်''

မင်းရှင်စော စဉ်းစားတယ်။ စစ်ပွဲဖြစ်ရင်တော့ ရွာကြေပြီး မြို့ပျက်မှာပဲ။ နှစ်ဘက် အသေအပျောက်များမှာပဲ။ ပြီး ပုံသကူမဟာထေရ်ကလည်း သူ့တာဝန်ခံပါတယ်လို့ ပြောနေတော့ ...

အမတ်စစ်သူကြီးများနဲ့တိုင်ပင်ပြီး မှာစရာရှိတာမှာလို့ ညီတော်ကိုလည်း ယုံကြည်၊ ပုံသကူမဟာထေရ်ကိုလည်း ယုံကြည်လေးစားလွန်းလို့ ...

ကိုယ်ရံတော်မပါ၊ အဖော်မပါ၊ ပုံသကူမထေရ်နဲ့ ပုဂံရှိ နရသူရှိရာကို လိုက်ခဲ့လိုက်တယ်။





ပုဂံရွှေနန်းရှိရာလမ်းကိုရောက်တော့ စစ်သည်ဗိုလ်ပါတို့က ပုံသကူနဲ့မင်းရှင်စောကို အရိုအသေပြုကြတယ်။

ဘုရင်နရသူက ကြမ်းကြုတ်ရက်စက်တယ်။

မင်းရှင်စောက ပြတ်သားတိကျပြီး စိတ်ရင်းကောင်းမွန်းသီလို့ ဘမ်းမြောက်ဝမ်းသာ ကြိုဆိုကန်တော့ကြတယ်။

လက်ရှိဘုရင်နရသူက ရွှေနန်းအဝင်ဝကနေ နောင်တော်နှင့် ပုံသကူမဟာထေရ်ကို ဦးဆောင်ရှိခိုးကန်တော့တယ်။

''မင်းကြီး''

''ဘုရား ...''

''သင့်အလိုတော်အတိုင်း ကျွန်ုပ် သင့်နောင်တော် မင်းရှင်စောကို အစ်ပါတည်း ခေါ်လာပါပြီ။ သင့်ကတိအတိုင်း နန်းတင်တော်မူ ...''

''မှန်ပါ။ စိတ်ချယုံကြည်တော်မူပါ ဘုရား''

''နောင်တော် ... ကျန်းခံ့သာလို့ မာတော်မူပါသလား ဘုရား''

''ညီတော်နရသူရဲ့ ပို့သသော မေတ္တာကြောင့် ကျန်းခံ့သာပါတယ်။ ညီတော်ရော ကျန်းခံ့ပါရဲ့လား''

''ခံ့ကြောင်းပါ ... နောင်တော်၊ နောင်တော်ဘုရား ... ညီတော်သည် မပြုအပ်သည့်အမှုကို ပြုခဲ့မိသည့်အတွက် လွန်စွာနောင်တရမိကြောင်းပါ နောင်တော်။ ဒါကြောင့် ယနေ့ယခုအချိန်ကစ၍ ဟောဒီ ပုဂံရွှေထီးရွှေနန်းနှင့် ရာဇပလ္လင်ကို နောင်တော်ရှင်ဘုရင်ပြု၍ အုပ်စိုးတော်မူပါ။ ညီတော်ကိုတော့ နောင်တော်သင့်သလို စီရင်တော်မူပါရန် ပုံသကူမဟာထေရ်ကို သက်သေထား၍ တင်လျှောက်ရပါသည် နောင်တော်''

နောင်တော်မင်းရှင်စောဟာ ညီတော်နရသူရဲ့စကားကိုကြားတော့ ဒီလိုတော့လည်း ငါ့ညီတော် လိမ္မာရေးခြား ရှိနေပါကလား။ နောင်တော်ကို အရိုက်အရာထားဖို့ နားလည်နေပါကလားဆိုပြီး အားရကျေနပ်တော်မူတယ်။

ပုဂံရဲ့ရာဇပလ္လင်မှာ တရားဝင်နန်းစံမည့်သူကား နောင်တော်ရွှေနန်းရှင် မင်းရှင်စောဖြစ်ပါကြောင်း ပြောကြားပြီး မင်္ဂလာချိန် နံနက်မှာပဲ ပြည်သူ့ရှိ



www.burmeseclassic.com

www.burmeseclassic.com



ပရောဟိတ်များနှင့် တရားဝင်အပ်လို့ မင်းအဖြစ် ရှိသေသမှုပြုကန်တော့ကြတယ်။

ကြားကြားသမျှ ရဟန်းရှင်လူ မင်းပရိသတ်တို့ကလည်း ညီတော်နောင်တော်နှစ်ပါးကို ကြည်ညိုအားရ ဝမ်းမြောက်ဝမ်းသာဖြစ်ကြတယ်။

ညီတော်နရသူကိုလည်း တော်ပါပေရဲ့လို့ ချီးကျူးကြတယ်။ နောင်တော်ညီတော်နှစ်ပါး စားတော်တည်ပြီး ရှေ့ရေးကို ဆွေးနွေးကြတယ်။

နော်တော်အလိုရှိသူများကို ရာထူး ရာခံများပေးအပ်ဖို့လည်း လျှောက်တင်တယ်။

နောင်တော်ကိုလည်း အချိန်ရှိသမျှ ရှိသေစွာ စောင့်ရှောက်ဆက်ဆံခဲ့တယ်။

ညရောက်လျှင် သုံးဆောင်ဖို့ သောက်တော်ရေ အချိုရည်နှင့် သစ်သီးစားဖွယ်များကိုလည်း စက်ရာဆောင်စားပွဲပေါ်မှာ ထားပေးခဲ့တယ်။

မင်းရှင်စောကလည်း နက်ဖြန်ကျမှ လိုအပ်သည်များကိုစီရင်မယ်လို့ပြောပြီး စက်ရာခန်းကို ဝင်ခဲ့တယ်။

အိပ်ရာဝင်ခါနီး သောက်တော်ရေတစ်ခွက်ကိုသောက်လို့ အိပ်ရာဝင်လိုက်ချိန်မှာပဲ ...

မူးဝေနောက်ကျို စူးရှနာကျင်ကာ အကြောများဆိုင်းပြီး အော့အန်လဲကျ သေဆုံးသွားခဲ့တယ်။

နံနက်မိုးသောက်တော့ ရှင်ဘုရင်မင်းရှင်စော အဆိပ်သင့်သေသည့်အကြောင်းကို သိရပြီး ...

တစ်နန်းတော်လုံး တုန်လှုပ်ချောက်ချားကြလို့။ ဒါဟာ လူယုတ်ကြမ်း နရသူရဲ့လက်ချက်ဆိုတာကို သိသွားကြတယ်။

မင်းရှင်စောရဲ့ တပ်တွေလည်း သူ့သခင် လုပ်ကြံခံရလို့ နတ်ရွာစံမှန်းသိကြရော ပုဂံပြည်ကိုတိုက်ဖို့လာခဲ့ပေမယ့် ခေါင်းဆောင်အရှင်သခင်မရှိတော့ အားကိုးရာမဲ့ပြီး အရှုံးနဲ့ပြန်ခဲ့ရတယ်။

စိတ်ကူးသစ်စာပေ



ဘုရင်မင်းရှင်စော အဆိပ်သင့်လို့ နတ်ရွာစံမှန်းကြားသိရရော ပုံသကူမဟာထေရ် နန်းတော်ထဲ မျက်စိမျက်နှာပျက်နဲ့ ရောက်ချလာပါရောခင်ဗျာ။

စိတ်မကောင်းလွန်းလို့ မဟာထေရ် တစ်ကိုယ်လုံးတုန်နေတယ်။

''ဒကာမင်းကြီးနရသူ''

''ဘုရား ...''

''သင် ဘယ်လိုလုပ်လိုက်တာလဲ နရသူ။ ဒကာ ကျွန်ုပ်ကိုပြောဆိုတုန်းက နောင်တော်မင်းရှင်စောကို နန်းတင်မည်လို့ပြောပြီး အခု ဘာကြောင့် သင်လုပ်ကြံရတာလဲ နရသူ ဟင် ...''

''မှန်ပါ ကိုယ်တော်။ ကိုယ်တော့်ကို ကတိပေးထားခဲ့တဲ့အတိုင်း နောင်တော်ကို နန်းတင် ရာဇပလ္လင်ပေါ် တင်ပေးခဲ့ပြီးပါပြီ။ နောက်ပိုင်း အဆိပ်ခတ်လုပ်ကြံရတာသည် အရှင့်ကိုပေးသည့်ကတိနှင့် ဘာမှမဆိုင်ပါ ကိုယ်တော်''

''ဒကာနရသူ ... သင် ကျွန်ုပ်ကို လှည့်စား အရှုံးလုပ်လိုက်တာပဲ။ သင်ဟာ ဧကျေးဖူးရှင် ဖခမည်းတော်ကိုလည်း လုပ်ကြံသတ်ဖြတ်ခဲ့သလို နောင်တော်အရင်းကိုလည်း ဘုန်းကြီးရဟန်း ကျွန်ုပ်ကို ခုတုံးလုပ် လှည့်ဖြားပြီး လုပ်ကြံတယ်။ မင်းရှင်စောဟာ ကျွန်ုပ်ကိုယုံကြည်ပြီး လိုက်ခဲ့တာ။ ခုတော့ မင်းရှင်စောရော၊ ကျွန်ုပ်ရော အဖြစ်ဆိုးတွေ ကြုံရပါပြီကော ... နရသူ''

''အရှင် ... နေသာသလို နေပါလေ။ ကျွန်ုပ်အနေနှင့်ကတော့ ငရဲနှင့်ရင်းပြီး ရယူခဲ့ရတဲ့ ရာဇပလ္လင်ပါ။ မည်သူ့ကိုမှ အသာတကြည် မပေးအပ်နိုင်ပါဘူး ဘုရား။ သို့သော် အရှင့်ကိုတော့ ကြည့်ပါမယ်အရှင်''

ပုံသကူမထေရ် ရက်စက်ကြမ်းကြုတ် သစ္စာမရှိ၊ ကတိမတည်၊ ငရဲကြောက်တဲ့ မင်းဆိုးမင်းညစ်ရဲ့နန်းတော်ထဲကနေ စိတ်မကောင်းကြီးစွာနဲ့ ထွက်ခဲ့လိုက်တယ်။

သည့်နောက် မင်းဆိုးမင်းညစ်ရှိတဲ့ နိုင်ငံတိုင်းပြည်မှာ မနေလိုလို့ သီဟိုဠ်ကျွန်းကို ကြွသွားတော့တယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တိုင်းသူပြည်သားများလည်း နရသူရဲ့ ရက်စက်မှုကြောင့် မျက်ရည်ပေါက်ပေါက် ကျကြရတယ်။

အမျိုးမျိုး တိုင်းသူပြည်သားတွေကို ခိုင်းတယ်။ မလိုရင် သတ်ပစ်၊ ထောင်ကျဉ်းချတယ်။

သန့်စွမ်းကျန်းမာတဲ့ ရဟန်းတို့ကို အဓမ္မလူထွက်စေပြီး စစ်မှုထမ်းစေတယ်။

အဲဒါ ရဟန်းသံဃာတွေက သက်နီးချွတ် လူမထွက်ချင်ကြဘူး။ သို့သော် နရသူရဲ့ အဓမ္မပြုမှုကိုစိုးရွံ့ပြီး သီဟိုဠ်ကျွန်းကို ပြေးကြတာ။

ပုဂံ(ပေါက္က)ပြည်မှာ ဗုဒ္ဓဘာသာရဟန်းအိုကြီးတွေမျှသာ ကျန်ရစ်ခဲ့တယ် နောင်တော်။

အချို့တိုင်းသူရွာသားတို့လည်း ကြောက်လန့်ပြီး တခြားတစ်ပါးမွန်တို့ရှိရာအရပ်ကို ပြောင်းကြပါရော။

ရှင်ဘုရင်က အဓမ္မသမား လူရမ်းကား တရားမဲ့မင်းဆိုးမင်းညစ်လေ။

အဖကိုသတ်တယ်။

အစ်ကိုသတ်တယ်။

ရဟန်းကိုလိမ်တယ်။

ရဟန်းတွေကို နှိပ်စက်တယ်။

တိုင်းသူပြည်သားအပေါ် ရက်စက်ကြမ်းကြုတ်တယ်။ ရှင်ဘုရင်မကောင်းတော့ မင်းမှုထမ်းများက သာဆိုးရဲကြတာပေါ့။

ခါးပြတိုက်လည်း ရှင်ဘုရင့်လူတွေပဲ။

လုယက်အနုကြမ်းစီး၊ လူသတ်လည်း ရှင်ဘုရင့်လူပဲ။

သူများသားမယားဖျက်ဆီးလည်း ရှင်ဘုရင့်ဆွေမျိုးနဲ့ ရှင်ဘုရင့်လူယုံတွေပဲ။ ဘယ်သူ မဖွင့်မပြောရဲဘူး။

ကြည့်စမ်းပါ နောင်တော်ရယ်။

စိတ်ကူးသစ်စာပေ



ခမည်းတော်လက်ထက် ကုလားမင်းက ဆက်သတဲ့ ပဋိက္ခရားမင်းသမီး၊ အလောင်းစည်သူမင်းရဲ့ မိဖုရားပါ။ မင်းရှင်စောလည်း ကုလားမင်းသမီးကို မကြည်ခဲ့ပါဘူး။

အခု နရသူက သူရှင်ဘုရင်ဖြစ်နေချိန်မှာ ကုလားမင်းသမီး ပဋိက္ခရားက အရှိအသေမပြုလား၊ မချဉ်းကပ်ရလားဆိုပြီး သူသတ်တွေနဲ့ ကွပ်မျက်လိုက်ပါရောဗျာ။

ကုလားမင်းသမီးခမျာ လင်တော်မောင် အလောင်းစည်သူမျက်နှာနဲ့ နေရတာပါ။ အခု သေပြီ။

အဲဒီအကြောင်းကို ကုလားပြည်က ကုလားမင်းကြီးကြားရော အမျက်ဒေါသ ခြောင်းခြောင်းထွက်ပြီး ကုလားသူရဲကောင်းရှစ်ယောက်ကို လုပ်ကြံဖို့ လက်နက်တွေနဲ့ စေလွှတ်လိုက်တယ်။

ကုလားသူရဲကောင်းရှစ်ယောက်က ဘုရင်နရသူရှိရာ နန်းစက်ရာထဲကို ညဘက် လျှို့ဝှက်ဝင်ရောက်ပြီး ဓားတိုဓားရှည်လက်နက်တွေနဲ့ ထိုးခုတ်သတ်လိုက်တာ ရုပ်ပျက်ဆင်းပျက် သေရောဗျာ။

သင်းလို ရက်စက်ကြမ်းကြုတ်တဲ့ ဘုရင်သေတာကို နတ်ရွာစံတယ်လို့ မပြောချင်ဘူးဗျာ။

ကုလားသူရဲကောင်းတွေက အစောင့်တွေကိုသတ်ပြီးမှ ဘုရင့်စက်ရာခန်းကိုဝင်ပြီး မေးသတ်သတဲ့။

နရသူကိုသတ်ပြီးနောက်မှာ ကုလားသူရဲကောင်းရှစ်ယောက်တာ မြန်မာ့တပ်တော်သားများထံမှာ အညံ့မခံကြဘူး။

သူတို့အရှင်သခင် ကုလားမင်းက ပြောသကိုး။

''သူရဲကောင်းတို့ . . . ငါ့သမီး ပဋိက္ခရားကို ရက်စက်စွာသတ်တဲ့ ဘုရင်နရသူကို မင်းတို့ ရက်စက်စွာ ပြန်သတ်ခဲ့၊ မင်းတို့လည်း ပုဂံကနေ ပြေးလို့လွတ်မှာမဟုတ်ဘူး။ နရသူကိုသတ်ပြီးရင် မင်းတို့ရှစ်ယောက် ကိုယ့်ကိုယ့်ကိုယ် သတ်သေအဆုံးစီရင်ကြ''

ကုလားမင်းပြောသည့်အတိုင်းပါပဲ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားကြလေရဲ့။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကုလားသတ်လို့သေတဲ့မင်းမို့လို့ ကုလားကျမင်းလို့ နောင်အခါ ခေါ်ကြတာပဲ နောင်တော်ရေ။

ငါ့ကိုယ်ငါ အထင်ကြီးနေတာ လူကြမ်းနရသူပဲ။

ပါးစပ်ထဲမှာ အာဏာရှိနေတာ နရသူပဲ။

အာဏာကို လက်တွေ့အကောင်အထည်ဖော်တာက သူ့လူယုံးကျွက် အာဏာသားတွေပဲ။

နှစ်နိုင်ငံ ချစ်ကြည်ရေး သူနားမလည်ဘူး။ မြန်မာ့ယဉ်ကျေးမှု အလေးအထားဘူး။ ကိုယ့်ကိုယ်ကိုယ် ဗုဒ္ဓဘာသာ မြန်မာလူမျိုးအမည်တပ်ပြီး ...

အဖကို သတ်တယ်။

အစ်ကိုကို သတ်တယ်။

အဖေရဲ့မယားကို သတ်တယ်။

ရဟန်းတွေကို ဓော်ကားတယ်။

တိုင်းသူပြည်သားကို စောင့်ရှောက်ရမည့်အစား အာဏာနဲ့ နိုင်လိုမင်းထက် ပြုမူအုပ်စိုးခဲ့တယ်။

အဖနဲ့အစ်ကိုကိုသတ်ပြီးမှ သင်းက နောင်တရလာတယ်။ ဒါကြောင့် 'ဓမ္မရုံကြီး' ဆိုတဲ့ ကောင်းမှုတော်စေတီကို တည်ခဲ့ပေမင့် ...

ငါ့အပြစ်တွေကို နတ်သိကြားများက လက်ခံပါ့မလား။ ဖယ်ရှားပေးပါ့မလားဆိုတဲ့ စိုးရိမ်ကြောက်လန့်မှုနဲ့ ကောင်းမှုတော်ကြီးကို အပြီးမတည်နိုင်ခဲ့ဘူး။

✿ ✿ ✿

| ၇ |

▢

အဲဒီမင်းဆိုးမင်းညစ် နရသူက သေရမှာတော့ ကြောက်သားဗျ။ ပြီး ...ရွှေနန်းစည်းစိမ်ရဲ့ အရသာကို ခံစားသိရှိနေရတော့ ရွှေနန်းစည်းစိမ်ကို မစွန့်ချင်ဘူး။

မောင်းမမိသံများစွာနဲ့ ပျော်ပါးရတဲ့အရသာကလည်း နောင်ဘဝရောင်မှုရမှာမို့ အသက်ရှည်ချင်တယ်။

အသက်ရှည်ဆေး အလိုရှိတယ်။

ဒါနင့်အတူ သူ့ဝန်းကျင်မှာ မလိုသူရန်သူတွေ ရှိနေမှန်းသိလို့ ကာယသိဒ္ဓိဆေးများရရင် လိုချင်တယ်။

ဒီလို မျှော်လင့်တောင့်တ စိတ်ကူးယဉ်နေတုန်းမှာပဲ ရွှေနန်းတော်ထဲကို ရှင်မထီးဆရာတော် ကြွလာတာပဲ။ သူ့နန်းတော်ထဲ ရှားရှားပါးပါး ကြွလာတာရယ်။

"အရှင်ဘုရား ... မည်သို့သောကိစ္စနှင့် ကြွရောက်လာပါသနည်း ဘုရား"

"မင်းကြီး ... ငါသည် သိဒ္ဓိဆယ်ပါးပြီးစေမည့် ပြဒါးခဲတစ်လုံးကို ဆောင်နေပါတယ် ... မင်းကြီး"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"အရှင် ... သိဒ္ဓိဆယ်ပါးပြီးမြောက်သည့် ခတ်လုံးဆိုတာ အမှန် တကယ်ရော ရှိပါရဲ့လားအရှင်"

"ဟောဒီမှာကြည့် ... မင်းကြီး။ ဒါ ငါတို့ရသည့် ပြဒါးခတ်လုံး ပဲ။ အခု ပြီးပြည့်စုံတဲ့အသံ ဗိန္ဒုအဆင့်ရောက်ရင် ရွှေလိုရွှေ၊ ငွေလိုငွေ၊ ခါးပြီ တုတ်ပြီး အသက်ရှည်လို့ မြေလျှိုးမိုးပျံနိုင်ခြင်း သူတစ်ထူးစိတ်ဖြင့် ကြံစည် နေသည်ကို အလိုလိုသိခြင်းစတဲ့ လက်ဝဲလက်ယာလမ်း သိဒ္ဓိတွေရလာလိမ့် မယ်။ အခု အဲဒီအဆင့်ကိုရောက်ဖို့ အနည်းငယ်ပဲ လိုအပ်နေတယ်"

"အရှင်ဘုရား"

"ပြောပါ ဒကာရေမြေ့ရှင်"

"အဲဒီခတ်လုံးကနေ သိဒ္ဓိဆယ်ပါး အမှန်တကယ် ရနိုင်ပါ့မလား ဘုရား"

"ရမယ်"

"ဒါဆို ဘုရားတပည့်တော် ဘာများကူညီရမှာပါလဲဘုရား"

"ငါ ... ရွှေလိုတယ် ရေမြေ့ရှင်။ ဟောဒီ ပြဒါးခတ်လုံးက ရွှေ အလွန်စားတယ်။ ရွှေကျွေးလို့ (၄) ကြိမ် မီးပေးပြီးရင် သိဒ္ဓိမြောက်ပါပြီ။ ဒါကြောင့် ဒကာရေမြေ့ရှင်ထံက ရွှေများအလှူခံဖို့ ကြွခဲ့ရတာပါ ... ဒကာ တော်"

"အရှင်ဘုရား ..."

"ပြော ...."

"ရွှေပေးပြီးမြောက်တဲ့အဆင့်ရောက်ရင် တပည့်တော်ကို ဘယ်လို များ ကျေးဇူးပြုမှာပါလဲဘုရား"

"တစ်အချက် ... ဒကာနန်းတော်မှာရှိသမျှ ကြေးကိုအရည်ကျို ပြီး ဟောဒီပြဒါးခတ်လုံးနဲ့ထိရင် ရွှေဖြစ်ရမယ်။ ကျုပ် ပေါက္ကံတစ်ပြည်လုံး ရွှေမိုးကြီးရွာသကဲ့သို့ ကျုပ် မ,စသွားမှာပါ။ မင်းကြီးကိုလည်း အသက်ရှည် အောင် ချမ်းသာအောင် ကျုပ် ဒီခတ်လုံးနဲ့ လက်ဝဲလမ်း ဆေးဝါးစီရင် လုပ်ပေးမှာပါ ... မင်းကြီး"





"မှန်ပါ ... ကြားရရုံမျှနဲ့ပင် ဝမ်းမြောက်လှပါပြီ ဘုရား။ အရှင့် ရဲ့ အဂ္ဂိရတ်ကိစ္စကလည်း ရွှေနန်းတော်တိုင်အောင် သတင်းပြန့်လှပါတယ် ဘုရား။ ဒါကြောင့် အရှင်လိုသမျှ ရွှေနဲ့ငွေကို ဘုရားတပည့်တော် လှူပါ့မည် ဘုရား"

ဒါနဲ့ ပေါက္ကံပြည်ရှင် ဘုရင်နရသူက ဘုရင့်ဘဏ္ဍာတိုက်ရွှေတွေ ကို ထုတ်ထုတ်ပြီး လှူတော့တာပဲ။

ရှိသမျှရွှေတွေလည်း ပြဒါးခတ်လုံးကိုကျွေး၊ ရထားတဲ့ ရှေးပေမှ အရ အချဉ်ရည်နဲ့ ခတ်လုံးကို စိမ်ပါသော်လည်း ခတ်လုံးက အသံဗိန္ဒု အဆင့်ကို မရဘူးဖြစ်နေတုန်းပဲ။

ရှင်မထီးထင်တာက ရွှေမဝသေးလို့ထင်ပြီး ဘုရင့်ထံရွှေတွေကို တစ်ခါတလဲလဲ အလှူခံပြီး ကျွေးလိုက်တာ။ ဘယ်လိုကြောင့် ပြီးမြောက်တဲ့ အဆင့်ကို မရပါလိမ့်။

ခတ်လုံးမအောင်မြင်ပဲ ...

ရွှေပေးတဲ့ဘုရင်နရသူလည်း ရှိသမျှရွှေကုန် ...

ရှင်မထီးကို အားကိုးယုံကြည်ကြတဲ့ ကျွန်တော်တို့လင်မယား အပါအဝင် သူဌေးတွေလည်း ရွှေပေးလှူရင်းမွဲ။

ပြောရရင် ... နောင်တော်ရယ်။

အဂ္ဂိရတ်ဆရာတော် ရှင်မထီးကိုမြင်ရင် ရွှေအလှူခံမှာစိုးလို့ အချို့ ရှောင်ပုန်းကြတယ်။

"ရှင်မထီး ကြွလာနေပြီဟေ့"

"ဟုတ်လား ... ကိုရင်ဆုံ ဘယ်နားရောက်နေတုန်းတော်"

"ရှောင်ကြဟဲ့ ... ပုန်းကြ"

"မြန်မြန်မွဲချင်ရင် ရှင်မထီးဖိုရုံကိုသွားနော်"

"ဟာဗျာ ... မွ ... မွ ... နိမိတ်မရှိနမာမရှိဗျား ..."

"ရှင်ဘုရင်ကလည်း ရွှေမလှူတော့ဘူးတဲ့ဗျ"

"မယုံတော့ဘူးလေဗျာ"

"ရှင်မထီး ရူးများနေရော့လားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"သူရှုးတာ အရေးမကြီးဘူး။ ရှင်ဘုရင်ကိုသွားလိမ်တာ မလွယ်ဘူးဗျ"

ဘုရင်နရသူကလည်း သိဒ္ဓိဆယ်ပါးပြီးတဲ့ ပြဒါးရှင်လုံးနဲ့ အရောက်လာမည့် ဆရာအရှင် ရှင်မထီးကို နေ့စဉ်မျှော်တယ်။

ရှင်ဘုရင်ပိုင်ရွှေလည်း ကုန်ပြီလေ။ သို့သော် ပြဒါးခဲတ်လုံးရှင် ဆရာတော်ရှင်မထီး ပေါ်မလာသေးဘူး။

"အမတ်ကြီး"

"ဘုရား ..."

"ရှင်မထီးဆရာတော် နန်းတော်ကို မကြွလာ ကြာပါရောလား"

"မှန်ပါ။ အဂ္ဂိရတ် အလုပ်များနေထင်ပါဘုရား"

သို့သော် ဘုရင်က အထင်တစ်မျိုး။ ရှင်မထီး ပြဒါးလုံးအောင်ပြီ အဝေးကိုပြေးလေရော့သလား သံသယက ဝင်နေတယ်။

"အမတ်ကြီး"

"ဘုရား ..."

"ဆရာတော်ရှင်မထီးရဲ့ ဖိုရုံကို အမြန်သွား။ အကျိုးအကြောင်းမေး။ ကျွန်ုပ်ပေးထားသည့်ရွှေလည်း မနည်းဘူး။ ခဲတ်လုံးရဲ့အဆင့် ပြီးမြောက်ရင်လည်း ရွှေနန်းတော်ကို ကြွတော်မူပါလို့ သွားလျှောက်ချေဟဲ့"

"အမိန့်တော်မြတ်အတိုင်းပါဘုရား"

အမတ်ကြီးလည်း နောက်ပါလက်သားအချို့နဲ့ ရှင်မထီးရဲ့ဖိုရုံရောက်တော့ ...

ရှင်မထီးဟာ ချောက်သီးရည်များညှစ်ပြီး ပြဒါးလုံးကို ဆေးနေ၊ စိမ်နေတာကို မြင်ရတယ်။

အမတ်ကြီးနဲ့ နောက်လိုက်များက ရှင်မထီးကို ရိုသေစွာ ရှိခိုးကြတယ်။ ဒါနဲ့ ဆရာတော်ရှင်မထီးက မေးတယ်။

"အမတ်ကြီး ..."

"ဘုရား"





"ဘာကိစ္စရှိလို့ ဖိုရုံထိ လိုက်လာကြသတုံး"

"မှန်ပါ ... ကိုယ်တော်၊ အရှင်မြတ်ကြီးက ခဲတ်လုံးရဲ့ နောက်ဆုံးအဆင့် အောင်မြင်ပြီးမြောက်ခဲ့ရင် ရွှေနန်းတော်ကို ကြွဖို့ လာရောက်လျှောက်ထားရခြင်းပါ ဘုရား"

"အိမ်း ..."

ရှင်မထီးက အချဉ်ရည်တွေ တစ်မျိုးပြီးတစ်မျိုးနဲ့ ခဲတ်လုံးကို ဆေးနေတုန်း၊ စိမ်နေတုန်းပဲ။

"ကိုယ်တော် ..."

"အိမ်း ... ငါလည်း နောက်ဆုံးအဆင့်ကို ကြိုးစားနေတုန်းပါပဲ အမတ်ကြီး။ ကြည့်ရတာ ရွှေမဝလို့များလား မသိဘူး။ နောက်ဆုံးအဆင့်မှာ တန့်နေတယ်"

"သိဒ္ဓိမြောက်ခဲတ်လုံး မဖြစ်သေးဘူးပေါ့ဘုရား"

"အိမ်း ..."

"ဘာများလိုနေသေးလို့ပါလဲ ဘုရား"

"ရွှေထပ်ကျွေးရင် အောင်မယ်လို့ထင်တယ်။ မင်းကြီးကိုပြောလိုက်ပါ ... အမတ်ကြီး"

"ဒီတစ်ခါ ရွှေလိုအပ်သမျှကျွေးရင် အောင်မြင်မယ်လို့ ပြောနိုင်ပါပြီလား ဘုရား"

"ဖြစ်နိုင်ပါပြီ"

"ဒါဆို ... မင်းကြီးကို ပြန်တင်လျှောက်လိုက်ပါမယ် ဘုရား"

အမတ်ကြီးက ရှင်မထီးရဲ့ အဂ္ဂိရတ်အလုပ်ရုံကနေ ပြန်လာပြီး ဘုရင်နရသူကို တင်လျှောက်လိုက်တယ်။

"အမတ်ကြီး ... ဒီတစ်ခါ ရွှေကျွေးပြီးရင် သူ့ခဲတ်လုံးဆယ်ပါးပြီးမြောက်သည့် အဆင့်ရောက်တာ ကျိန်းသေမလား"

"မှန်ပါ ... ရှင်မထီးကတော့ ဖြစ်နိုင်ပါပြီလို့ ပြောကြောင်းပါဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ။ နောက်ဆုံးအကြိမ်အနေနဲ့ ကျွန်ုပ်လိုအပ်တဲ့ရွှေကို ပေးလိုက်မယ်။ ဒါ နောက်ဆုံးအကြိမ်ပဲလို့ ပြောလိုက်။ ဒီတစ်ကြိမ်မှ မပြီးမြောက်ရင် . . ."

အဲဒါ ဘုရင်နရသူက နောက်ဆုံးရွှေကို ပေးလိုက်တယ်။

ရှင်မထီးကလည်း ရွှေကျွေးနိုင်ရင် ပြီးမြောက်မယ်ထင်ပြီး ရှင်ဘုရင်ပေးတဲ့ရွှေ ဓာတ်လုံးကျွေး၊ (၁၀၈) မီးလည်း ထိုးပြီးပြီ။

ဓာတ်လုံးက ပြဒါးလုံးအဆင့်နဲ့ သိပ်သည်းနေပြီ။ အဲဒါ အချဉ်ရည်အမျိုးမျိုးနဲ့စိမ်သည့်တိုင် ပြဒါးဓာတ်လုံးက ထူးခြားသည့်အစွမ်းသတ္တိ လုံးဝမပြတော့။

ရှင်မထီး ချွေးပြန်လာပြီ။

သူ ဘာလိုနေလို့များလဲ။ ပေစာတွေကို ပြန်ကြည့်လည်း အရှိမ အဆင့်အကြောင်း မတွေ့ရဘူး။

ချဉ်ရည်နဲ့စိမ်ရမည်ပဲ သိရတယ်။

ဒီမှာပဲ ပေါက္ကံရွှေနန်းက ဘုရင်နရသူရဲ့အမတ်ကြီး ရောက်လာပြီး မေးရော။

"ဆရာတော်"

"အိမ်း . . . ပြော . . . ဒကာ"

"ဓာတ်လုံးပြီးမြောက်အောင် မြင်ပါပြီလား . . . ကိုယ်တော်"

ရှင်မထီး ပြောဖို့ရာ နှုတ်ဆွံ့နေတယ်။

"မင်းကြီးက အမြန်သိချင်နေပါပြီ ကိုယ်တော်"

"ဟူး . . ."

ရှင်မထီး သက်ပြင်းချပြီး ဓာတ်လုံးကိုကြည့်လို့ ခေါင်းတညိတ်ညိတ် လုပ်နေတာမြင်ပြီး အမတ်ကြီးသဘောတော့ ပေါက်နေပါပြီ။

"ဒကာအမတ်ကြီး"

"ဘုရား"

"မင်းကြီးကိုပြောလိုက်။ ငါ့ပြဒါးဓာတ်လုံး အသံဗိန္ဒုရသအဆင့် မရောက်တော့ဘူး"





"ဘာကိုဆိုလိုတာပါလဲ ဘုရား"

"ငါ့ဓာတ်လုံးဟာ ၁ သိဒ္ဓိ(၁၀)ပါးဝင်တဲ့အဆင့်ကို မရဘူး"

"ဟင် . . ."

"ငါ ဆက်ပြီး ကြိုးစားနေတယ်။ အောင်မြင်ခဲ့ရင် ရွှေနန်းတော်ကို ဦးစွာကြွခဲ့မယ်လို့ ပြောလိုက်"

ရှင်မထီးပြောတဲ့အတိုင်း ဘုရင်နရသူကို လျှောက်တင်လိုက်ရော။ နရသူ အမျက်ဒေါသ ခြောင်းခြောင်းထွက်တော့တာပဲ။

ဒါ . . . သူလိုရှင်ဘုရင်ကို လိမ်ပြီးရွှေတွေယူတာ။

ဓာတ်လုံးကို ရွှေကျွေးတာရော ဟုတ်မှဟုတ်ရဲ့လား။

ငါလိုဘုရင်ကို သူက အကဲစမ်းတာကိုး။

ခုတော့ ငါ့မှာရှိတဲ့ရွှေတွေ ကုန်ပြီ။ ရှင်ဘုရင်တောင် ရွှေမရှိတဲ့ ဘုရင်ဘဝကို ရောက်လုနီးနီးဖြစ်နေရတာ ဒီအဂ္ဂိရတ်ရူး ရှင်မထီးကြောင့်။

"အမတ်ကြီး"

"ဘုရား . . ."

"စစ်သူကြီးများခေါ်သွား။ ရှင်မထီးကို စစ်ဆေးပြီး တစ်ကျောင်းလုံးကို ရှာ၊ ငါ မယုံတော့ဘူး။ သူတပည့်ကျော်စွာနဲ့ မယ်သော်တာကိုများ ရွှေတွေ ပေးရော့လား။ အသေအချာစစ်ဆေး။ မှန်မှန်ကန်ကန် မပြောနိုင်ရင် ရှင်မထီးရဲ့ မျက်လုံးနှစ်လုံးကို ဓားနဲ့ဖောက်ပြီး ပြစ်ဒဏ်ခတ်စေ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၈ ]

❑

ရှင်ဘုရင်အမိန့်အတိုင်း ရှင်မထီးရဲ့ကျောင်းကိုရော ကျွန်တော်နဲ့ မသော်တာရှိရာကိုပါ ရောက်လာစစ်ဆေးကြတယ် နောင်တော်ရယ်၊

''ကျော်စွာ ...''

''ဘုရား ...''

''မင်းတို့လင်မယားက ရှင်မထီးရဲ့ တပည့်အရင်းအချာတွေဆို ဟုတ်သလားဟေ့ ကျော်စွာ''

''မှန် ... မှန်ပါ ဘိုးဘိုးကြီးခင်ဗျား''

''မင်းတို့ကို မင်းတို့ဆရာတော် ရှင်မထီးကရော ရွှေစငွေစများ ထောက်ပံ့ပေးကမ်းတယ်ဆို ကျော်စွာ''

''မဟုတ်ရပါဘူး ဘိုးဘိုးရယ်၊ ဘဘုန်းက ပေးဖို့နေနေသာသာ ဘုရားကျွန်တော်မျိုးတို့ကသာ ဘဘုန်းလိုအပ်တဲ့ရွှေကိုလှူရင်း သူကြွယ် ဘဝကနေ ဆင်းရဲသား သူရင်းငှားဘဝကို ရောက်ခဲ့ရတာပါ ဘိုးဘိုးရယ်''

''ဟုတ်ရဲ့လား ကျော်စွာနဲ့ မယ်သော်တာ။ နင်တို့လင်မယား ရှင်ဘုရင်ကို မညာနဲ့နော်။ ညာရင် ပေါ်ပေါက်ရင်သေဒဏ် နားလည်လား''

''မဝံ့ပါဘူးဘိုးဘိုးရယ်။ ကျိန်ဝံ့ပါတယ် ဘုရား''





''ဗိုလ်မင်းတို့ အိမ်အနှံ့ရှာကြစမ်းဟေ့''

တစ်အိမ်လုံး အနှံ့ရှာကြတယ်။ ကျွန်တော့်သားငယ်လေးကလည်း ကြောက်လို့ ငိုပေါ့နောင်တော်ရယ်။ တစ်အိမ်လုံး ဘုရားစင်ပေါ်က ညောင်ရေအိုးသာမက၊ ဖျာကြားဆန်တောင်းကြားပါမကျန် ဘုရင့်အမှုထမ်းတွေ ပိုက်စိပ်တိုက်ရှာကြတာပါဗျာ။

အချို့က မြေကြီးကိုစူးထိုးပြီး ရှာကြသေးရဲ့ခင်ဗျ။

''ဘယ်နှယ့်တုံး ဗိုလ်မင်း''

''မတွေ့ပါဘူး အမတ်ကြီး''

''ဟေ့ ... ငကျော်စွာ''

''ဘုရား ...''

''မင်း ... မှန်မှန်ဖြေနော် ကျော်စွာနဲ့ မယ်သော်တာ''

''မှန်ပါ ... ဖြေပါ့မယ် ဘိုးဘိုးရှင့်''

''မင်းတို့ဆရာတော် ရှင်မထီး ဓာတ်လုံးအောင်ပြီး သိဒ္ဓိ(၁၀)ပါး ရနေမလား''

''မရသေးပါဘူး ဘုရား''

''ညာပြောနေတာလား ကျော်စွာ''

''ဘိုးဘိုးတို့ရယ် ... ဆရာတော် ဓာတ်လုံးအောင်မှတော့ မြေလှိုးမိုးပျံတော့မှာပေါ့။ တစ်နယ်လုံးကို ချီးမြှောက်မ,စမှာပေါ့ ... ဘုရား။ အခု ဆရာတော်ကိုယ်တိုင် လမ်းလျှောက်နေရတုန်းပါ ဘုရား''

''အေး ... အေး ... ဒါလည်း ယုတ္တိရှိပေသကွယ်၊ ဒါနဲ့ကွယ် ရှင်မထီးဟာ ပုဂံပြည့်ရှင် ဘုရင်နရသူမင်းထံက ရွှေတွေအလှူခံ မကြာခဏ ခံယူတာ မနည်းဘူး မယ်သော်တာရဲ့''

''မှန်ပါ ဘိုးဘိုး''

''အဲဒီရွှေတွေ ဘယ်ရောက်သွားတုံးကွယ့်''

''တပည့်တော်မတို့ အဂ္ဂိရတ်ပညာအကြောင်း စေ့စေ့စုံစုံ နားမလည်ပါဘူး ... ဘိုးဘိုးရယ်။ မီးအုပ်လုပ်နေတာတော့ ဆွမ်းပို့ရင်း နေ့တိုင်း မြင်ရကြောင်းပါ ဘိုးဘိုး''



www.burmeseclassic.com

www.burmeseclassic.com



"ရှင်မထီး အင်္ဂရိတ်ထိုးနေစဉ်မှာရော အခြားသူယောက်ျား၊ သူ့မိန်းမ၊ ဆွေမျိုးသားချင်းများ လာရောက်ချေငှား ပြောဆိုတာမျိုးများ မြင်ရကြားရလားဟဲ့"

"မမြင်ပါ . . . ဘိုးဘိုးခင်ဗျား"

"မကြားသိရပါ . . . ဘိုးဘိုးရှင်"

"သေချာလား . . . ကျော်စွာနဲ့သော်တာ"

"သေချာကြောင်းပါ . . . ဘိုးဘိုး။ မဟုတ်မမှန်စကားများလည်း မပြောဆိုဝံ့ကြောင်းပါ . . . ဘိုးဘိုး"

"ငါတို့စုံစမ်းလို့များ မင်းတို့လင်မယားပါကြောင်း သိရရင် မင်းတို့ တစ်အိမ်သားလုံး သေဒဏ်နော် . . . ငကျော်စွာ"

"မှန်ပါ . . . ဘိုးဘိုး"

ကျွန်တော်တို့လင်မယားအိမ်က အမတ်ကြီးတို့ပြန်ခဲ့ပြီး ရှင်မထီး ကျောင်းမှာ ရှာဖွေတော့လည်း သိမ်းဝှက်ထားတဲ့ရွှေငွေ လုံးဝ မတွေ့ရဘူး။ ဦးသူတော်နဲ့ ဘုန်းကြီးကျောင်းသားများမေးလည်း မပြောတတ်ကြ။

"ကိုယ်တော် . . . ရှင်ဘုရင့်ရွှေတွေကို ခတ်လုံးထိုးရာမှာသုံးတာ အမှန်ဟုတ်ရဲ့လား"

"မှန်ပါတယ် . . . ဒကာအမတ်ကြီး"

"ခတ်လုံး ဘာကြောင့် သိဒ္ဓိဆယ်ပါး မစွမ်းရတာတုံး"

"ဘုန်းကြီးလည်း စဉ်းစားလို့မရသေးပါဘူး . . . ဒကာ"

"ဒါဆို ရှင်ဘုရင်ရဲ့ ရွှေတွေကို လိမ်ညာပြီးယူတာ ဖြစ်မနေဘူးလား . . . ကိုယ်တော်"

"ကျုပ် . . . လိမ်ညာပြီးယူခဲ့တာ မဟုတ်ပါဘူး . . . အမတ်ကြီး။ ခတ်လုံး အမှန်တကယ် သိဒ္ဓိမြောက်ခဲ့ဖို့ လုပ်ရခြင်းပါ။ ခတ်လုံးအောင်နိုင်လည်း မင်းကြီးအတွက် ရွှေငွေများသာကမ ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိသည့် အသက်ရှည်ပြီး တိုင်းသူပြည်သားတို့ရဲ့ မေတ္တာခတ်များ ပိုလို့သာ၍ ရရှိအောင် လုပ်ပေးမှာပါ။ သို့သော် . . ."

"ရှင်မထီး . . ."

စိတ်ကူးသစ်စာပေ



"ဒကာ . . ."

"ရှင်ဘုရင်နရသူရဲ့ မင်းမိန့်ပါတယ်။ တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့ ရာဇမင်းထံမှ ရွှေချိန်များစွာကို ခတ်လုံးအကြောင်းပြ လိမ်လည်လှည့်ဖြား ယူခဲ့သည်မှာ ထင်ရှားသည့်အတွက် . . ."

ရှင်မထီး စိုးရိမ်ကြီးစွာနဲ့ အမိန့်ကို ငံ့လင့်နေတယ်။

"အင်္ဂရိတ်ဆရာရှင်မထီးရဲ့ မျက်လုံးနှစ်လုံးကို ဓားနှင့်ထိုးဖောက်၍ ယူခဲ့စေ"

"အို . . . ."

"ဘုရား . . . ဘုရား . . ."

"အမယ်လေး . . ."

အကွယ်ကနေ စောင့်နားထောင်နေကြတဲ့ ဦးသူတော်နဲ့ ဘုန်းကြီးကျောင်းသားများ အံ့ဩထိတ်လန့်သွားကြတယ်။

အဲဒီမှာပဲ မင်းချင်းယောက်ျားများက ရှင်မထီးကို နောက်ပြန်ချုပ်ခေါင်းမော့စေပြီး ဓားချွန်နဲ့ မျက်လုံးနှစ်လုံးကို ရက်စက်ကြမ်းကြုတ်စွာ ထုတ်ယူသွားကြတယ်။ ရှင်မထီး လူးလွန့်အံကြိတ်။

မင်းချင်းများပြန်တော့ မျက်စိနှစ်လုံးဟောက်ပက်နဲ့ သွေးတွေယိုစီးပြီး ရှင်မထီး အသားဆတ်ဆတ်တုန်နေတယ်။

"ဘဘုန်း . . ."

"ဘဘုန်းဘုရား . . . ဟီး . . . ဟီး . . ."

ဘုန်းကြီးကျောင်းသားများ ပြေးလာပြီး ရှင်မထီးရဲ့ သင်္ကန်းကို ကိုင်လို့ သည်းထန်စွာ ငိုကြွေးကြတယ်။

သင်္ကန်းစုတ်ကို ရေဆွတ်ပြီး ရှင်မထီးရဲ့မျက်စိက သွေးများကို သုတ်ပေးလို့။

ရှင်မထီး ဘာကိုမှ မမြင်ရတော့ဘူး။

သူကလည်း ဘုန်းကြီးကျောင်းသားများရဲ့ ဝမ်းနည်းပက်လက် ရှိုက်ငိုသံများကို ကြားရပြီး စိတ်မကောင်းဖြစ်ခဲ့ရတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာပြင်ပေါ်နဲ့ မျက်လုံးအိမ်က သွေးတွေကို ရေစိုသက်နှီး စနဲ့သုတ်ရင်း နောင်တလည်းရနေတယ်။

ငါ့မျက်လုံးနှစ်လုံး အဖောက်ခံရတာ ပောဒိဓာတ်လုံးကြောင့်ပဲ။ ငါက သိဒ္ဓိဆယ်ပါးကို အလိုရှိပြီး ထွက်ရပ်လမ်းကိုသွားချင်တဲ့ လိုချင်တပ်မက်မှုကြောင့် ငါ အပြစ်ဆိုးပါကလား။

သို့သော် ...

ငါဟာ ငါ့တစ်ကိုယ်တော်အကျိုးအတွက်ဆိုတဲ့ ရည်မှန်းချက်နဲ့ ငါ အင်္ဂရုတ်ထိုးပြီး စွမ်းရည်မြင့် သိဒ္ဓိမြောက်ဓာတ်လုံးကို ထိုးခဲ့တာမဟုတ်ဘူး။

ဓာတ်လုံးသာ သိဒ္ဓိမြောက်ခဲ့ရင် ပေါက္ကံ့(ပုဂံ)ပြည်လုံးနဲ့ ပြည်ရှင်မင်းကိုပါ ကြီးပွားချမ်းသာအောင်၊ ရွှေမိုးငွေမိုး ရွာပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်၊ မျှော်လင့်ချက်နဲ့ စေတနာမှန်ထားပြီး ထိုးခဲ့တာပါ။

ခုတော့ ...

ကံက လူနောက်ကို မလိုက်တော့တာလား ...

လူကိုက ကံအလုပ်မှားနေလို့များလား ...

ရွှေလည်းမဖြစ် ...

ငွေလည်း ဝေလာဝေး ...

ရှိန်းဆာယာဖိုမောက်ပြီး ကိုယ်ပျောက်ဖို့နေနေသာသာ လူပါ မျက်လုံးနှစ်လုံး အဖောက်ခံလိုက်ရပြီ။

ကာယသိဒ္ဓိပြီးရမည့် သိဒ္ဓိလည်းရစေဖို့ ဓာတုဓာတ် (.....)ပါးနဲ့ ရက်ပေါင်းများစွာ ပြာပူခံ၊ မီးပူခံပြီး ထိုးခဲ့တာ။

ဘယ်မှာ ထိုးမရ၊ ခုတ်မရ။

ခုတော့ သွေးပေါက်ပေါက်ကျပြီး အမေမွေးပေးခဲ့တဲ့ မွေးရာပါမျက်လုံး သွေးလူးလူးနဲ့ ရှင်ဘုရင်ကို သက်သေပြဖို့ ဖောက်ထုတ်ယူသွားကြပြီ။

ငါ့ကို ရှင်ဘုရင်လည်း ယုံကြည်မှုမရှိတော့ဘူး။

စိတ်ကူးသစ်စာပေ



ငါ့ကြောင့် ငါ့တပည့်ရင်း ကျော်စွာနဲ့မယ်သော်တာတို့ အပါအဝင်ကြိုယ်အချို့လည်း လူမွဲစာရင်းဝင်သွားကြပြီ။

ထိုးချင်ဦးဟဲ့ အင်္ဂရုတ်။

မည်သူ့ကိုမှ တစ်စိုးတစ်စိ ကောင်းကျိုးမပေးခဲ့တဲ့ ဓာတ်လုံး။ ဘယ်ထဲ ဟိုပေစာတို့ရဲ့ အဆို။

"မောင်ပေ ..."

"ဘု ... ဘုရား ... ဟင့် ... ဟီး ..."

"မငိုပါနဲ့ ... မောင်ကျောင်းသားတို့ရယ်၊ ငါ စဉ်းစားဆင်ခြင်စဉ်နည်းလို့ ဖြစ်ရတာပါ မငိုကြပါနဲ့"

"အင့် ... ဟီး ..."

"ဘ ... ဘုန်း ..."

"ဦးသူတော် ... လာစမ်း၊ ငါ့နားကို မြန်မြန်လာခဲ့"

"ရောက် ... ရောက်ပါပြီ ... ဘုရား ... ဟင့် ..."

"ရော့ ... ငါတို့အားလုံးကို ကောင်းကျိုးမပေးတဲ့ဓာတ်လုံး ဧရာဝတီသာကုဋ်ထဲ သွားပစ်ချလိုက် ရော့ ..."

"မှန် ... မှန်ပါ ... ဘုရား"

"ဦးသူတော် ဆရာတော်လှမ်းပေးတဲ့ ဓာတ်လုံးကို လှမ်းယူပြီး ဧရာဝတီသာ (ကုဋ်)ရှိရာကို လာခဲ့လိုက်တယ်။

ဓာတ်လုံးလေးက ဝင်းပြောင်အိပြီး အနှစ်ရှိနေလို့ထင့် ခပ်လေးလေးလေး၊ ချစ်စရာလေး။ သို့သော် မွဲအောင်လုပ်တာ သူပဲ။

"ကိုင်း ... ငါတို့ဆရာတော်ကို မျက်စိစုံကန်းအောင် ဒုက္ခပေးတဲ့ဓာတ်လုံး သွားပေရော့ ချေးတွင်းထဲ"

"ပလုံ"

"ဗွက် ..."

ဦးသူတော် ချေးတွင်းထဲ ဓာတ်လုံးကို စွန့်ပစ်ချခဲ့ပြီး ဆရာတော်ရှိရာကို ပြန်လာခဲ့လိုက်တယ်။

"ဘဘုန်းဘုရား"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သူတော်လားကွယ့်"

"မှန်ပါ ... ချေးတွင်းထဲကျအောင် ပစ်ခဲ့ပြီးပါပြီ ဘုရား"

"အိမ်း ... ကောင်းတယ်၊ မောင်ပေ၊ မောင်ပိုနဲ့ မောင်စို"

"ဘုရား ..."

"ရှိနေတဲ့လုံတွေကို ရိုက်ခွဲပစ်လိုက်။ ဒါတွေရှိနေရင် တသသ နှောင်တရနေမယ်ဟေ့"

"မှန်ပါ ဘုရား"

"ဘဘုန်းဘုရား ... ဖားဖိုကြီးကိုရော ဘယ်လိုလုပ်ပစ်ရမှာတုံး ဘုရား"

"အဲဒီဖါးဖိုကြီးကိုလည်း မီးပုံရှို့ပစ်။ ဘာတစ်ခုမှ မကျန်စေနဲ့ ကြားလား"

"မှန်ပါ ဘုရား"

ဘုန်းကြီးကျောင်းသားအားလုံး ကျောင်းအောက်ကို ဆင်းလာကြ ပြီး လုံတွေကို ပေါက်ခွဲပစ်ကြတယ်။ ဦးသူတော်က ပေရွက်တွေကို ချိုးဆုပ် ဖြဲပစ်တယ်။

"နင်လားဟဲ့ ... ကိုင်းဟာ ..."

"ခွမ်း ..."

"ငါတို့ဘဘုန်းကို ဒုက္ခပေးတဲ့လုံတွေ ... သွားဟ ..."

"ဖောင်း ..."

"ခွပ် ..."

"ခွမ်း ..."

"မောင်စိုရေ ... ဖိုရုံပါ ဖျက်ဟေ့"

"ဓားနဲ့ခုတ်ပစ်ကွာ"

"ဒုတ် ... ဒုတ် ... ဒုတ် ..."

"ဝရော ..."

"ဝုန်း ... ဝရော ... ဝရော ..."

"ဖားဖိုကြီးကို ဝိုင်းမပါဦးဟ"

စိတ်ကူးသစ်စာပေ



မောင်စို၊ မောင်ပိုနဲ့ မောင်ပေ၊ ကောင်းတို့ ဖားဖိုကြီးကို ဝိုင်းမ ပြီး မြေပြန့်နေရာကို သယ်ချလိုက်တယ်။

"ဘဘုန်းက မီးရှို့ပစ်တဲ့"

"ဟေ့ ... မောင်ကောင်း၊ မီးဖိုထဲက မီးစသွားယူ"

"အေး အေး ..."

ကောင်းက ဆွမ်းချက်ရာမီးဖိုထဲဝင်သွားပြီး ပြာတွေကိုဖယ်လို့ မီးခဲကိုရှာနေတုံးမှာပဲ ...

"ဘဘုန်းဘုရား ... ဘဘုန်းဘုရား ..."

"ဘဘုန်းဘုရား ... ကြွတော်မူပါဦးဘုရား"

ကျောင်းနောက် ကုဋီရှိရာဘက်ကနေ ဦးသူတော်ရဲ့ အလန့်တကြား အော်သံကြောင့် ရှင်မထီးဆရာတော် ဝေဒနာကို စိတ်နဲ့မှတ်ရင်း အာရုံရ သွားပါရော။

"ဘဘုန်း ..."

"ဘဘုန်း ..."

"ဟဲ့ ... သူတော်၊ ဘာလို့ အလန့်တကြား အော်နေရတာတုံး၊ ဘာဖြစ်လို့တုံးဟဲ့"

"မှန်လှပါ ဘုရား။ ခုတ်လုံးပစ်ချလိုက်တဲ့ ကုဋီချေးတွင်းထဲမှာ ရွှေရောင်၊ ငွေရောင်၊ နေရောင်လို အရောင်မျိုးစုံ လင်းထိန်နေပါတယ် ဘုရား"

"ဟေ ... ဟုတ်ရဲ့လားဟဲ့ ... သူတော်"

"အမှန်ပါ ဘုရား။ လင်းထိန်နေပါတယ် ဘုရား"

"မောင်စိုနဲ့ မောင်ပို ..."

"ဘုရား ..."

"သူတော်ပြောသလို ခုတ်လုံးပစ်ချလိုက်တဲ့ ချေးတွင်းထဲက အရောင်တွေ ပြိုးပြိုးပြက်ပြက်လက်နေတယ်ဆိုတာ ဟုတ်မဟုတ် သွားကြည့် ကြစမ်းဟေ့ ..."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ ဘုရား"

မောင်ပိုနဲ့မောင်စို ညီအစ်ကိုနှစ်ယောက် ကုဋီရှိရာကို အပြေးသွား ကြည့်ကြရော။

"ဟာ . . ."

"ဘုရားရေ . . . ဟုတ်သဟ . . . ငစိုရ"

ဒါနဲ့ ကျောင်းပေါ် ပြန်ပြေးတက်လာပြီး . . .

"ဘဘုန်း . . . ဘဘုန်း . . ."

"ပြောစမ်း . . . ငစို၊ ဘယ်လိုဖြစ်ရသတုံးဟဲ့"

"အိမ်သာထဲမှာ နေထွက်သလို၊ လထွက်သလို အလင်းရောင်တွေ လင်းထိန်ပြိုးပြက် မြင်ရကြောင်းပါ ဘုရား"

"အောင်ပြီဟေ့ . . ."

"အောင်ပြီကွ . . . ."

"အနှစ်နှစ်အလလ ငါ ဒုက္ခခံပြီး ကြိုးစားခဲ့တဲ့ဓာတ်လုံး အောင်ပြီဟေ့ . . . အောင်ပြီကွ . . . ဟား . . . ဟား . . ."

"မောင်ပေတို့၊ သူတော်တို့ရေ . . . မင်းတို့ဆရာ အောင်ပြီကွ၊ ဟား . . . ဟား . . . ဟား . . ."

ကြည့်စမ်း ကျွန်တော်တို့ဆရာတော်ရယ်ဗျာ မျက်စိစုံလုံးကန်းနဲ့ အားရပါးရအော်ပြီး လက်သီးမြှောက်မြှောက် ခုန်လုလု ဖြစ်နေလိုက်တာဗျား။

ကျွန်တော်တို့လင်မယားလည်း ဆွမ်းပို့ဖို့ရောက်ချိန်မှာ မျက်မြင်တွေ့လိုက်ရတာလေ။

ဘုန်းကြီးကျောင်းသားတွေလည်း ကြောင်ပြီး လန့်ပြီး သူတို့ဆရာတော်ကို ဝိုင်းကြည့်ပြီး ဘာလုပ်ရမှန်းမသိ။

စောစောကပဲ မျက်စိနှစ်လုံးကို ပုဂံဘုရင်နရသူရဲ့ လူကြမ်းလက်မရှိတွေက ဓားနဲ့ထိုးဖောက်ယူသွားတာ . . .

သွေးတောင် မတိတ်သေးဘူး။





*အခု 'အောင်ပြီကွ' လို့ လက်သီးဘယ်ညာတန်းပြီး အော်နေတာ* ဓာတ်မှလွဲရော သူတို့ဆရာတော် ဦးနှောက်ပါပျက်ပြီး ရူးသွားပြီနဲ့ တူရဲ့ပေါ့။

ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ။

"ဘဘုန်း . . . ဘဘုန်း . . ."

"ဆရာတော်ဘုရား . . . ဆရာတော်ဘုရား . . ."

"ဟဲ့ . . . ဘယ်သူတွေတုံး . . . အောင်ပြီဟေ့ . . . အောင်ပြီဟ"

"မှန်ပါ . . . ဆရာတော့်တပည့်ရင်း ကျော်စွာနဲ့ မယ်သော်တာပါ ဘုရား။ အရှင်ဘုရားရဲ့ မျက်စိကို . . ."

"အဲဒါတွေ မပြောနဲ့တော့ . . . ကျော်စွာ။ လူမိုက်ဟာ လူမိုက်အလုပ် လုပ်တာပဲ။ လူလိမ္မာဟာလည်း လူလိမ္မာအလုပ် လုပ်ကြတာပဲကွ။ ဒါက လူမိုက် အဝိစိငရဲသွားမည့် ဘုရင်နရသူကိုတောင် ကျေးဇူးတင်ရမလို ဖြစ်နေပြီကွ . . . ကျော်စွာနဲ့သော်တာရ"

"အို . . . ဘဘုန်းကလည်း ကိုယ့်မျက်စိကန်းအောင်လုပ်သွားတဲ့ သူကို ကျေးဇူးတင်ရမှာလား ဘုရား။ ဒီဘုရင်လောက် မိုက်ရိုင်းရမ်းကားတဲ့ လူမဆန်တာမျိုး . . ."

"မယ်သော်တာ တိုးတိုးလုပ်ပါဟာ တော်ကြာ . . . ရှူး . . ."

ဒီမှာပဲ ဆရာတော်ရှင်မထီးက . . .

"မောင်ပေတို့ . . . သူတော်တို့ရဲ့"

"ဘုရား . . ."

"နင်တို့ ဘာကြောက်လန့်နေတာတုံးဟဲ့"

"မှန် . . . မှန်ပါ၊ ကုဋီချေးတွင်းထဲမှာ မီးရောင်တွေထိန်ထိန်လင်းနေလို့ ကျောင်းများ . . . . မီး . . . မီး . . . လောင် . . . ."

"ဟယ် . . . ဒီသူတော်တို့နှယ် . . ."

"စုန်းမီးလုံးမီးလျှံများလား။ ဝင်နေတာလား မသိဘူးဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... တော်ကြစမ်းကွယ်။ မင်းတို့အားလုံး မကြာခင် ကောင်းစားတော့မှာပေါ့။ ကိုင်း ... သူတော်နဲ့ မောင်ပေ၊ မောင်ထွန်း၊ မောင်ချုန်တို့ ..."

"ဘုရား ..."

"ကုဋ္ဌိအိမ်သာအဖုံးကို သွားလှန်လိုက်တော့"

"ဗျာ ..."

"အရှင် ..."

"လျှာမရှည်နဲ့လေ အဖုံးကိုလှန်ပြီးရင် မစင်တွေကို ခပ်ထုတ်"

"ဒုက္ခပါပဲ"

"ဘယ်လိုအပြစ်ဒဏ်ပါလိမ့်ဗျာ"

"မစင်နဲ့ ချေးရည်သေးရည်ကုန်ရင် စောစောက လွှင့်ပစ်လိုက်တဲ့ ဓာတ်လုံးကို တွေ့လိမ့်မယ်။ တွေ့ရင် အဝတ်သန့်သန့်နဲ့ ပွတ်ထုတ်ယူခဲ့ကြ။ မင်းတို့ ဘုန်းကြီးကျောင်းသားတွေရော၊ ဟောဒီက ငါ့တပည့်ရင်း ကျော်စွာနဲ့ မယ်သော်တာတို့လင်မယားပါ ကြီးပွားချမ်းသာအောင် ငါ မ,စ ကြည့်ရှုခဲ့မယ်ပေါ့။ သူတော်ကြီးက ကြီးကြပ်ပြီး ရအောင်ဆယ်ခဲ့။ သွား ... မြန်မြန်သွားပါဟ"

✿ ✿ ✿

[ ၄ ]

❑

"တူရှင်းနဲ့ အဖုံးကိုလှန်ပါဟ"

"မောင်ပေက ဟ,သွားရင် သစ်တုံးခုနော်"

"အေးပါ ... ကိုင်း ... မ,ပြီးလှန်"

"ကျား ..."

"ကျားကွ ..."

"ဟုတ်ပြီပေါ့ ... သစ်တုံးခုလိုက်"

"ဟူး ... ကြွသွားပြီ"

မောင်ပေနဲ့အုပ်စု ကုဋ္ဌိအိမ်သာကျင်းပေါ်မှာ အုပ်ထားတဲ့ ကျောက်ပြားကြီးကို မ,ရွှေ့လိုက်ရော ...

"အော့ ... ဝေါ့ ..."

"ဝေါ့ ... ဝေါ့ ...."

"အမလေး ဘုန်းဘုရားရဲ့ အော့ ... ဝေါ့ ..."

မာင်အနံ့နံလွန်းလို့ သုံးယောက်သား အော့အန်ကြပါရောဗျား။ ... သော် အံ့ဩစရာက လူတစ်ရပ်နီးပါးနက်တဲ့ အိမ်သာကျင်းဟာ မောင်



www.burmeseclassic.com

မည်းမနေပဲ လင်းထိန်နေတာကို အံ့ဖွယ်မြင်နေရတာပဲ။ ဦးသူတော်လည်း အရမ်းအံ့သြ။

"မောင်ထွန်း ..."

"ဘာတုံး ငပေ"

"ချေးနံ့ မနံတော့ဘူးဟ"

"အေးဟာ ... ထူးဆန်းလိုက်တာကွာ နော်"

"ဒါနဲ့ ဘာလို့လင်းထိန် အရောင်ဖြာနေတာလဲ မသိဘူးနော်"

"အေးကွာ ... ငါတို့ဆရာတော် ရှင်မထီးရဲ့ချေး အဲဒီလိုအရောင် ထွက်တာ အခုမှပဲ မြင်ဖူးသကွာ"

"စအိုထဲမှာ နေလုံးဝင်နေ"

"ဟာ ... ပေါက်ကရကွာ။ ဒီမှာကွ မောင်ပေနဲ့ထွန်းရ"

"ပြောပါဦး ပညာရှိသူတော်ကြီးရ"

"မဟုတ်မှလွဲရောဟေ့ ... စောစောတုန်းက တို့ဆရာတော်ရှင် မထီး စိတ်ဆိုးနာကြည်းပြီး ငါ့ကို လွှင့်ပစ်နိုင်းတဲ့ဓာတ်လုံးကများ အရောင် ထွက် ..."

"ဟာ ... ဟုတ်နိုင်တယ်။ ဟုတ်နိုင်တယ် ... ဦးသူတော်ရေ ဒါ ကြောင့် ငါတို့ဆရာတော် အောင်ပြီဟေ့လို့ အော်ဟစ်တာ။ ကိုင်း ... မစင် ချေးတွေကိုခပ်ပြီး စွန့်ကြစို့"

"မောင်ပေ ..."

"ဘာတုံး ... ငချွန်"

"မစင်တွေကို ပုံးနဲ့ခပ်စွန့်စရာ မလိုပါဘူးကွ"

"ဪတာပေါ့ကွ။ ဒီမစင်တွေကနံမှ ..."

"ဒီမှာ မောင်ပေ ... အခု ချေး(ချီး)နံ့ရသေးလား ပြောစမ်း"

"ဟုတ်တယ်ဟ ... စောစောကလောက် မနံတော့ဘူး"

"အဲဒါ မဆန်းဘူးလား"

"သိပ်ဆန်းတာပေါ့ကွာ"

စိတ်ကူးသစ်စာပေ



"သေသေချာချာ ကြည့်ကြစမ်း။ ဟောဒီမှာ ဝါးတုတ်ရှည်နဲ့ ထိုး ကြည့်မယ်"

မောင်ချွန်က ဝါးတုတ်ရှည်နဲ့ ချေးတွင်းထဲထိုးစိုက်ပြီး ပြန်ထုတ် လိုက်တယ်။

"တွေ့လား ... တွင်းထဲမှာရှိနေတဲ့မစင်က ငါတို့ခါးစောင်းနီးပါး လောက်ပဲ ရှိတာဥစ္စာ။ ခပ်စရာမလိုဘူး။ ငါတို့ဆင်းပြီး လက်နဲ့စမ်းရင် ရနိုင် တယ်"

"အေ့ ...."

"ဪ ..."

"ဘာလဲ ... မောင်ပေ၊ ရွံလို့လား ... ဟုတ်လား"

"မရွံပါဘူးကွာ။ ငါတို့ဆရာတော်ရဲ့ စွန့်ပစ်ပစ္စည်းဥစ္စာ။ ကိုင်း .. ဘယ်သူအရင်ဆင်းမလဲ ... ပြော ..."

ဒါနဲ့ မဲနှိုက်လိုက်တော့ ငထွန်းအရင်ကျတယ်။ ငထွန်း ခါးတောင်း ကျိုက်ပြီး ဆင်းတယ်။

"ငထွန်း ..."

"ဘာတုံး ... မောင်ပေ"

"ခြေထောက်နဲ့ မစမ်းနဲ့နော် ... ဟေ့ကောင်"

"ဘာဖြစ်လို့တုံးဟ ... မောင်ပေရ"

"ဒါ ဆရာတော်ရဲ့ ဓာတ်လုံးကွ။ ဘာစွမ်းနေတယ် ငါတို့မသိဘူး။ အဲဒီတွေ ဘာတွေ ရှိနေရင် မင်း ငရဲကြီးမယ် နားလည်ရဲ့လား"

"အေး ... အေး ... နားလည်ပြီဟေ့"

အဲဒါ ငထွန်း လက်နဲ့လိုက်စမ်းတယ်။ မတွေ့ဘူး။ ခဏနေတော့ ချွန် ဆင်းစမ်းတယ်။ မတွေ့သေးဘူး။

ဒါနဲ့ မောင်ပေအလှည့် ရောက်လာတယ်။ မောင်ပေ အင်္ကျီချွတ်၊ ခါးတောင်းကျိုက်လိုက်ပြီး ဆရာတော်ရှိရာကို မှန်းဆလို့ လက်အုပ်ချီ ကန်တော့လိုက်ပြီး ချေးတွင်းထဲမှာ အတန်ကြာ စမ်းလိုက်ရော ...

"ဟယ် ... တွေ့ပြီဟေ့"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



"စမ်းမိလားဟ . . . မောင်ပေ"

"ဟောဒီမှာဟေ့ . . . ဟယ် . ."

"ဟာ . . ."

"ဘုရားရေ . . . လင်းလှချည်လားဟ"

မောင်ပေရဲ့လက်ဝါးပေါ်မှာ လက်သန်းဖျားသာသာခန့်ရှိတဲ့ ပြဒါးခဲတ်လုံးဟာ အရောင်တဖျတ်ဖျတ်နဲ့ လင်းနေတာကိုမြင်ပြီး သုံးယောက်စလုံး အံ့သြဝမ်းသာ ဖြစ်နေကြတယ်။

"ငချွန် . ."

"ဟေ . . . ပြော မောင်ပေ . . ."

"မဟုတ်မှလွဲရောဟေ့ . . . ဟောဒီခဲတ်လုံးကြောင့် ကုဋီရော အိမ်သာကျင်းရော လင်းထိန်နေတာကွ"

ဒီမှာပဲ ဦးသူတော်က . . .

"ဟေ့ကောင် . . . ပြောမနေနဲ့။ ငါတို့ဆရာတော် မျှော်နေပြီ။ သွားအပ်ကြစို့။ မြန်မြန်တက်၊ ရေဆေးသန့်စင်ကြဟေ့"

✿ ✿ ✿

[ ၁၀ ]

❑

"သူတော် . . . ရလားဟဲ့"

"ရပါပြီဘုရား ဟောဒီမှာပါဘုရား"

"အရှင်ဘုရား . . . အရှင်ဘုရား"

"ဘာတုံးဟဲ့ မယ်သော်တာ"

"အရှင်ဘုရားလက်ထဲက ခဲတ်လုံးအရောင်ကြောင့် ကျောင်းဆောင်တစ်ခုလုံး လင်းနေပါပြီဘုရား"

"ဟုတ်လား"

"အမှန်ပါပဲ ဘုရား။ အံ့စရာပါပဲ . . . ဘုရား"

"မင်းတို့အားလုံး ခဏလေး တိတ်နေကြစမ်း"

ကျွန်တော်တို့အားလုံး အသံတိတ်နေလိုက်ကြတုန်းမှာ ဆရာတော်က ခဲတ်လုံးကို လက်နှင့်ဆုပ်ပြီး အာရုံဝင်စားသလို လုပ်နေတယ်။

နောင်အခါ ဆရာတော်ပြောတာက ခဲတ်လုံးရဲ့စွမ်းရည်သတ္တိက လက်ဝါးကနေ အထက်ကိုဆန်ပြီး ဦးနှောက်အာရုံကြောရှိရာကို ခွန်အားအဖြစ် သက်ရောက်လာသတဲ့။

ဆရာတော်ပြောပုံအရဆို . . .



www.burmeseclassic.com

"အဲဒီတုန်းက ဓာတ်လုံးကို ငါဆုပ်ထားတုန်း ခုန်လိုက်ရင် ကျောင်းခေါင်ပေါ် ရောက်သွားနိုင်တယ် . . . ကျော်စွာ"

"ဘာလို့ မခုန်တာတုံးဘုရား"

"ငါတို့ အရင် သထုံမှာ ဓားမဲ့ဆရာတော် ဖော်ကိုပိုလ်ဝင်သားရ မဟုတ်လား။ အဲဒါ တပည့်လူယုံ ဗျတ်ဝိနဲ့ဗျတ္တကို သိမ်းဆည်းနိုင်းတာ သင်းတို့က ရန့်မွှေးလွှန်းလို့ဆိုပြီး စားပစ်လိုက်တော့ ခွန်အားတွေ အရမ်းတိုးလာကြတယ်။ ဒီမှာ သွေးစမ်းချင်တာနဲ့ ခုန်လိုက်တာ ကျောင်းခေါင်ပေါ် ရောက်၊ သည်နောက် ဘုန်းကြီးကျောင်း ပြောင်းပြန်လှန်နဲ့ နောက်ဆုံး သထုံဘုရင် မနူဟာနဲ့ မြို့ဝန်မင်းသိပြီး ရာဇဝတ်သင့်ခဲ့ရပါရောလား။ ငါလည်း ငါ့ရဲ့ပြဒါးရှင်လုံး မြေလျိုးမိုးပျံအစွမ်း သိရအောင် ခုန်လိုက်ရင် တစ်နယ်လုံး ကျော်ကြားပြီး မင်းဆိုးမင်းညစ်ရဲ့ ရာဇဝတ်သင့်မှာပေါ့ ကျော်စွာ" တဲ့။

"ကျော်စွာနဲ့သော်တာ"

"ဘုရား . . ."

"အောင်ပြီကွ . . . ကိန်းသေအောင်ပြီဟေ့"

"ဘယ်လိုများ ဓာတ်လုံးက သိဒ္ဓိပြပါပြီလဲဘုရား"

ဒီမှာပဲ ဆရာတော်ရှင်မထီးက . . .

"သူတော် . . ."

"ဘုရား . . ."

"ဈေးကို အမြန်ပြေးစမ်းဟဲ့"

"ဘာသွားလုပ်ရမှာပါလဲ ဘုရား"

"ဈေးကို အမြန်သွား၊ ရောက်ရင် ဆိတ်မျက်စိရရင် နှစ်လုံးဝယ်ခဲ့။ ဆိတ်မျက်စိနှစ်လုံးမှ မရခဲ့ရင် နွားမျက်စိနှစ်လုံးဝယ်ခဲ့။ အမြန်သွား သူတော်"

"မှန်ပါဘုရား"

ဦးသူတော် ငွေစယူပြီး ဈေးရှိရာကို ပြေးလာခဲ့လိုက်တယ်။ မှန်းတည့်လောက်ဆိုရင် ဈေးက ရောင်းဝယ်ပါးပြီ၊ ကွဲပြီလေ။ ဈေးသိမ်းချိန်းနေပြီဥစ္စာ ပြေးရတာပေါ့။





ခုပဲအချိန်က ဆွမ်းစားချိန် ကျော်သွားပြီ။

သူတော် ဈေးရှိရာကိုရောက်တော့ လူပါးနေပြီ။ ဒါနဲ့ ဆိတ်သားဆိုင်သွားပြီး . . .

"အဒေါ်ကြီးခင်ဗျား . . ."

"ဘာတုံး . . . ဦးသူတော်၊ ဆိတ်သားတွေ မရတော့ဘူး . . . ဦးသူတော် ရေ . . . . အရိုးနဲ့မျက်စိပဲ ကျန်တယ်"

"ဒါ . . . ဒါဆို ဆိတ်မျက်စိနှစ်လုံး ရောင်းပါဗျာ"

"ဦးသူတော်က နောက်ကျသွားသကိုး။ ဆိတ်မျက်စိတစ်လုံး ကျိုးချိသွားလို့ တစ်လုံးပဲကျန်တယ် ဦးသူတော်ရယ် . . ."

"ခက်ပါကလား။ ဆရာတော်က နှစ်လုံးလို့ပြောတာ။ ခုနေ ရှိတဲ့ တစ်လုံး ရတာယူမသွားရင် သူများ ယူသွားလိမ့်မယ်"

"အဒေါ်ကြီး"

"ပြော . . . ဦးသူတော် ဘယ်လိုလဲ"

"ကျန်တဲ့ဆိတ်မျက်စိတစ်လုံးပဲ ပေးပါဗျာ"

"အေး . . . အေး . . . ရော့ . . . ဦးသူတော်ရေ"

ဦးသူတော် ဆိတ်မျက်စိတစ်လုံးကိုကိုင်ပြီး အမဲသားဆိုင်ရှိရာကို သွားခဲ့လိုက်တယ်။

"အမဲသားသည်ကြီး"

"ဘာတုံး ဦးသူတော်၊ ပြော . . ."

"နွားမျက်စိနှစ်လုံးများ ရနိုင်မလားခင်ဗျာ"

"နှစ်လုံးတော့ မရဘူး . . . ဦးသူတော်ရေ၊ တစ်လုံးပဲ ကျန်တယ် ကွယ်၊ ဈေးလျှော့ပေးပါ့မယ်။ ဆိုင်သိမ်းချင်လို့ပါကွယ်"

ဟူး . . .

ဆရာတော်လိုချင်တာက နွားမျက်စိဆိုရင်နှစ်လုံး။

ဆိတ်မျက်စိဆိုရင်လည်း ရခဲ့ရင် နှစ်လုံးဝယ်ခဲ့တဲ့။

အခုရနေတာက . . .

နွားမျက်စိက တစ်လုံး။



www.burmeseclassic.com

ဆိတ်မျက်စိက တစ်လုံး။

ငါ ဘယ်လိုလုပ်ရမလဲ။ ရရာတစ်လုံးစီယူသွားရင် ဆရာတော်က ငါ့ကိုများ အပြစ်ပြောလေမလား။ ခက်တာက ဆရာတော် ငါ့ကိုဝယ်ခိုင်းတဲ့ အချိန်ကလည်း ဈေးကွဲတဲ့အချိန်ကြီး။

ဆိတ်မျက်စိတစ်လုံး၊ နွားမျက်စိတစ်လုံးရတာပဲ ... တော်သေးတယ်။

ဟယ် ... ဖြစ်ချင်ရာဖြစ် ရတာပဲယူသွားတာက သေချာတာ။ ဦးသူတော်က ရရာမျက်စိနှစ်လုံးယူပြီး ကျောင်းရှိရာကို သုတ်ခြေတင်ပြီး ရှေ့နောက် ဝင်ခဲ့လိုက်တယ်။

''သူတော်ကြီးလားဟေ့''

''မှန်ပါ ဘုရား''

''ငါပြောတဲ့ မျက်စိနှစ်လုံး ရခဲ့လားသူတော်''

''မှန်ပါ ... ဘုရား။ ဈေးကွဲချိန်ရောက်နေလို့ နွားမျက်စိတစ်လုံးနဲ့ ဆိတ်မျက်စိတစ်လုံးပဲ ကံကောင်းစွာ ရခဲ့ပါတယ်ဘုရား''

''အိမ်း ... အိမ်း ... တတ်နိုင်ဘူးလေ။ ရရာပဲ လုပ်ရမှာပေါ့။ ရေစင်စင်ဆေးပြီး ငါ့ကိုပေးဟဲ့''

ဦးသူတော်က နွားမျက်စိနဲ့ဆိတ်မျက်စိတစ်လုံးကို ဟောင်းလောင်းပေါက်ဖြစ်နေတဲ့ မျက်လုံးနေရာမှာ ထိုးထည့်ပြီး ဓာတ်လုံးနဲ့ ပွတ်သပ်ချလိုက်ရော ...

''ဟော ...''

''ဟယ် ...''

''အလိုလေးလေး ...''

''အောင်မြင်ပြီဟေ့ ... ကျော်စွာရေ ... အောင်ပြီကွ''

ကြည့်စမ်းပါ ... နောင်တော်ရယ်။ နွားမျက်စိနဲ့ ဆိတ်မျက်စိကို ထည့်ပြီး ဓာတ်လုံးနဲ့ ပွတ်သပ်လိုကရော ...

အံ့ဩစရာ ကောင်းလိုက်တာဗျာ။





မျက်စိနေရာမှာ မျက်လုံးအရွယ်မတူနှစ်လုံး နဂိုအနေအထားအတိုင်းရှိပြီး မျက်လုံးကစားနေပါရော နောင်တော်ရေ။

''ကိုယ်တော်ဘုရား''

''အိမ်း ...''

''မြင် ... မြင်ရပါသလား ဘုရား''

''မြင်တယ်။ ငါ အားလုံးကို မြင်ပြီကွ။ ဟောဒါက ကျော်စွာ။ ဟောဒါက ငါ့တပည့်ကြီး မယ်သော်တာ။ ဟိုမှာထိုင်နေကြတာ သူတော်၊ ...ဘင်ပေ၊ မောင်ရွှေ၊ ချွန်နဲ့ ထွန်းဟဲ့''

''ဝေး ... ဝေး ...''

''ဟေး ... ဟေး ...''

''ငါတို့ဆရာတော် မျက်စိပြန်မြင်ပြီဟေ့''

''ဝေး ... ဝေး ... ဟေး ... ဟေး ...''

ကျွန်တော်တို့ရော ဘုန်းကြီးကျောင်းသားများပါ ဝမ်းသာမဆုံး ...ခုန်အော်ဟစ်ကြတာ။ ဆရာတော်က ရပ်တော့ဆိုမှ ရပ်ကြတယ်။

''ကျော်စွာနဲ့သော်တာ ...''

''ဘုရား ...''

''အောင်ပြီဟ ... ငါ့ဓာတ်လုံး အောင်ပြီ။ သို့သော် အစကနဦး ...ကျွေးပြီး ပထမမီး၊ ဒုတိယမီး၊ တတိယမီး၊ စတုတ္ထမီး မီးထိုးပြီးရင် ဆေး...ည်အုပ်ရမှာ။ ဒီမှာ ငါက အချဉ်ရည်၊ ချဉ်ရည်မျိုးစုံနဲ့အုပ်၊ စိမ်တော့ လွဲမှားနေတော့ အသံဗိန္ဒပြီးမြောက်သည့်ဓာတ်လုံး ဖြစ်မလာခဲ့ဘူး။ ငါထင်တာက ...ကျွေးနည်းလို့လို့ ထင်နေတာ။ အဲဒါ မအောင်မြင်တော့ ရွှေအလုပ်ရှင် ...ချင်ဘုရင်က သူ့ကို လိမ်ညာပြီး ဘုရင့်ရွှေ အလွဲသုံးစားလုပ်တယ်လို့ စွပ်...ခဲ့တယ်။ ပြီး ... သူလိုချင်တဲ့ သိဒ္ဓိ(၁၀)ပါးဓာတ်လုံးမရလို့ ဒေါသဖြစ်ပြီး ...မျက်လုံးနှစ်လုံး ဖောက်ယူသွားတာကိုး''

''ဒီလောက်ကြီး မရက်စက်သင့်ပါဘူး ဘုရား''

''ထားပါလေ ... ငါ့အပြစ်လည်းပါသလို သူကလည်း ...တ်ကြမ်းကြုတ်သူဆိုတော့ လုပ်ပါစေကွယ်။ အစ်ကိုနဲ့အဖေတောင် သတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



လူမိုက်ဘုရင်ဆိုတော့ ရဟန်းမျှကို ဘယ်ဂရုစိုက်မှာလဲ။ ငရဲဟာ အချိန်တန်ရင် စီရင်ပါလိမ့်မယ်။ ငါ ဘုရင်ကို မလိမ်မညာခဲ့ပါဘူး။ အဲဒါ မျက်စိနှစ်လုံးမရှိရော ဒီဓာတ်လုံးကြောင့် ဖြစ်ရလေဆိုပြီး ရင်နာတာနဲ့ ဓာတ်လုံးကို ကုဋ္ဌိမစင်တွင်းထဲ လွှင့်ပစ်ခိုင်းမှ မြတ်စွာဘုရား . . . ဓာတ်လုံးက မစင်ရည် (ချေးရည်)နဲ့ဓာတ်ပြုပြီး အရောင်ထွက်ပြီး မြောက်သွားတာကိုးကွယ်။ ငါက ချဉ်ရည်နဲ့ချည်း ဓာတ်လုံးကိုစိမ်နေတော့ လွဲနေတာပေါ့။ အမှန် (ချဉ်ရည်) မဟုတ်ဘူး။ ချေးရည်နဲ့ လောင်းရမှာ။ ခုတော့ ငါ့ရဲ့စေတနာ၊ သစ္စာ အကျိုးပေးပါပြီ။

ဒါကြောင့် ဟောဒီဓာတ်လုံး သိဒ္ဓိဝင်အဆင့်မြင့် စင်ကြယ်ပြီးမြောက်အောင် စီရင်ရာမှာ ရွှေရောငွေရော ရှုံးရှုံးမြတ်မြတ် ပစ္စယောဟောတု ယတ်မြတ်လှူခဲ့ကြတဲ့ ငါ့တပည့်အလှူရှင်များဖြစ်တဲ့ မင်းတို့လင်မယားရော၊ အခြားတပည့်နဲ့ ဆင်းရဲသားများကို ငါ ကြီးပွားချမ်းသာအောင်၊ ငါ ခုချိန်ကစပြီး ငါ့ဓာတ်လုံးအစွမ်းနဲ့ မ,စမယ်။ ဒီမှာ မောင်ကျော်စွာ . . .''

''အမိန့်ရှိပါ ဘုရား''

''မင်းတို့ ကြေးတုံးများ ရှိသလား''

''ရှိပါ . . . ဘုရား''

''အေး . . . ကောင်းပြီ။ မင်းတို့မှာရှိသမျှ ကြေး၊ ငွေ၊ ခဲ တို့ကို အရည်ကျိုထား။ ငါ ရွှေဖြစ်အောင် လုပ်ပေးမယ်ဟဲ့''

''တ . . . တကယ်လား . . . . ဘု . . . ဘုရား''

''လက်တွေ့ပြမယ်။ ဒီမှာ ကျော်စွာနဲ့သော်တာ''

''ဘုရား . . .''

''မင်းတို့ ကြေးရှိကြေး၊ ငွေရှိငွေ၊ ခဲရှိခဲ ရှိတဲ့ ငါ့တပည့်အားလုံးလည်း အရည်ကျိုထား၊ လပြည့်နဲ့ ခနသိဒ္ဓိနက္ခတ် ကြုတဲ့အချိန်ကျရင် ငါ စီရင်ပေးမယ်။ အားလုံး အသင့်ဖြစ်အောင် ကြိုလုပ်ထားကြ။ သွားတော့''

ကျွန်တော်တို့ပြန်ခါနီးမှ သူတော်ကြီး ဦးစိန်ကတုံးက . . .

''အရှင်ဘုရား''

''ဘာတုံး သူတော်ကြီး''





''သူများကျတော့ ရွှေဖြစ်အောင် လုပ်ပေးမယ်လို့ ကတိပေးတယ်။ တပည့်တော်တို့အဖွဲ့က ချေးတွင်းထဲကနေ အညစ်ပေခံပြီး ရအောင်ဆယ်ပေးကြတာဥစ္စာ။ တပည့်တော်တို့ကျတော့ ဘာမှမပေးတော့ဘူးလား ဘုရား''

ဦးသူတော်က မကျေမနပ် အမူအရာမျိုးလုပ်ပြီး မေးရော၊ မောင်ပေတို့က ဝိုင်းမေးကြပါရောဗျာ။

''ခုထက်ထိ အနံ့စွဲနေတုန်းပါ ဘုရား''

''ကိုယ့်ဆရာတော်မို့သာ စွန့်စွန့်စားစား ဆင်းရတာပါဘုရား။ သူများများခိုင်းရင် ဝေလာဝေးပါပဲ''

''အေးပါ . . . အေးပါ . . . မင်းတို့လည်း ကျန်ရစ်လို့ ဘယ်ဖြစ်မှာလဲ၊ ပေးရမှာပေါ့။ ဟဲ့ . . . သူတော်''

''ဘုရား . . .''

''ဘုရားစင်အောက်က ပျားရည်ထည့်ထားတဲ့ ယွန်းခွက် . . . ယူခဲ့''

သူတော်စိန်ကတုံးက ပျားရည်ထည့်ထားသည့် ယွန်းဘူးကိုယူပြီး ဆရာတော်ကို ကပ်လိုက်တယ်။ ဒီမှာ ဆရာတော်က ယွန်းဘူးကိုဖွင့်ပြီး ပျားရည်ထဲကို ဓာတ်လုံးနဲ့ စိမ်မွှေလိုက်ပြီး ဓာတ်လုံးကို ပြန်ဆယ်ယူလိုက်တယ်။

''ရော့ . . . အဲဒီပျားရည်ကို နေ့စဉ် တစ်တို့ပဲစား''

''စားရင် ဘာဖြစ်မှာလဲဘုရား''

''ကိုယ်ပျောက်နိုင်လား . . . ဘုရား၊ ပျောက်ရင် ခုပဲ စားပါမယ် ဘုရား''

''မှတ်ထားကြ . . . တပည့်တို့၊ ဒီဓာတ်လုံးစိမ်ပျားရည်ကို တစ်တို့စီ စားရင် အာယုသိဒ္ဓိရရောဟဲ့''

''အာယုသိဒ္ဓိဆိုတာကရော ဘယ်လိုပါလဲဘုရား''

''အာယုသိဒ္ဓိဆိုတာ စိတ်ရောကိုယ်ပါ ကျန်းမာပြီး အသက်ရှည်တာကိုပြောတာ။ ဘာအနာရောဂါမှ မဖြစ်ဘူး။ အသက်ရှည်ပြီး သေရင်



www.burmeseclassic.com

www.burmeseclassic.com



တောင် ညင်သာစွာသေရတာဟဲ့။ အသက်ရှည်ရင် နင်တို့လုပ်ချင်တာ ထု လို့ရတာပေါ့''

''ဟာ ... ဟုတ်သားပဲဟ၊ အသက်ရှည်ရင် မိန်းမများများ''

''တယ် ... လူလွန်မသား ငပေ၊ အသက်ရှည်ရင် စီးပွားရှာ၊ ပြီး ရင် ဒါနအမှုပြု၊ ပြီးရင် ဘာဝနာပွား၊ အဲဒါ အသက်ရှည်ခြင်းရဲ့ ကောင်းကျိုး ပဲဟဲ့''

ဒီမှာ သူတော်စိန်ကတုံးက ...

''ကောင်းမြတ်ပါပေတယ် ဘုရား။ သို့သော် ကိုယ့်တပည့်အရင်း များဉစ္စာ ရွှေလေးဘာလေး နည်းနည်းပါးပါး မပေးတော့ဘူးလား ဘုရား''

''အေးပါ ... အေးပါ ... သူများတွေရရင် မင်းတို့ နောင်ရေး အတွက် လုပ်ပေးခဲ့ရမှာပေါ့။ ကိုင်း ... ကိုင်း ... ဓာတ်ပျားရည်ကို ငုံ မြည်းစမ်းဟဲ့''

ဒါနဲ့ ဦးသူတော်ရော၊ ဘုန်းကြီးကျောင်းသား ငပေတို့ပါ တစ်ငုံ စီ မြည်းပြီးရော မျက်လုံးများ ဝင်းလက်အံ့ဩသွားကြပြီး ကြွက်သားတွေကို ချက်ချင်း ထုတ်ပြကြလို့များ။

''သူတော် ...''

''ဘုရား ...''

''ဒါ ... အသက်ရှည်ဆေး အာယုသိဒ္ဓိနော်''

''မှန်ပါ ဘုရား''

''ဓားပီးတုတ်ပီး ကာယသိဒ္ဓိစီရင်ပေးတာ မဟုတ်ဘူး။ ရန်ဖြစ် ရင်တော့ ကွဲမှာပဲ''

''ဗုဒ္ဓေါ ...''

''ငါတို့တော့ ချိုမထောင်တော့ဘူးဟေ့''

''မပီးလည်း ... နေပါစေကွာ။ အသက်ရှည်ရင် မိန်းမများများ ယူ ...''

''ဟာ ... ဒီကောင်နှယ်ကွာ ... ဖွိ ...''

✿ ✿ ✿

|၁၁|

❑

''ဆရာတော်ရှင်မထီးကို အခု ရှင်အဖွဂေါဏလို့ အများက ခေါ်ကြ ပြီ နောင်တော်ရေ ...''

ဘာလို့လဲဆိုတော့ ...

သိဒ္ဓိဝင်ဓာတ်လုံး အစွမ်းကြောင့် မျက်စိနှစ်လုံး အလင်းအမြင်ရ သွားသော်လည်း ...

ဆရာရှင်ရဲ့ မျက်လုံးနှစ်လုံးမှာ တစ်လုံးက ဆိတ်မျက်လုံး။ တစ် လုံးက နွားမျက်လုံး ဖြစ်နေတော့ ...

ဆရာတော်ရှင်မထီးလို့ မခေါ်ကြတော့ဘူးဗျို့၊

ရှင်အဖွဂေါဏတဲ့ခင်ဗျား။

ကျုပ်တို့ဆရာတော်ကလည်း သူ့ကို ရှင်အဖွဂေါဏလို့ခေါ်လည်း စိတ်မဆိုးပါဘူးဗျား။ ပြုံးပြုံး ပြုံးပြုံးနှင့် ရယ်နေတာပဲခင်ဗျ။

ပြောရရင် ဆရာတော် ရှင်အဖွဂေါဏဟာ ပုဂံပြည်က ဆင်းရဲ သားတွေကို ကြေးရည်၊ ငွေရည်၊ ခဲရည်ကနေ ရွှေဖြစ်အောင်လုပ်ပေးခဲ့ တာ။ ပုဂံတစ်ပြည်လုံး အုံးအုံးကျွက်ကျွက်ပဲ။ အဲဒီအချိန်တုန်းက ကျွန်တော် နဲ့ ငယ်သော်တာက ဟိုအဝေးက တောင်ယာခင်းထဲရောက်နေလို့ ရွှေရခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြဘူးဗျ။ ဆရာတော်လာမည့်လမ်းကို ကြေးတွေအရည်ဖျော်ပြီး စောင့်နေမျှော်နေပေါ့ဗျာ။

"ဆရာတော် ... ကြွလာပြီဟေ့"

"ဆရာတော် ... ကြွပါဘုရား ... ကြွပါဘုရား ..."

"ဒါ ကြေးရည်ကျိုထားတာလား .... မောင်ထန်းသီး"

"မှန်ပါ့ ... ဘုရား၊ ဒါက ကြေးရည်၊ ဒါက ငွေရည်ပါဘုရား"

"အိမ်း ... ကျေးဇူးရှင် ငါ့တပည့်များ ငါ မ,စရမှာပေါ့ကွယ်"

သည့်နောက် ဆရာတော်ရှင်အဇ္ဇဂေါဏက သူ့လက်သုံးတောင်ဝေးအဖျားမှာ ပြဒါးလုံးကို ပြုတ်ကျမသွားအောင် တပ်ဆင်ထားပြီးနောက် ကြေးရည်အိုးထဲကို တောင်ဝေးဖျား ဓာတ်လုံးနဲ့ ထိုးမွှေလိုက်ရော ...

"ဟယ် ... ဘုရားရေ"

"ဟာ ... ရွှေရောင်ပြောင်းလာပြီဟေ့"

"ငါတို့ ချမ်းသာပြီဟေ့"

ကြည့်စမ်းပါ ... နောင်တော်ရာ၊ ကြေးရည်တွေဟာ ဆရာတော်ရဲ့ ဓာတ်လုံးနဲ့ တို့ထိသွားရော ရွှေရည်၊ ရွှေရောင်ပြောင်းပြီး ခဲသွားပါရောတဲ့ဗျာ။

တပည့်တပန်းများကလည်း ဝမ်းသာလွန်းလို့ ကခုန်ကြ။

ဆရာတော်ရှင်အဇ္ဇဂေါဏကလည်း ငွေရည်အိုးထဲ ဓာတ်လုံးတောင်ဝေးကို ထိုးမွှေ ...

"ဘုရားရေ ..."

ကြေးရည်မှ မဟုတ်ပါဘူး နောင်တော်ရယ်၊ ငွေရည်လည်း ရွှေရည်ပြောင်းသွားရော ရွှေတုံးကြီးတွေ ဖြစ်သွားလိုက်တာ။

ဟုတ်ပါပြီဗျာ။

ဆရာတော်ရဲ့ ပြဒါးဓာတ်လုံးဟာ သိဒ္ဓိမြောက်သွားပြီဆိုတာ မျက်မြင်လက်တွေ့မို့ အားလုံး ယုံကြပါပြီနောင်တော်။





သည့်နောက် ဆရာတော် ရှင်အဇ္ဇဂေါဏဟာ တပည့်ရင်း ဒကာ
ရဲ့ ကြေးရည်၊ ငွေရည်၊ ခဲရည်များကိုပါ ရွှေဖြစ်အောင် ဓာတ်လုံး
ဆောင်ဝေးနဲ့ တို့ပေးလိုက်တာ။ ရွှေလုံးတွေဖြစ်၊ ချမ်းသာကြ။

ဆင်းရဲသားတွေကလည်း ရှာလို့ရသမျှ ခဲလေး၊ ကြေးစလေး
ရည်ကျိုပြီး အသင့်ပြင်ထားကြတယ်။

ပေါက္ကံခေါ် ပုဂံပြည်မှာ မုဆိုးမ၊ ဆင်းရဲသားပါမကျန် ချမ်းသာ
ကြတော့ နောက်ပိုင်းမှာ ဘုရားတွေ ကြီးကြီးငယ်ငယ်၊ ကုသိုလ်လိုချင်
တည်လိုက်ကြတာ။

ပုဂံမှာ ဘုရားပေါင်းများစွာ လက်ညှိုးထိုး မလွဲဘူး။

ကျွန်တော်တို့ လင်မယားဆို ဆင်းရဲပြီး သူရင်းငှား၊ တရင်းငှား
ဘဝ ရောက်သွားခဲ့ရာက မကြာပါဘူးဗျာ။ စေတနာမှန်၊ ကံအကျိုးပေးပြီး
ဘိုင်ရှင်ကြီး၊ သူကြွယ်ဘဝကို ပြန်ရောက်ခဲ့သည်ပေါ့ဗျာ။

ဆရာတော် ရှင်အဇ္ဇဂေါဏ အနီးမှာ လက်အုပ်ချီသူမရှား။ ကန်
တော့ရှိခိုးသူမရှား။

သိဒ္ဓိဆယ်ပါး ဓာတ်လုံးနှင့် မြေလျှိုးမိုးပျံနိုင်တဲ့ ဆရာတော်ရယ်
ချဲ့ကားဂုဏ်ပြုကျော်စောနေပေါ့ဗျာ။

နောင်တော်ရေ ... ပုဂံပြည်မှာ ဆရာတော် ရှင်အဇ္ဇဂေါဏ ပြဒါး
ဓာတ်လုံး ဆင်းရဲသားရော၊ သူဌေးသားရော ချမ်းသာအောင် ရွှေမိုးရွာသလို
ရင်ပေးနေသည်မှာ ...

ကျွန်တော်တို့က ဟိုးအဝေးက ယာခင်းထဲ လင်မယားနှစ်ယောက်
လုံး ရောက်နေတော့ ဆရာတော် ကြေးရည်၊ ငွေရည်၊ ခဲရည်ကို ရွှေဖြစ်
အောင် ဆရာတော် စီရင်ပေးချိန်မှာ အဲဒီမှာ မရှိဘူးဗျာ။

ယာကလည်း ဆွတ်ခြွေရိတ်သိမ်းဖို့ အရေးကြီးနေတာကိုး။ အဲ့ဒါ
ချမ်းသာဖြစ်သွားတဲ့ အသိမိတ်ဆွေများက လာပြောကြပါရောဗျို့။

"ဟဲ့ ... ကျော်စွာတို့၊ မယ်သော်တာတို့"

"ရှင် ... ကြီးတော်၊ ဘာအရေးကြီးလို့လဲရှင်"

"ဟဲ့ ... နင်တို့ မသိကြဘူးလား ... မယ်သော်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတုံး ... ကြီးတော်ရယ်၊ နားပြီး ပြောပါဦး"

"သူများတွေ ရွှေတွေအများကြီးရပြီး ချမ်းသာကုန်ပြီဟဲ့ ... နေ့မ တွေရဲ့၊ ညဲ့လိုက်တာတော်"

"ကြီးတော်မြ ..."

"ဒီမှာ ... ကျော်စွာတို့ရဲ့၊ နင်တို့ ဆရာတော် ရှင်အဖ္ဖဂေါဏ သိမဟုတ်လား"

"သိတယ်လေ ... ဘာဖြစ်လို့တုံးဗျာ ဟင် ... ဟင် ..."

"ဒီလိုဟေ့ ... ဒီလို"

ကြီးတော်မယ်မြက ရှင်အဖ္ဖဂေါဏ မြို့ထဲ၊ ရွာထဲ ဓာတ်လုံးသိဒ္ဓိ တန်ခိုးနဲ့ ရွှေမိုးငွေမိုးရွာ၊ လူချမ်းသာဖြစ်အောင် စီရင်ပေးတဲ့အကြောင်း သိရ ရော ...

"ဟင် ... ဟုတ်လား"

"ကျွန်မတို့က တောင်ယာခင်းထဲ ရောက်နေတာ ကြာတော့ မသိ လိုက်ရဘူး ... ကြီးတော်မြရယ်"

"သွား ... သွား ... လူငှားနဲ့ ယာခင်းကို ထားခဲ့ဟဲ့၊ မြန်မြန် သွား။ တော်ကြာ သူဌေးဖြစ် နောက်ကျရချည်တော်"

"ငါ့နှယ် ... ညဲ့လိုက်တဲ့ ... ဟာတွေတော် ... လေးမောင်တို့ လင်မယားဆို ရွှေပိသေတော့မယ်ဟဲ့ ... ငါ့နှယ်နော်"

ကျွန်တော်တို့လင်မယား လှည်းဆင်ပြီး ဒုန်းစိုင်းလာခဲ့ပေမင့် နောက် ကျသွားပြီဗျာ။

ဆရာတော် ရှင်အဖ္ဖဂေါဏ ပုပ္ပားအရပ်ကို ကြွသွားတယ်။

"ကံမကောင်းလိုက်တာ ... ကိုကျော်စွာရယ်"

"ဆရာတော်က ငါတို့တပည့်ရင်းတွေ ပစ်ထားမှာ မဟုတ်ပါဘူး မယ်သော်တာရာ"

❁ ❁ ❁

[၁၂]

❑

တစ်နေ့ ဆရာတော် ရှင်အဖ္ဖဂေါဏကို အထက်ပုဂ္ဂိုလ်များက လာသာ၊ ဒေါ်သများမှာ အချိန်မကျန်နဲ့တော့။

ထွက်ရပ်လမ်းကို မြန်းဖို့ သတိပေးလာပါရော။ စဉ်းစားတယ်။

ငါ့ရဲ့ ဓာတ်လုံးလည်း သိဒ္ဓိမြောက်ဓာတ်လုံး ဖြစ်ခဲ့ပြီ။

ပုဂံသားတို့ကိုလည်း ကြီးပွားချမ်းသာစေပြီး သာသနာပြုနိုင်သူ များဖြစ်အောင် ကူညီခဲ့ပြီးပြီ။ မိမိရဲ့ ဂုဏ်သတင်းလည်း ပေါက္ကံ (ပုဂံ)မှာ အကျော်ဖယျ ဖြစ်ခဲ့ပြီ။

အင်း ... တစ်နေ့ လောဘသားတွေ ရောက်လာကြဦးမယ်။

ကာယသိဒ္ဓိ လာတောင်းကြဦးမယ်။

ပီယသိဒ္ဓိ လာတောင်းကြဦးမယ်။

ရွှေလုပ်ပေးပါဦးဘုရားဟု လောဘသားတွေ လာကြဦးရော့မယ်။

မြေလျှိုးမိုးပျံသည့် ပထဝီသိဒ္ဓိရလို၍ ဓာတ်လုံးထိုးပေးပါဦးဘုရား ဟု လာကြလိမ့်ဦးမယ်။

ကောင်းကင်ခရီး ပျံသန်းလို့ရသည့် အာကာသသိဒ္ဓိ၊ ဓာတ်လုံး ထိုးပေးပါဦးဘုရား လာကြလိမ့်ဦးမယ်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုလာတဲ့လူတွေမှာ မင်းစိုးရာဇာလည်း ပါမည်။ မှူးကြီးမတ်ကြီးတွေလည်း ပါလာမည်။ အနိုင်အထက်ပြုသူ လူဆိုးလူသွမ်းများလည်း ပါလာကြလိမ့်မည်။

လိုချင်တာကို ပေးရင် ကျေနပ်ကြမယ်။

လိုချင်တာ မရရင် မိမိကို မုန်းမယ်။

မုန်းရင် ရန်ပြုကြမယ်။

အင်း ... ဒီလောဘသားတွေရဲ့ ဝန်းကျင်က ကင်းဝေးပြီး ကိုယ်လည်း ဘဝသစ်မှာ ငြိမ်းချမ်းရေးရဖို့ကတော့ ...

ထွက်ရပ်လမ်းပဲ။

အဆင့်မြင့်ဝိဇ္ဇာလမ်းပဲ။ လမ်းညွှန်နေပြီ။

အင်း ... ငါ ထွက်ရပ်လမ်းကို မြန်းမယ်။

ဒီနေရာမှာ မယ်သော်တာတို့၊ မောင်ကျော်စွာတို့ကို အားကိုးရမှာပဲလို့ စဉ်းစားပြီး ကျွန်တော်ရှိလာ ကြွလာပါရောလားဗျာ။

ဝမ်းသာလိုက်တာ ပြောမပြနိုင်ဘဲဗျို့။

"ဆရာတော် ... ဘယ်အရပ်ကို ကြွနေလို့လဲ ... ဘုရား"

"ငါ ပုပ္ပားအရပ်မှာ ထွက်ရပ်လမ်းအတွက် ကျင့်ကြံနေတာကွယ် အခု ငါလုပ်နေတာက သူများတွေကို ချမ်းသာအောင် လုပ်ပေးပြီးပြီ။ မင်းတို့လင်မယား ငါတပည့်နှစ်ဦးပဲ ကျန်တယ်"

"မှန်ပါ့ ... ဘုရား"

"ရော့ ... ဟောဒါ ... မင်းတို့အတွက်"

"ဟင် ..."

"ဟယ် ..."

ကြည့်စမ်းပါ ... နောင်တော်ရာ၊ ရွှေတုံးရွှေခဲနဲ့ ရတနာ ... တွေရယ်၊ နည်းရောလားဗျာ။ ရွှေငွေရတနာများ ကြည့်ပြီး ဝမ်းသာ ... သွားပါရော့။

"ကျော်စွာ"

"ဘုရား ..."





"ငါ မကြာခင် ထွက်ရပ်လမ်းမြန်းမယ်"

"ဟင် ...."

"ဘယ်လို အဓိပ္ပာယ်ပါလဲဘုရား၊ မိန့်ပါဦး ဘုရား"

လူ့လောကဝန်းကျင်မှာ ငါရှိနေရင် လောဘသားတွေ ငါ့နောက်ကို တကောက်ကောက် လိုက်ကြလိမ့်မယ်။ ရလေလိုလေ အိုတဏှာ လူစားမျိုး ... တာ နေရာတိုင်းမှာ ရှိတယ်။ ငါလည်း ငါ့ဓာတ်လုံးအစွမ်းနဲ့ အများကို ... ချမ်းသာအောင် ရွှေမိုးကြီး ရွာပေးသလို လုပ်ခဲ့ပြီးပြီ။ ကျော်စွာနဲ့ ... တာ ... ငါ အခု လူတွေနဲ့ ဝေးရာအရပ်၊ တစ်နည်း လောဘ၊ ဒေါသ၊ ... ဟနှင့်ကင်းရာ အဝိဇ္ဇာ၊ တဏှာ၊ ကိလေသာတို့နှင့်ကင်းရာသွား၊ ဝိဇ္ဇာလမ်း ... ထွက်မယ်ကွယ့်။ ဝိဇ္ဇာဓိုရ် ငါးမျိုးရှိတယ်။ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ အင်း ... ဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ မန္တာန်ဝိဇ္ဇာရယ်လို့ ရှိတာကိုး။

အေး ... အဲ့ဒီလို သံ၊ ဆေး၊ ပြဒါး၊ အင်း၊ မန္တာန်ကို တတ်မြောက် ... သိဒ္ဓိမြောက်လို့ အစီးရလာရင် ဝိဇ္ဇာဓိုရ်အဆင့်ကို ရောက်သွားတယ်။ ... ဓိုရ်အဆင့်ကို ရောက်သွားရင် ရွှေဆိုရွှေ၊ ငွေဆိုငွေ၊ မြေလျှိုးမိုးပျံ လူ့ ... နတ်ပြည်ပါ လှည့်လည်သွားလာနိုင်တဲ့ ပုဂ္ဂိုလ် ဖြစ်သွားရော။ အဲ့ဒီ ... ဆင့်ရောက်အောင် ငါ ဖိုလ်ဝင်ပြီး ထွက်ရပ်လမ်းကို မြန်းမယ်။ အဲ့ဒီကျ ... မင်းတို့လင်မယား ငါ့ကို ကူညီနော်။

"မှန်ပါ့ ... ဘုရား၊ အရှင်ဘုရား အလိုရှိရင် ပြောသာပြောပါ ..."

"ကိုယ်တော် ..."

"ဘာတုံး ... မယ်သော်တာ"

"ဘုရားကျွန်မလည်း ဝိဇ္ဇာအတတ်ကို လိုချင်လွန်းလို့ပါဘုရား ... တော် ဖိုလ်ဝင်မယ်ဆို ဘုရားကျွန်မကိုသာ အချိန်မရွေး လာခေါ်ပါ ..."

ဆရာတော် ရှင်အဇ္ဇဂေါဏ တပည့်နှစ်ဦးရဲ့စကားကြောင့် လွန်စွာ ... ကျေနပ်ဝမ်းသာဖြစ်ပြီး ငါ သည်နေ့ ရွှေငွေရတနာများ လာပေးရတာ ... ရဲ့လို့ ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



"သာဓု . . . သာဓု . . . သာဓု . . ."

ဒီမှာပဲ ကျွန်တော်က ကောက်ကာငင်ကာ မေးမိတယ်။

"ဆရာတော်ဘုရား . . ."

"ဘာတုံး . . . မောင်ကျော်စွာ၊ ဘာလိုလို့တုံး . . . ပြော"

"မှန်ပါ"

"ပုဂံမှာ မှဆိုးမ၊ ဆင်းရဲသားတောင် ဘုရားတည်နိုင်အောင် အရှင်ဘုရား ရွှေမိုးများ ရွာခဲ့ပြီးပါပြီဘုရား"

"အဲဒီတော့ ဘာဖြစ်တုံးဟဲ့"

"ဆင်းရဲသား ဘုရားတည်နိုင်တာ ကိုယ်တော့်ကျေးဇူးကြောင့်ပဲ ဘုရား"

"ကံအကျိုးပေးကောင်းကြလို့ပါ . . . မောင်ကျော်စွာ"

"ကိုယ်တော် ပေါက်ကွဲ (ပုဂံ) ပြည့်ရှင် ဘုရင်နရသူကိုရော အရှင်ဘုရား ပြန်မကြည့်တော့ဘူးလား ဘုရား"

"ဟူး . . ."

ရှင်အဖွဲ့ဂေါ်ထာက ပါးစပ်ကနေ လေပူများကို မှုတ်ထုတ်ပြီး အဝေးကို ငေးမောစဉ်းစားသလို လုပ်ရင်းက . . .

"ဒကာတော် . . . ကျော်စွာ"

"ဘုရား . . ."

"ငါ မင်းကြီး နရသူထံက အင်္ဂရုတ်ထိုးဖို့ ရွှေများစွာ အလှူခံဖူးတယ်"

"သိကြောင်းပါ ဘုရား"

"အဲ့ဒီတုန်းက ရှင်ဘုရင်ကို ဓာတ်လုံးအောင်မြင်ရင် မင်းကြီးလည်း အကျိုးခံစားရမည်လို့ ပြောတော့ နရသူကကျေနပ်ခဲ့ပြီး ရွှေငွေများစွာ လှူခဲ့ပါတယ်။ သို့သော် အကြောင်းကံ မသင့်ချင်တော့ ဓာတ်လုံးရဲ့ နောက်ဆုံးအဆင့်မှာ ရှီးရည် (ချေးရည်) လောင်းရမှာကို အဖတ်မှား၊ အမှု အဆမှားပြီး ငါ အချဉ်ရည် လောင်းခဲ့မိတော့ ဓာတ်လုံး ပြီးမြောက်သည့် အဆင့်ကို မရောက်ခဲ့ဘူး။

စိတ်ကူးသစ်စာပေ



ဒီအကြောင်း ရှင်ဘုရင်ကို နားလည်သမျှ ရှင်းပြပြီး အချိန်စောင့်ပါဦးလို့ ပြောတာကို သူ့ကိုလိမ်ညာပြီး ရွှေတွေ ယူပါတယ်၊ ဝှက်ပါတယ်၊ သူတစ်ပါး ဆွေမျိုးသားချင်းများကို ပေးပါတယ်လို့ စွပ်စွဲခဲ့တယ်။

သည့်နောက် သူ့ကို လိမ်ညာရမလားဆိုပြီး ငါ့မျက်လုံးနှစ်လုံးကို ရက်ရက်စက်စက် ဖောက်ယူသွားပြီး ငါ့ဘဝကို စုံလုံးကန်းအောင် သူ ပြုခဲ့တယ်။ ဒီမင်းဆိုးမင်းညစ် အဖသတ်၊ အစ်ကိုသတ်၊ ရဟန်းသံဃာကို စော်ကားသည့်ဘုရင် နောင်တရမည့်အချိန်ကို ငါ စောင့်ကြည့်နေတယ် . . . ကျော်စွာ၊ မင်းတို့လည်း လိမ်လိမ်မာမာနေကြ"

ဆရာတော် ရှင်အဖွဲ့ဂေါ်ထာဟာ သို့ကလိုပြောပြီး စိတ်မကောင်းကြီးစွာနှင့် ပြန်ကြွသွားတယ်။

အင်း . . . စဉ်းစားကြည့်တော့လည်း နရသူဟာ အလွန်ရက်စက်ကြမ်းကြုတ်သည့် ဘုရင်ပါလေ။

ဖခင်အရင်း အလောင်းစည်သူမင်းကြီး နာမကျန်းတုန်း ခေါင်းအုံးနဲ့ ဖိသတ်ပြီး ရွှေနန်းကို အဓမ္မသိမ်းတယ်။

နောင်တော်အရင်းခေါက်ခေါက်ဖြစ်တဲ့ မင်းရှင်စောကို ရှင်မဟာထေရ်ကနေ ထီးနန်းတင်ပေးပါ့မယ်၊ စစ်မတိုက်ပါနှင့်၊ နောင်တော်တစ်ယောက်တည်းကိုပဲ ခေါ်လာပါ ပြောပြီး . . .

ရောက်လည်းရောက် ရာဇပလ္လင်ပေါ် တစ်နေ့ ဟန်ပြ နန်းတင်ပြီး ညဘက်မှာ အဆိပ်ခတ်သတ်ပစ်တယ်။

ခုလည်း ရှင်မထီးကို မျက်လုံး ဖောက်ထုတ်ပစ်တယ်။

ဆရာအရှင်ဘက်က ကြည့်ရင် နာကြည်းမုန်းတီးချင်မှာပဲလေ၊ ချက်မြင်ကြုံခဲ့ရတဲ့ ကျွန်တော်တို့ရော ပုဂံသူ၊ ပုဂံသားတွေရော ရှင်ဘုရင်နရသူကို လုံးဝ မနှစ်မြို့ကြဘူး ဥစ္စာ၊ ဆရာတော် ရှင်အဖွဲ့ဂေါ်ထာရင်ထဲမှာ အကျိတ်အဖုအဖြစ် ခံစားနေရမှာပဲလေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၁၃]

❑

တစ်နေ့ ကျွန်တော် (မောင်ကျော်စွာ)လည်း သားလေး မောင်ဝံသာကို ထိန်းကျောင်းရင်း ထင်းများကို ဖြတ်တောက်နေချိန်မှာပဲ

ဆရာတော် ရှင်အဖ္ဖဂေါဏ ဖြူန်းစားကြီး အိမ်ရှေ့ ရောက်လာပါ လေရောဗျာ။

သက်န်းကိုလည်း ကျကျနန ရုံလို့ဗျ။

ကျွန်တော်လည်း မြေပြင်မှာပဲ ဦးချပြီးနောက် ...

"အရှင်ဘုရား ... ဘယ်ကို ဆွမ်းစားကြွမလို့ပါလဲ ဘုရား"

"ကျော်စွာ ... ငါ ဆွမ်းစားကြွမလို့ မဟုတ်ပါဘူး။ မင်းကို ငါနဲ့ အတူလိုက်ဖို့ လာခေါ်တာ"

"ခင်ဗျာ ..."

"ငါ ဖိုလ်ဝင်ဖို့အချိန်ရောက်လာပြီ ကျော်စွာ။ ဖိုလ်ဝင်ရင် စိတ်ချ ယုံကြည်ရတဲ့ တပည့်ကောင်း အနီးမှာရှိမှ ဖိုလ်ဝင်ထွက်ရပ် လုပ်လို့ရ တယ်။ ဒါကြောင့် ငါ့ရဲ့ ဖိုလ်ဝင်ကိစ္စမှာ မင်း အနီးကပ်ကူညီရအောင် လာ ခေါ်တာပဲ"

"အရှင်ဘုရား ..."





ဒီအချိန်မှာ ကစားနေတဲ့ သားလေးမောင်ဝံသာကလည်း ကျွန်တော့် အနီးမှာ လာထိုင်ပြီး ဆရာတော်ကို ကြည့်လို့။

"ပြော"

"အခုလောလောဆယ် တပည့်တော် လိုက်လို့ မဖြစ်သေးပါဘူး ဘုရား"

"ဟဲ့ ဘာဖြစ်လို့ မလိုက်နိုင်ရတာတုံး"

"သူ့အမေ မယ်သော်တာလည်း မရှိပါဘူးဘုရား။ ဒီသားလေး တစ်ယောက်တည်း ထားခဲ့ပြီး လိုက်ရင် ဒီကလေး ဘယ်လိုလုပ် စိတ်ချရ မှာလဲဘုရား"

ဆရာတော်က ကျွန်တော့်မျက်နှာကိုတစ်လှည့်၊ သားလေး မောင် ဝံသာရဲ့ မျက်နှာကိုတစ်လှည့် ကြည့်ပြီး ခေါင်းညိတ်တော်မူရင်းက ...

"အေးပေါ့လေ၊ သားစိတ်မချတော့ မောင်ကျော်စွာ မလိုက်နိုင် သေးဘူးပေါ့။ အင်း ... အင်း ... အင်း ...။ ဒါနဲ့ မင်းမိန်းမ မယ်သော် တာက ဘယ်သွားတုံး"

"မယ်သော်တာက ဟိုအဝေး ယာခင်းထဲ ရောက်နေပါတယ်ဘုရား"

"အိမ်း ... အိမ်း ... နေကြ၊ နေကြ ငါ သွားပြီဟေ့"

ဆရာတော်ရှင်အဖ္ဖဂေါဏဟာ ကျွန်တော်တို့ သားအဖကို ပြောပြီး ထွက်သွားခဲ့တယ်။

နောင်မှ သိရတာက ဒီလိုခင်ဗျ။

ဆရာတော်ရှင်အဖ္ဖဂေါဏဟာ ကျွန်တော့်ကို ဖိုလ်ဝင်ရာခေါ်လို့ နေတော့ ဇနီးမယ်သော်တာရှိရာ ယာခင်းထဲ လိုက်သွားတာကို။ သူက ယုံတပည့် အလိုရှိနေတာ။

"ဟဲ့ ... မယ်သော်တာ"

"အလို ... ဘာဘုန်းဘုရား ... ဘယ်အရေးကြောင့် ယာခင်းထဲ ရောက်အောင် လိုက်ခဲ့ရတာပါလဲ ဘုရား"

"မယ်သော်တာ ..."

"ဘုရား ..."



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီနေ့၊ မနက်ဖြန် ဖိုလ်ဝင်ပြီး ထွက်ရပ်လမ်းကို မြန်းမယ်။ ဒီနေရာမှာ နှင့်လို စိတ်ချရတဲ့တပည့် အရေးကြီးတယ်ကွယ်"

"မှန်ပါ့ ... ဘုရား"

"ငါ ဖိုလ်ဝင်တာ အောင်မြင်သွားရင် နင်လည်း ဝိဇ္ဇာမဖြစ်သွားလိမ့်မယ်ဟဲ့"

"မှန်လှပါ ... ဝိဇ္ဇာဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ အရှင်ဘုရားရဲ့ ပညာရပ်များကို လေးစားယုံကြည်ပြီး မအောင်မြင်ခင်ကတည်းက ကူညီခဲ့တာပါဘုရား။ အခုလည်း အရှင်ဘုရားရဲ့ကျေးဇူးကြောင့် ကျွန်မတို့ မိသားစု စားမကုန်အောင် ချမ်းသာခဲ့ရပြီ။ စိတ်ချတော်မူပါ။ ဘုရားကျွန်မ အရှင်ဘုရားရဲ့ ဝိဇ္ဇာလမ်း ထွက်ရပ်ပေါက်လုပ်ငန်းကို စိတ်ချယုံကြည်စွာ ကူညီစောင့်ရှောက်ပါမည်ဘုရား"

မယ်သော်တာကလည်း ကျေးဇူးရှင်ဆရာသခင်ကို ကူညီချင်နေတာရယ်၊

ကျေးဇူးလည်း ဆပ်ချင်နေတာလေ။ ဝမ်းသာလွန်းလို့ ပျော်နေတာပဲ။

"ဒါဆို ခုပဲသွားကြစို့ ... မယ်သော်တာရေ"

"မှန်ပါ ဘုရား"

ဒါနဲ့ ဆရာတပည့် ဖိုလ်ဝင်မည့် ပုပ္ပားတစ်ဝိုက်က တောရိပ်ကောင်းကောင်းရှိရာကို အမြန်သွားကြတော့တယ်။

ဒီမှာ ပြဿနာက စလေရော ... နောင်တော်ရေ။

ပုဂံဘုရင် နရသူရယ်ဗျာ။

ရှင်အဖွဂေါဏကို မုန်းတီးပြီး ရန်ရှာပါရောဗျာ။ ရှင်အဖွဂေါဏ ပြဒါးရှင်ခဲတတ်လုံးအောင်ပြီး သိဒ္ဓိမြောက်သွားတဲ့အကြောင်း၊ နွားမျက်စိနဲ့ ဆိတ်မျက်စိထည့်ပြီး ပြဒါးခဲတတ်လုံးနဲ့တို့ထိလို့ မျက်လုံး ထူးဆန်းအံ့ဖွယ်ပြမြင်ကြောင်း၊ ပုဂံနယ်တစ်ရိုး ရွှေမိုးရွာသကဲ့သို့ လူတိုင်းကို ချမ်းသာကြီးမွားအောင် ပြဒါးခဲတတ်လုံးနှင့် မ,စသည့်သတင်း။

စိတ်ကူးသစ်စာပေ



ကြေး၊ ငွေ၊ ခဲရည်ကို ရွှေဖြစ်အောင် ရှင်အဖွဂေါဏ လုပ်ပြသွားတဲ့ သတင်းကိုကြားရော အကြီးအကျယ်ဒေါပွပါရော။ အဲဒါ ရှင်အဖွဂေါဏ သိဒ္ဓိဝင်ခဲတတ်လုံး အောင်မြင်ပါလျက်နှင့် ငါလိုဘုရင်ထံ မခစားရကောင်းလားဆိုပြီး ...

ရှင်အဖွဂေါဏနောက်ကို မင်းမှုထမ်းများနှင့် လိုက်လံ ဖမ်းဆီးခိုင်းတော့တာပဲ။

သို့သော် ရှင်အဖွဂေါဏကို ရှာလို့ စုံစမ်းလို့မရဘူး။ နောက်ဆုံးစုံစမ်းရင်းက ကျွန်တော် မောင်ကျော်စွာနှင့် မယ်သော်တာတို့ဟာ ဆရာတော်ရဲ့ တပည့်အရင်းမှန်းသိလို့ ကျွန်တော်တို့သားအဖကို လက်ပြန်ကြိုးတုပ် ဖမ်းခေါ်သွားကြတယ်။

ဘုရင်နရသူရှေ့ရောက်တော့ မေးပါရောဗျာ ...

"ငကျော်စွာ ..."

"ဘုရား"

"မယ်သော်တာ မင်းနဲ့ ဘာတော်စပ်သလဲ"

"ဇနီးမယားပါ ... အရှင်မင်းကြီး"

"ဒီသူငယ်ကရော"

"ဘုရားကျွန်တော်မျိုးတို့ရဲ့ ရင်သွေးပါဘုရား"

"မယ်သော်တာ အခု ဘယ်သွားနေတုန်း ... ငကျော်စွာ"

"မှန်ပါ ... ဆရာတော် ရှင်အဖွဂေါဏနဲ့ ထွက်ရပ်လမ်းအတွက် ဖိုလ်ဝင်ရန် လိုက်ပါသွားတယ်လို့ သိရကြောင်းပါ ... အရှင်"

"ဘယ်နေရာ၊ ဘယ်အရပ်တုံး"

"အဲဒါတော့ ဘုရားကျွန်တော်မျိုး မသိကြောင်းပါ ... အရှင်မင်းကြီး"

"ငါ့ကို လိမ်ညာနေတာလား ... ငကျော်စွာ"

"မဟုတ်ပါ ... အရှင်မင်းကြီး"

"မင်းကိုယ်၌ကရော ရွှေဖြစ်၊ ငွေဖြစ် လုပ်နိုင်တယ်ဆိုတာ တကယ်သလား"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

"မဟုတ်ကြောင်းပါ ဘုရား"

"မင်း ရွှေဖြစ်တယ်လို့ ကြားရတယ်။ ငါ ရွှေဖြစ်တဲ့ ခါတ်လုံး လိုချင်တယ် ... ငကျော်စွာ"

"မ ... မရှိပါဘူး ... အရှင်မင်းကြီး"

"ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဟား ... မင်းတို့အားလုံး ငါ့ကို ဗိုင်းညာလိမ်နေတာ ကြာပြီပဲလေ။ ရှင်မထီးကလည်း ဓာတ်လုံးအောင်ရော ငါ့ကိုမေ့သွားတယ်။ အမိန့်တော် ... မှတ်မယ်။ ငကျော်စွာ တို့သားအဖကို စစ်ဆေးပြီး ရှင်မထီး ဘယ်မှာရှိတယ်ဆိုတာ ရအောင် စစ် ဆေးဖော်ထုတ်ကြစေ"

✿ ✿ ✿

| ၁၄ |

❑

(ကျွန်တော်) ကျော်စွာကို မင်းမှုထမ်းလက်မရွံ့တို့က ရက်ရက် ...တ် ရိုက်နှက်ကန်ကျောက် ထုထောင်းစစ်ဆေးကြတာပါ ... နောင် ...ရယ်။

လက်ပြန်ကြိုးတုပ်၊ ထိတ်တုံးခတ်ပြီး မျက်နှာကို ရေစိုဝတ်အုပ် ...ီး ကျောပြင်ပြောင်ကို ဆူးကြိမ်လုံးနဲ့ ရိုက်ပေးတာဗျာ။

"ဖောင်း ..."

"အား ..."

"ရှမ်း ..."

"အမလေးဗျာ ... အား ... အား ..."

"ကျော်စွာ ... ရှင်အဖွဲ့ဂေါထာနဲ့ မယ်သော်တာက ဘယ်အရပ် ...သွားသတုံး"

"မ ... မသိကြောင်းပါခင်ဗျား"

"ဖောင်း ... ဖောင်း ... ဖောင်း ..."



www.burmeseclassic.com

"ရှမ်း ... ရှမ်း ... ရှမ်း ..."

"အား ... အ ... အ ..."

နံစောင်းကို တုတ်တိုနဲ့ ဆောင့်ထိုး၊ ကျောကို ဆူးကြိမ်နဲ့ ရိုက်ကြတဲ။ ကျွန်တော့်တစ်ကိုယ်လုံး သွေးခြင်းခြင်း ရဲနေတယ်။

"ဟေ့ကောင် ... မင်းမှာ ရွှေဖြစ်တဲ့ ခါတ်လုံး ရှိတယ်မဟုတ်လား"

"မ ... မရှိပါဘူး ခင်ဗျား"

"ဖွမ်း ..."

"ရှမ်း ..."

"ဒုတ် ..."

"အမလေးဗျာ ... အ ... အဟွတ် ... အဟွတ် ... ဟွတ် .."

"မင်း မှန်မှန်မပြောဘူးလား ... ကျော်စွာ"

"အား ... အီး ..."

"ဟေ့ ... ဟိုကလေးကို ခေါ်ခဲ့ကြစမ်း"

"ဟာ ..."

"အား ... လူလေး ... မောင်ဝံသာ ... သား ... သား .."

ရက်စက်လိုက်ကြတာဗျာ။ ကျွန်တော့်သားလေး မောင်ဝံသာကို သူတို့ ရိုက်နှက်ခေါ်တာလေ။ ကလေးဟာ သွေးတွေ ပေကျံလို့၊ မျက်လုံးတွေ ဖူးယောင်ပိတ်၊ နှုတ်ခမ်းကွဲပြီး မရပ်နိုင်ရှာဘူး"

"မင်းတို့သားအဖ ညာနေတာ တယ်တူပဲကွ။ ကဲ ... ကျော်စွာ ရှင်မလီးနဲ့ မယ်သော်တာ ဘယ်မှာရှိလဲ ... ဟေ ..."

"မ ... သိ ..."

"ဖြန်း ..."

"အား ... အမလေးဗျ"

"သား ... သား ... သား ..."

စိတ်ကူးသစ်စာပေ



ကျွန်တော့်သားကို ရိုက်လိုက်၊ ကျွန်တော့်ကို ရိုက်လိုက်နဲ့ ရိုက်ချက်ပေါင်း များစွာကြားမှာ ကျွန်တော်တို့သားအဖ ...

"သား ... သား ... လူလေး ..."

"အ ... ဖေ ... အဖေ ..."

"သား ..."

"သားလေး ဖက်ကျိုးကျပြီး သေသွားပြီဗျာ"

"ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

"အဟစ် ... အဟစ် ... အဟက် ..."

"သေကွာ .... သေကွာ ... ဒီတစ်ခါ မင်း အလှည့်ပဲ။ မင်းက ခေါင်းကြောမာလွန်းတဲ့ ကောင် ... ကိုင်း ... သေဟ ..."

"ဖောင်း ..."

"အင့် ..."

"ဒုတ် ..."

"အား ..."

"ရှမ်း ... ရှမ်း ... ရှမ်း ... ဖြောင်း ..."

"အား ... အ ... အ ..."

မရေမတွက်နိုင်အောင် လက်မရွံ့တွေနဲ့ တာဝန်ရှိသူတွေက ဝိုင်းနှိပ်လိုက်တာ။ သွေးပွက် ရဲရဲနီနီကြားမှာ ကျွန်တော်လည်း အသက်ပျောက်ပြီး နတ်စိမ်းဖြစ်ခဲ့ရတယ် ... နောင်တော်ရယ်။

ကျွန်တော့်ကို 'ကျော်စွာနတ်' လို့ ခေါ်ခဲ့ကြပြီ။

ကျွန်တော်တို့ ဒေသကလူတွေက ကျွန်တော်တို့သားအဖ အနှိပ်စက်ခံရလို့ သေမှန်းသိတော့ စိတ်မကောင်းဖြစ်ကြပေါ့ဗျာ။

ကျွန်တော်တို့သားအဖ နတ်စိမ်း (အောက်နတ်) ဘဝနဲ့ ကျွန်တော့်အိမ်နေရာလေး လာကြည့်၊ နီးရာလူ အိပ်မက်ပေးတော့ စိတ်မကောင်းကြ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



မယ်သော်တာ ဘယ်ရောက်နေတာလဲ။

ကျွန်တော်တို့ ဆရာတော် ထွက်ရပ်လမ်း မြန်းနိုင်ရဲ့လား။ ကျွန်တော် မျှော်တွေးငေးပေါ့။

ဒါနှင့်အတူ ရက်စက်ကြမ်းကြုတ်တဲ့ဘုရင် နရသူကို အလွန်ကို မုန်းတီးမိတယ်။ မေ့လို့မရအောင် မုန်းတာပါဗျာ။

တစ်နေ့ တွေ့ကြသေးတာပေါ့ နရသူ။

သင်း ... ဘုန်းကြီးတုန်း ထင်ရာစိုင်းဦးပေါ့။ တစ်နေ့ ကျော်စွာ သင်းကို ဘယ်လိုလုပ်မလဲဆိုတာ စောင့်ကြည့်နေပါ ... နရသူ။

✿ ✿ ✿

| ၁၅ |

❑

"မယ်သော်တာ"

"ဘုရား ..."

"ရော့ ... ဆေးသုံးလုံး၊ ငါစည်းဝိုင်းထဲမှာ ဖိုလ်ဝင်နေမယ်။ မီးရှိန်လျော့စေနဲ့။ ငါ့ကိုယ်ကို မီးဟပ်သွားလည်း မစိုးရိမ်နဲ့။ အရေးကြီးတာက ပထမဆေးလုံးကို မီးပုံထဲပေါက်လိုက်။ အကောင်ရုပ်တွေ မြင်ရမယ်၊ မြင်ရရင် မကြောက်နဲ့။ ဒုတိယအလုံးကို ပေါက်လိုက်၊ ကြောက်မက်ဖွယ်ရာ အသံများကြားရရင် မကြောက်နဲ့၊ မပြေးနဲ့။ တတိယမြောက်ဆေးလုံးကို ပေါက်ထည့်မှ ငါ ဝိဇ္ဇာလမ်းကို မြန်းရမှာ။ နင် အခရာပဲ .. မယ်သော်တာ"

"စိတ်ချယုံကြည်တော်မူပါ ဘုရား"

"မကြောက်နဲ့နော်။ နင် ကြောက်ပြီးပြေးရင် ငါလည်း ဝိဇ္ဇာဘဝ မရောက်ဘဲ မီးကျွမ်းပြီး ပြာကျသွားလိမ့်မယ်"

"စိတ်ချတော်မူပါ ဘုရား"

သည့်နောက် ဆရာတော်က မယ်သော်တာအတွက် စည်းဝိုင်းသစ်ခွဲပြီး အထဲမှာ နေစေတယ်။ သူကလည်း စည်းဝိုင်းထဲက မီးတောက်ကို ဝတ်လည်ဝိုင်းကြားမှာ နေရာယူလိုက်တယ်။



www.burmeseclassic.com

မီးတောက် မီးလျှံများက သမထထိုင်သလို ရှာန်ဝင်စားနေတဲ့ ဆရာတော်ဝန်းကျင်မှာ နဂါးမီးလျှံကြီးများလို လိုက်ဟပ်နေတာ ကြောက်ခမန်းလိလိပဲတဲ့။

"ကိုင်း ဟာ ..."

"ဝုန်း ..."

"ဝူး ... ဟူး ... ဟူး ... ဝူး ..."

မယ်သော်တာ ပထမဆေးတစ်လုံး ပေါက်ထည့်လိုက်တာ မီးတောက်မီးလျှံများကြားကနေ သရဲလား၊ တစ္ဆေလား၊ ဘီလူးလား၊ နဂါးလား ဘာမှန်းမသိတဲ့ နာနာဘာဝလိုအကောင်တွေ အများကြီးပေါ်လာပြီး မယ်သော်တာကို လှမ်းလှမ်း ဆွဲနေကြတယ်။

မယ်သော်တာကလည်း လုံးဝမကြောက်ဘူး။ စည်းအပြင်ကိုလည်း မထွက်ဘူး။

ဒုတိယမြောက်ဆေးလုံးကို ဆရာတော် ဖိုလ်ဝင်နေတဲ့ စည်းဝိုင်းထဲ ပစ်ပေါက်လိုက်ရော ...

"ဝုန်း ..."

"ဟယ် ..."

ဖိုလ်ဝင်နေတဲ့ ကျေးဇူးရှင်ဆရာတော်ရဲ့ ရုပ်သွင်ဟာ ဒုတိယမြောက်ဆေးလုံးကို ပေါက်ပြီးရော မှုန်ဝါးဝေဝါးပြီး မိုးကောင်းကင်ရှိရာကို လွင့်တက်သလို ရှိနေတာကို အံ့ဖွယ်မြင်နေရတယ်။

"ဟား ... ဟား ... ဟား ... ဟား ..."

"ဟီး ... ဟီး ... ဟီး ... ဟီး ..."

"ဟေး ... ဟေး ... ဟေး ... ဟေး ..."

"ဝေး ... ဟေး ... ဟေး ... ဟေး ..."

"ဝေါင်း ..."

"ကျွီ ... ကျွီ ..."

'ဘုရားရေ ..."

စိတ်ကူးသစ်စာပေ



ရယ်သံမျိုးစုံကို ချောက်ချားစရာကောင်းအောင် အရပ်လေးမျက်နှာက ကြားနေရသလို ကျားဟိန်းသံ၊ ဆင်ကျိုးသံ၊ ကျွဲဆိုးလို အော်သံများကိုလည်း အကောင်မမြင်ရဘဲ ကြားနေရပါရော။ ကြက်သီးဖြန်းဖြန်း ထပဲတဲ့။

"ပြန်တော့ ... နှင် ပြန်တော့"

"မိသော်တာ ... ပြန်တော့၊ နှင်သေလိမ့်မယ်၊ ပြန်တော့"

"ကျော်စွာနဲ့ နှင့်သား ဒုက္ခရောက်နေပြီ ပြန်တော့"

"သော်တာ့အသားကို စားမယ်ဟေ့ ... ဟေ့ ..."

"ဝိုင်းထားဟေ့ ... ငါတို့ စားရတော့မယ်ဟ"

"ပြေး ... ပြေး ... သော်တာ ... ပြေး ... ပြေး ..."

အလို ... ဒါ ငါ့ဆရာတော်ရဲ့အသံ မဟုတ်ပါဘူး။ ငါ မပြေးဘူး။ ဘာမှ မကြောက်ဘူး။ ငါ ပြေးရင် စည်းပေါက်ပြီး ဆရာတော်တဝ လုံးဝ ပျက်စီးသွားမယ်။ ဒါနဲ့ တတိယမြောက်ဆေးလုံးကို မီးပုံထဲ ပေါက်ထည့်လိုက်ရော ...

"ကိုင်းဟာ ..."

"ဝုန်း ..."

"ဝေါ ... ဝေါ ... ဝုန်း ..."

"ဝရော ... ဝရော ... ဝုန်း ..."

"ဟင် ..."

ကြားရသည့် အသံတွေက စောစောက နာနာဘာဝလို အကောင်တွေ ထွက်ပြေးသည့် အသံမျိုး။ ငယ်သံပါအောင် အော်ပြေးကြတာ။ ဒါနှင့်အတူပဲ ဆရာတော် ဖိုလ်ဝင်နေသည့် မီးတောက်မီးလျှံတွေ မိုးကောင်းကင်ရှိရာကို ထိုးတက်သွားသလို ...

ဆရာတော်ဘုရားကိုလည်း မီးတောက်ကြားမှာ ရိပ်ခနဲ မြင်လိုက်ပြီး မိုးကောင်းကင်ပေါ် တရိပ်ရိပ် တက်သွားတာကို အံ့ဖွယ်မြင်လိုက်ရသည်။

"သွားတော့ ... ဆရာတော်ဘုရား။ မြန်းကြွတော် မူပါဘုရား"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



မယ်သော်တာ လက်အုပ်ချီပြီး မျက်ရည်နဲ့ ကန်တော့လိုက်တယ်။

ကြည့်စမ်း ... ဆရာတော် မရှိတော့ဘူး။

ဖိုလ်ဝင်တဲ့ စည်းဝိုင်းတော့မှာ ပြာတွေပဲ ကျန်ရှိနေပြီး ပြာတွေလည်း လေတိုက်လို့ လွင့်ကုန်တယ်။

ငါတို့ဆရာတော် ထွက်ရပ်လမ်းကို မြန်းပြီ။

ဝိဇ္ဇာလိုင်းမှာ မြင့်သွားခဲ့ပြီ။ ငါ ဝမ်းသာလိုက်တာ။

နောင် ငါတို့နဲ့ တွေ့မှ တွေ့ပါတော့မလား။

သည့်နောက် ဖိုလ်ဝင်စခန်းက ပြန်လာပြီး လင်နဲ့သားရှိရာအရပ်ကိုရောက်ရော ကျော်စွာနဲ့မောင်ဝံသာတို့ ညည်းနဲ့ ဆရာတော် ဘယ်သွားလဲမေးရင်း စစ်ရင်း ဘုရင်နရသူရဲ့ အမှုထမ်းများလက်ချက်နဲ့ သေမှန်းသိရရော မျက်ရည်ပေါက်ပေါက်ကျ ငိုရှာတယ်။

နောင်တော်ရယ် ... မယ်သော်တာလည်း လင်နှင့်သား မရှိသည့်နောက်ဆုံး လူဝတ်ကြောင်စွန့်ပြီး ပုပ္ပားတောင်ပေါ်မှာ ရသေ့မ.ဝတ်ရုံ အရိုးထုတ်တော့တယ်ဗျာ။

မှတ်ချက် ။ ။ အချို့အဆိုမှာ ဝိဇ္ဇာမ.ဖြစ်သွားသည်ဟုလည်း သိရပါသည်

✿ ✿ ✿

[ ၁၆ ]

❑

ကျွန်တော်တို့မိသားစု သေကွဲရှင်ကွဲ ကွဲခဲ့ရတာ ပုဂံဘုရင် နရသူကြောင့်ဗျ။ အဲ့ဒါကြောင့် ကျွန်တော် နတ်စိမ်းဘဝရောက်သည့်တိုင် ဘုရင်နရသူနဲ့ လက်မရွံ့တွေကို မုန်းတီးနာကြည်းခဲ့တယ်။

ဒါကြောင့် ကျော်စွာနတ်စိမ်းဘာလဲသိရအောင် ယခုနေတဲ့ ပုပ္ပားဆောင်စွန်းကနေစပြီး ပင်လယ်ဘက်ကနေ တက်လာတဲ့ မိုးသားတိမ်တိုက်တို့ကို မိုးမရွာရအောင် ကျွန်တော်ရဲ့ နတ်တန်ခိုးနဲ့ဖယ်ရှားပစ်လိုက်တယ်။

နောင်တော်ရေ ... ပုဂံမှာ မိုးခေါင်ပါရောလားဗျ။

"ဟား ... ဟား .. ဟား ..."

မိုးခေါင်လို့ ရေမရတော့ ယာတွေပျက်ပြီး စီးပွားကျဆင်းလာတော့ ...

ဘုရင် မင်းကျင့်တရားနဲ့ မညီလို့ မိုးခေါင်ရတာ ပြောကြတော့တာပဲ။ ဆူသံပူသံတွေ နေရာအနှံ့ ကြားရပါကောလား။

'ဟင်း ... ကျုပ်အကြောင်း သိကြပြီမဟုတ်လား'။

အဲဒါ ဘုရင် နရသူက မှူးကြီးမတ်ကြီးများနှင့် တိုင်ပင်ပြီး ပညာရှိပုဏ္ဏားဗေဒင်ဟူးရားများကို မေးမြန်းကြသလို၊



www.burmeseclassic.com

www.burmeseclassic.com



တိုင်းသူပြည်သားများကလည်း ဘုရင်နရသူနှင့်အတူ ၃၇ မင်းနတ်များကို နတ်ကန္နားကြီးပေးပြီး မေးမြန်းကြသည်။

"ဟဲ့ ... အဲဒါ ငါတို့လုပ်တာ မဟုတ်ဘူး။ ပုဂံမှာ မိုးခေါင်ရတာ ငါတို့ထက် တန်ခိုးကြီးတဲ့ ကျော်စွာနတ်ရဲ့ တန်ခိုးပဲ။ ကျော်စွာကို လူ့ဘဝတုန်းက ဘုရင်နရသူက သတ်လို့ ဘုရင်ကို မုန်းငြိုးပြီး မိုးခေါင်အောင်လုပ်တာ။ ပုဂံမှာ မိုးရွာစေချင်ရင် ရှင်ဘုရင်ကိုယ်တိုင် ပွဲထိုးပြီး တောင်းပန်ရမယ်ဟေ့"

လူမုန်းများတဲ့ ဘုရင်ကလည်း ဒီတော့မှ နောင်တရပြီး ပွဲထိုး ကျွန်တော် ကျော်စွာနတ်ကိုပင့်ပြီး တောင်းပန်တော့။

ကျွန်တော် ကျော်စွာနတ်က နရသူဘုရင်ကို အိပ်မက်လေး ... လေးပေးပြီး ပြောရတာပဲ။

"မင်းကြီး သင် ပြုမူမှားတာ သိပြီလား"

"သိပါပြီ .. ကျော်စွာ၊ ကျွန်ုပ် မှားပါတယ်။ ဒါကြောင့် တောင်းပန်ပါတယ်။ ပုဂံပြည် ငတ်မွတ်ဆင်းရဲခြင်းမှ ကင်းဝေးရအောင် မိုးရွာပေး ကျော်စွာ၊ တောင်းပန်ပါတယ်"

"သင် မှားတယ်မဟုတ်လား"

"မှားပါတယ်"

"သင် မှားတဲ့အကြိမ်ပေါင်း များခဲ့ပြီ ... မင်းကြီး"

"တောင်းပန်ပါတယ် ... ကျော်စွာ၊ မိုးခေါင်အောင် မလုပ်ပါနဲ့"

"ကောင်းပြီလေ ... သင်လွန်တာ ဟုတ်မဟုတ်၊ တိုင်းသူပြည်သားတွေသိရအောင် လုပ်ပြရပေမပေါ့ ... မင်းကြီး"

"ကျော်စွာ ..."

"မိုးရွာအောင် မင်းကြီးတို့ လွန်ဆွဲရမယ်။ မင်းကြီးတို့ကတစ်ဖက် တိုင်းသူပြည်သားကတစ်ဖက် လွန်ဆွဲရမယ်။ အဲဒီလို လွန်ဆွဲနေတုန်း ကျွန်ုပ်က လွန်ခေါင်းပေါ်ကနေ ထိုင်စီးရမှ ကျေနပ်မယ် ... သိလား"

"ကျေနပ်အောင် လုပ်ပါ ... ကျော်စွာ၊ မိုးရွာရင် တော်ပါပြီကွယ်"





မြို့ရွာအနှံ့ မောင်းကြေးနင်း လည်ခတ်စေတယ်။

မိုးရွာအောင် ကျော်စွာနတ်ကိုပင့်ပြီး ဘုရင်နှင့်ပြည်သူ အပြိုင် လွန်ဆွဲရမည်။

ကြည့်စမ်း။

ဘုရင် နရသူကလည်း အုန်းပွဲတွေနဲ့ ကိုးလို့။

လွန်ပြိုင်ဆွဲမည့် တိုင်းသူပြည်သားတွေကလည်း ကျော်စွာနတ် (ကျွန်ုပ်)ကို ယုံကြည်ကိုးစားပြီး အုန်းပွဲတွေနဲ့ မြှောက်ပြီး ခေါ်ပင့်ကြလို့ ရှာ။

ကြည့် ...

လွန်ကြိုးတစ်ဖက်မှာ ဘုရင်နရသူနှင့် မောင်းမမိဿံ မှူးမတ်အမှုထမ်းတွေ။

ဒီတစ်ဖက်မှာ ကျွန်တော် ကျော်စွာကိုချစ်တဲ့ ပုဂံပြည်သားတွေ။

ကျွန်ုပ်ကလည်း အများသိရအောင် လွန်ခေါင်း(အလယ်ဗဟိုမှတ်နေရာကို ခေါ်သည်) ပေါ်ကနေ တက်စီးထားလိုက်တာ။

နှစ်ဖက်စလုံး သူနိုင်ကိုယ်နိုင် မဆွဲနိုင်ကြဘူး။ လွန်ခေါင်းပေါ်မှာ ကျွန်ုပ်က စီးထားတော့ လွန်ခေါင်းငိုက်ပြီး ဆွဲမရတော့ဘူးလေ။

"ဆွဲ ... ဆွဲ ...."

"ဝေး ... ဝေး ... ဝေး ..."

"ဟေး ... ဟေး ... ဟေး ..."

"ကျော်စွာ ... ငါ့ဖက်က နိုင်အောင် ကူပါကွယ်"

"ကျော်စွာရေ ... ငါတို့ တိုင်းသူပြည်သားဘက်က နိုင်အောင် ကူဆွဲပါကွယ်။ လွန်ခေါင်းကို ဖိမထားပါနဲ့"

ဘုရင်နရသူက မင်းဖြစ်တော့ လွန်ခေါင်းပေါ်မှာ ထိုင်စီးနေတဲ့ ကျွန်ုပ် ကျော်စွာနတ်ကိုမြင်ပြီး အံ့အားသင့်နေတယ်။

ကျွန်တော်ကလည်း ဘုရင်ကို သိပြီလားဆိုတဲ့ အနေနဲ့ လွန်ခေါင်းပေါ်မှာ မတ်တတ်ရပ်ပြလိုက်ရော ဘုရင်နရသူ လွန်စွာ အံ့ဩသွားခဲ့ရာရှာ။



www.burmeseclassic.com

www.burmeseclassic.com



"ဆွဲထား ... ဆွဲ ..."

"တောင့်ထားကွ ..."

"ပုဂံဘုရင်တဲ့ဟေ့ ..."

"ကျား ... ကျား ..."

"ဆွဲထား ... မင်းကြီးကို ဆွဲထား"

ပေါက္ကံ(ပုဂံ)မင်းကြီးဘက်ကလည်း နည်းနည်းနောနော မဟုတ်ဘူးဗျ။ တပ်တော်သား အားကောင်းမောင်းသန်တွေက တင်းပြီးဆွဲတာဗျာ။

"ပုဂံသားတဲ့ဟေ့ ..."

"ကျား ... ပုဂံသားကွ"

"ကျော်စွာနတ်ရဲ့ ကူပါမနေး လွန်ဆွဲနိုင်ဖို့အရေး"

"မိုးခေါင်ကျော်စွာ ကူမယ်"

"မိုးရွာဖို့ရေး လွန်သံပေး"

"ဝေး ... ဟေး ... ဝေး ... ဟေး ..."

"ပြည်သူချစ်တဲ့ မောင်ကျော်စွာ"

"မိုးကိုထမ်းပွေ့ ခေါ်ဆောင်လာ"

"မိုးရွာပါကွယ့် ... ပုဂံသွေး"

"မိုးသီးမိုးပေါက်ဖွေး ... ဟေး ..."

"ဆွဲ ... ဆွဲ ... ပါလာပြီ။ လွန်ခေါင်း ပါလာပြီ"

"မောင်ကျော်စွာ ... ငါတို့ဘက်က ကူပါကွယ်။ ဝေး ... ဝေး ... ဟေး ..."

"ပါသွားပြီဟေ့ ..."

"ပုဂံသားတွေ နိုင်ပြီကွ"

"ဟား ... ဟား ... ရှင်ဘုရင်ရှုံးအောင် ကျွန်တော်လုပ်ခဲ့တာပါ။ သူရှုံးမှ မိုးရွာပေးမှာလေ။ ခု ... ကြည့်၊ ရှင်ဘုရင့်ရဲ့ ဘက်တော်သားတွေ လွန်ကြိုးကိုင်၊ ဒူးကွဲ၊ နဖူးကွဲ၊ တောင်ရှည်ကျွတ် ဖြစ်ကုန်ပြီ"

"ဟား ... ဟား ... ဘုရင်နရသူပါ မောဟိုက်ပြီး ချွေးဒီးဒီးကျ လို့။ ကျေနပ်လိုက်တာလေဗျာ ... ဟာဟာ"

မိတ်ကူးသစ်စာပေ



တိုင်းသူပြည်သားတွေက ခြေကုန်လက်ပန်းကျနေတဲ့ ဘုရင့်ဘနိသတ်ကိုကြည့်ပြီး ဟားတိုက်ရယ်ကြ၊

တော်ပါပြီ ... ရှင်ဘုရင်နရသူကို ဒီလို နောင်တရစေဖို့လုပ်ပေးရတာ ကျေနပ်ပါပြီဗျာ။ ကိုင်း ... ချွေးဒီးဒီးကျ မောဟိုက်နေတဲ့ လွန်ဆွဲပရိသတ်နှင့်တကွ ပုဂံမြေအနှံ့မိုးရွာအောင် မိုးခေါင်ကျော်စွာ နတ်တန်ခိုးပြလိုက်မယ်။ ပုပ္ပားကစ၍ မိုးကောင်းမိုးသန်တို့ ရွာစေသတည်း။

"မိုးဖွားလေးတွေ ကျလာပြီဟေ့ ...."

"လေပါတိုက်လာပြီဟ"

"ပူလွန်းလို့ပါ ... ကိုကျော်စွာ၊ မိုးများများရွာပေးပါ ... မောင်လေးရယ်"

"ဝေါ ... ဝေါ ..."

"မြုန်း ... မြုန်း ..."

"ရွာပြီ ... မိုးရွာပြီဟေ့ ... မိုးရွာပြီကွ ..."

"အဲဒါ မိုးခေါင်ကျော်စွာရဲ့ တန်ခိုးလေ"

ကြည့်စမ်းပါ ... နောင်တော်၊ မိုးသီးမိုးပေါက်ကြားမှာ ဘုရင်နရသူရော၊ မိဖုရားမောင်းမများနဲ့ မှူးကြီးမတ်ရာတို့ပါ ထီမှန်စိုရွှဲပြီး ချော်ချော်စွာကြည့်နူးကြသလို ...

ပုဂံသူပုဂံသားတို့ကလည်း သံချပ်တေးသီချင်းတွေ ဟစ်အော်သီဆိုပြီး ခုန်ပေါက်ပွေ့ဖက် ကနေကြတာ။

ကလေးငယ်တွေက မိုးရေပွက်ထဲမှာ လူးလိမ့်ဟစ်အော်ရယ်မောကစားနေတာကို မြင်ရတော့ ...

မိုးရေမျှော်သူတွေ မိုးကိုရကြပါပြီ။

ပုဂံမှာ ဆန်ရေစပါး ပေါများအောင်မြင်တော့မှာပါ။

ဒီလို ပုဂံသူပုဂံသားတို့ရဲ့ အပြုံးတွေကိုမြင်ရတော့ ...

ရှင်ဘုရင်ကို မုန်းခဲ့ရတဲ့အမုန်း ...

မိုးရေအောက်မှာ ကြေကျသွားပါပြီ နောင်တော်ရယ်။

မိတ်ကူးသစ်စာပေ

www.burmeseclassic.com

ကျွန်တော့်ရဲ့ အမုန်းကြေမနက်ခင်းကို ချစ်ဖနိုးမယ်သော်တာများ ကြားရင်၊ မြင်ရင် ဒါမှ ဝါလင် 'မိုးခေါင်ကျော်ရွာပေါ့' လို့ ဂုဏ်ယူဝင့်ကြွားအားရပါးရ ပြုံးနေလေမလား ...

ကျွန်တော် မိုးခေါင်ကျော်ရွာနတ် ရှင်ဘုရင်ကိုလည်းမမုန်း။ တိုင်းသူပြည်သားအကျိုး ရေးရှုမိုးရွာစေတဲ့အကြောင်း ဆရာရှင် ရှင်အဖွဲ့ဂေါထာများမြင်ရင်ကြားရင် ဝမ်းသာလေမှာလား။

တယ်လည်းမိုက်တဲ့ မိုးခေါင်ကျော်ရွာပဲ။

ရှင်ဘုရင်ဆိုတာ လောဘသားကွ။

ဒင်းကို မျက်ရည်ပေါက်ပေါက်ကျအောင် ပြုစားဒဏ်ခတ်ထားရမယ်လို့များ ပြောလေမလား။

ဆရာတော် အရှင်သူမြတ်ကြီးဘုရား ...

မုန်းစတွေတိုလို့ ချစ်စတွေရှည်ပြီး ဖြုဟွစိုရ်ိတရားလေးပါးနဲ့ ထုံမွမ်းတဲ့ ရွှေပေါက္ကံပြည်ပုဂံ တစ်နေ့ကျနော် နေရောင်၊ လရောင်အောက် ပြန်ရောက်လာမှာပါ အရှင်ဘုရား။

မောင်ညိုမှိုင်း(သန်လျင်)

# စိတ်ကူးသစ်စာပေမှ ထုတ်ဝေပြီးစာအုပ်များစာရင်း

| စဉ် | စာရေးသူ | စာအုပ်အမည် | | ရောင်းဈေး |
|---|---|---|---|---|
| ၁။ | မောင်ညိုမှိုင်း | မြွေဝင်စားခေါင်မြွေ | | ၁၂၀ိ/- |
| ၂။ | (သန်လျင်) | လူထုဆန်းသာတိုက်ပုံဦးရာကျော် | | ၁၂၀ိ/- |
| ၃။ | ״ | သည်းထိတ်ဆန်းကြယ်မွေးနတ်ကြီး | | ၁၂၀ိ/- |
| ၄။ | ״ | ဘေရှာငါးကြီးစိဖြန်ခင်ဒေါင်းစံ | | ၁၂၀ိ/- |
| ၅။ | ״ | မြွေတောထဲဝါးဖြူရောတ်မင်းသားဖိုးစည်နှင့်ကျော်ခဲ | | ၁၂၀ိ/- |
| ၆။ | ״ | ပြိတ္တာရွာသူမငြွေ | | ၁၂၀ိ/- |
| ၇။ | ״ | ကြောင်တစ်ရာသတ်ဖြင်းနှင့် အင်းတစ်ထောင်မင်းဝေါင် | | ၁၂၀ိ/- |
| ၈။ | ״ | ဝရဇောထနှင့် ဖြစ်ရပ်ဆန်းကြယ် | ဝတ္ထုရှည်ဝတ္ထုတိုများ | ၁၂၀ိ/- |
| ၉။ | ״ | မိစ္ဆာဒိဋ္ဌိမရဏထမ်းကြမ်း | | ၁၅၀ိ/- |
| ၁၀။ | ״ | အံ့ဖွယ်နှင့်ဖြစ်ရပ်ဆန်းကြယ် | ״ | ၁၅၀ိ/= |
| ၁၁။ | ״ | ကျော့ထိုကြီးငြေ | | ၁၅၀ိ/- |
| ၁၂။ | ״ | နတ်မြင်းသွာသံ | ״ | ၁၅၀ိ/- |
| ၁၃။ | ״ | ငြိမ်းဆင်တဲ့လတ် | ဝတ္ထုတိုများ | ၁၅၀ိ/- |
| ၁၄။ | ״ | ရွှေဘုံဖြန်လွန်းအိမ်သစ် | | ၁၅၀ိ/- |
| ၁၅။ | ״ | မြစ်သုံးဆိုင်ရေအောက်ကျော့ထိမ်ကျောင်း | ဝတ္ထုရှည်ဝတ္ထုတိုများ | ၁၅၀ိ/- |
| ၁၆။ | ״ | ဖြည်ကြီးစည်ထီးဝင်တဲ့မိုးကြိုး(အထူးထုတ်လုံးချင်းဝတ္ထု) | | ၃၀၀ိ/- |
| ၁၇။ | ״ | မိုးငြိမ်းမိုးအဝါအဝင်လျှို့ဝှက်ဆန်းကြယ် | ဝတ္ထုတိုများ | ၁၅၀ိ/- |
| ၁၈။ | ״ | နာနာဘာဝဗိုင် | ဝတ္ထုရှည်ဝတ္ထုတိုများ | ၂၀၀ိ/- |
| ၁၉။ | ״ | မြိစ္ဆာရာသီဖွားနန်းအိမ်ကြို | | ၃၀၀ိ/- |
| ၂၀။ | ״ | မျက်ရည်မြစ်ပေါ်မှာသောင်မထင်တဲ့အဖြာရောင်ပေဒါ | | ၁၅၀ိ/- |
| ၂၁။ | ״ | လေးမည်ရထွန်းကြိုင် | ဝတ္ထုရှည်ဝတ္ထုတိုများ | ၂၀၀ိ/- |
| ၂၂။ | ״ | ကျော့ထုန်းပေါ်ကလတ်ဝါးရာ | ״ | ၂၀၀ိ/- |
| ၂၃။ | ״ | ဆားသွားပေါ်မှာထတဲ့ဝန်းဖွင့် | | ၂၅၀ိ/- |
| ၂၄။ | ״ | စိန်စီတကြိုးရေချမ်းအိုး | | ၂၅၀ိ/- |
| ၂၅။ | ״ | ရင်တွဲရွှေကျီးညို | ״ | ၂၀၀ိ/- |
| ၂၆။ | ״ | ပြိတ္တာရေဆန် | | ၂၀၀ိ/- |
| ၂၇။ | ״ | ပုံဖျက်ဝန်းပျက်ရသေ့ကြီးနှင့် အရိန္ဒမာရွှေလုံလတ် | | ၂၀၀ိ/- |
| ၂၈။ | ״ | သိဂ်ါရမြွေဆိပ် | | ၃၀၀ိ/- |
| ၂၉။ | ״ | ငှက်ကြီးတောင်ဘဂျမ်း | ဝတ္ထုရှည်ဝတ္ထုတိုများ | ၃၀၀ိ/- |
| ၃၀။ | ״ | စောရနတွတ်ကြောင်နတ်နှစ်တောင် | | ၃၀၀ိ/- |
| ၃၁။ | ״ | ရွှေဖြည်ဝင်ရတ္တစိုးအိုးစည် | | ၁၅၀ိ/- |
| ၃၂။ | ״ | နတ်မျက်စိမောင်စုန် | ဝတ္ထုရှည်ဝတ္ထုတိုများ | ၂၀၀ိ/- |
| ၃၃။ | ״ | ဓားကျိုးလို့ယုံခွေ စံဝေတဲ့တော | | ၂၀၀ိ/- |
| ၃၄။ | ״ | နရသိန်ဖြန်အိမ်မတ်များ | ဝတ္ထုတိုများ | ၂၀၀ိ/- |
| ၃၅။ | ״ | ဘေမင်း | | ၂၅၀ိ/- |
| ၃၆။ | ״ | ထရွှေသချိုင်းထုန်း | | ၂၅၀ိ/- |

www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

| စဉ် | စာရေးသူ | စာအုပ်အမည် | ရောင်းဈေး |
|---|---|---|---|
| ၃၇။ | ဆောင်းညိုမှိုင်း | ဝဏ္ဏရိုင် | ၂၀၀ိ/- |
| ၃၈။ | (သန်လျင်) | အဝီစိမိုးမျှော်(ပထမပိုင်း) | ၂၅၀ိ/- |
| ၃၉။ | " | အဝီစိမိုးမျှော်(ဒုတိယပိုင်း) | ၂၅၀ိ/- |
| ၄၀။ | " | ဘီလူးခေါင်းဖြတ်သချိုင်း (ပထမပိုင်း) | ၂၅၀ိ/- |
| ၄၁။ | " | ဘီလူးခေါင်းဖြတ်သချိုင်း (ဒုတိယပိုင်း) | ၂၅၀ိ/- |
| ၄၂။ | " | ဦးထုပ်မှာလျှို ဝမ္မန်ဆရာစံပြန်လာလိမ့်မည်တော့ | ၁၅၀ိ/- |
| ၄၃။ | " | ဆင်မနင်းဘုန်းတော်ကြီး | ၂၅၀ိ/- |
| ၄၄။ | " | မိုးခေါင်တော့်စွာ | ၁၃၀ိ/- |
| ၄၅။ | ထော်ရှူးကြီးသိန်းဝင်း | ဇာတ်တွင်းဝိဇ္ဇာတော့်ကြီး | ၁၀၀ိ/- |
| ၄၆။ | " | ၂။ ပြဒါးရှင်မြင့်ဦး | ၁၀၀ိ/- |
| ၄၇။ | " | ၃။ ပုဂံမြို့တောင်းမှုလွမ်းပုံဖြင် | ၁၂၀ိ/- |
| ၄၈။ | " | ၄။ ကျွန်တော်နှင့်ထောင်စခန်းများ | ၁၂၀ိ/- |
| ၄၉။ | " | ၅။ ဝဏ္ဏာန်းဆက်ဝတ်ဝါ | ၁၂၀ိ/- |
| ၅၀။ | " | ၆။ ဆင်ဦးစီးရဲ့ဘတ်မုဆိုးပြောသောဇာတ်လမ်းများ | ၁၂၀ိ/- |
| ၅၁။ | " | ၇။ ဣဿတ္တိရုပ်ထာလံ | ၁၂၀ိ/- |
| ၅၂။ | " | ၈။ ငမောက်မိဗုရားဝတ္ထုမြားကြီး | ၁၂၀ိ/- |
| ၅၃။ | " | ၉။ ပိုင်းစိန်မနှင့်ထောင်တွင်းဝတ္ထုတိုများ | ၁၂၀ိ/- |
| ၅၄။ | " | ၁၀။ တုံငယ်ဝရထနာသိုက် | ၁၂၀ိ/- |
| ၅၅။ | " | ၁၁။ အင်ဂျန်းယန်တဖျားဘုရင်မ | ၁၂၀ိ/- |
| ၅၆။ | " | ၁၂။ ဂမ္ဘီရဆန်သောထောင်လောက | ၁၂၀ိ/- |
| ၅၇။ | " | ၁၃။ လူဝင်စား | ၁၂၀ိ/- |
| ၅၈။ | " | ၁၄။ လက်စားချေခြင်းသည်ဖျားရည်လိုချိုမြိန် | ၁၂၀ိ/- |
| ၅၉။ | " | ၁၅။ ဂမ္ဘီရဝတ်ပါ | ၁၂၀ိ/- |
| ၆၀။ | " | ၁၆။ အဖန်ငါးရာငါးကမ္ဘာတိုမကြောက်ကြသူများ | ၁၅၀ိ/- |
| ၆၁။ | " | ၁၇။ သစ်တောအရေးပိုင်ဦးနေအောင်နှင့်တောတွင်းဆန်း | ၁၅၀ိ/- |
| ၆၂။ | " | ၁၈။ ဇာတ်တွင်းဝိဇ္ဇာရတနာမှုဆိုးများ | ၁၅၀ိ/- |
| ၆၃။ | " | ၁၉။ ဂြိုလ်မွှေသောစနေအိမ်ကြီး | ၁၅၀ိ/- |
| ၆၄။ | " | ၂၀။ ငါးဝေါက်တွင်းရထနာသိုက် | ၁၅၀ိ/- |
| ၆၅။ | " | ၂၁။ ထစ်ပွဲစားမုဆိုးအင်နီ | ၁၅၀ိ/- |
| ၆၆။ | " | ၂၂။ သွားသတ်ရှည်နှင့်ပိဇ္ဇာသားများ | ၁၅၀ိ/- |
| ၆၇။ | " | ၂၃။ မှန်စီရွှေချသိုးဘိုးကြီး | ၁၅၀ိ/- |
| ၆၈။ | " | ၂၄။ မြိုင်တလေးထစ်ပွဲစားဦးဘုလား | ၁၅၀ိ/- |
| ၆၉။ | " | ၂၅။ ဝ.ထ.က.လ.သ | ၁၅၀ိ/- |
| ၇၀။ | " | ၂၆။ စိတ်ရင်းကောင်းသော လူဝေလူရှုတ်ကြီးများ | ၁၅၀ိ/- |
| ၇၁။ | " | ၂၇။ ထောင်မှူးဘဝ အမှတ်တရလေးများ | ၁၅၀ိ/- |
| ၇၂။ | " | ၂၈။ နှောင်းခေတ်တောင်းမှုပုံရိပ်များ | ၁၅၀ိ/- |
| ၇၃။ | " | ၂၉။ မြန်မာနိုင်ငံအကျဉ်းထောင်ဆံနောက်ခံသမိုင်း | ၁၅၀ိ/- |

| စဉ် | စာရေးသူ | စာအုပ်အမည် | | ရောင်းဈေး |
|---|---|---|---|---|
| ၇၄။ | ထော်ရှူးကြီးသိန်းဝင်း | နှယ်ဆိုးထိုနှိန်စာတွန်း | | ၁၅၀ိ/- |
| ၇၅။ | " | ၃၁။ အတိတ်ဘဝက ရှုန်နန်းဘက်အိပ်မက် | | ၁၅၀ိ/- |
| ၇၆။ | " | ၃၂။ သစ်တောအရေးပိုင်ဦးနေအောင်နှင့် ရွှာစုန်းများ | | ၁၅၀ိ/- |
| ၇၇။ | " | ၃၃။ မရှိခဏ | | ၁၅၀ိ/- |
| ၇၈။ | " | ၃၄။ သံသရာဖန်ထာဝုံဆန်းပြယ် | | ၁၀၀ိ/- |
| ၇၉။ | " | ၃၅။ ဝန်ထွာဘုရင်မ | | ၁၆၀ိ/- |
| ၈၀။ | ဇေယျာမင်းချင် | ဝဏ္ဏရှအောင်မြေ | | ၁၅၀ိ/- |
| ၈၁။ | " | နတ္တတ်မဲ့တောင်းထင်ကြေဆံစင်နတ်သမီး | | ၁၅၀ိ/- |
| ၈၂။ | " | တုန်းဘောင်တမ်းချင်း | | ၁၅၀ိ/- |
| ၈၃။ | " | ဤမြေမှသည် | | ၁၅၀ိ/- |
| ၈၄။ | " | သာထာဝတီထောင်မှမရထာငရဲခန်းများ | | ၂၅၀ိ/- |
| ၈၅။ | စောင်ညိုမှိုင်း | မုဆိုးကြီးထောင်လုံးတော့် | ဝတ္ထုရှည်ဝတ္ထုတိုများ | ၁၂၀ိ/- |
| ၈၆။ | စိစဉ်သော | မိုးထိဘုရားအပါအဝင် | " | ၁၂၀ိ/- |
| ၈၇။ | " | သံထဲသရုထားဝတ္ထုမိ | " | ၁၂၀ိ/- |
| ၈၈။ | " | လထွက်ကလေးရယ်တဲ့မြင်းဝေါ်တင် | " | ၁၂၀ိ/- |
| ၈၉။ | " | သရဲငစည်ထိုင်တွေ့ရှင်ပြောပါခင်ဗျား | " | ၁၂၀ိ/- |
| ၉၀။ | " | ထိုထရသိဒ္ဓိဝင်အဆောင် | " | ၁၂၀ိ/- |
| ၉၁။ | " | ဘဝဟောင်းထာမိခင်ကြီး | " | ၁၂၀ိ/- |
| ၉၂။ | " | အနိစ္စသဒ္ဒါရ | " | ၁၂၀ိ/- |
| ၉၃။ | " | ပုံသတ္တုဘဘုန်းရဲ့မေတ္တာမတောမြိုင် | " | ၁၂၀ိ/- |
| ၉၄။ | " | သရဲမကြောက်ဘူးဆိုတဲ့တိုပိန္နဲ | " | ၁၂၀ိ/- |
| ၉၅။ | " | အေးစွန်ပါဝန်းကျင်မှဂမ္ဘီရအံ့ဖွယ် | " | ၁၂၀ိ/- |
| ၉၆။ | " | မုန့်တင်းခါးငချိတ်ကြီး | " | ၁၂၀ိ/- |
| ၉၇။ | " | သေရွာပြန်မအိမ်ရိုး | " | ၁၂၀ိ/- |
| ၉၈။ | " | မိုးထျိန်စာ | " | ၁၂၀၀/- |
| ၉၉။ | " | မဟာအဝီစိငရဲသို့ခုန်ဆင်းကြသူများ | " | ၁၂၀ိ/- |
| ၁၀၀။ | " | သစ္စာရှာမှ ပြန်သွားကြသူများ | " | ၁၂၀ိ/- |
| ၁၀၁။ | " | နှစ်ဆယ့်ထစ်ရာစုသီရိမာနှင့်ချစ်လင်များ | " | ၁၂၀ိ/- |
| ၁၀၂။ | " | စိတ်ဝညာဆရာကြိုင် | " | ၁၂၀ိ/- |
| ၁၀၃။ | " | ထူးဆန်းသောရေမှန်ဗေဒင်ဆရာကြီး | " | ၁၂၀ိ/- |
| ၁၀၄။ | " | လွမ်းသလေမောင်ကြီးဖော်ကွာဝေး | " | ၁၂၀ိ/- |
| ၁၀၅။ | " | သချိုင်းတုန်း | " | ၁၂၀ိ/- |
| ၁၀၆။ | " | ရင်တွဲဇရစ်နှင့်လွမ်းစေတီ | " | ၁၂၀ိ/- |
| ၁၀၇။ | " | သမုဒ္ဒထဝါးဖြင်မှာနှစ်ပါးခွင်မိုးဗျတ်တဲ့ည | " | ၁၂၀ိ/- |
| ၁၀၈။ | " | သေနိမိတ်စီးဆောင်ထံကြီး | " | ၁၂၀ိ/- |
| ၁၀၉။ | " | လူထူးဆန်းဘရေချမ်းအိုးနှင့်သေချင်ရှင်ချင်တဲ့ဗေဒင် | " | ၁၂၀ိ/- |
| ၁၁၀။ | " | သိပ်မိုက်တဲ့ထောင်ထက်ညှိုးထောင် | " | ၁၂၀ိ/- |

www.burmeseclassic.com

www.burmeseclassic.com

| စဉ် | စာရေးသူ | စာအုပ်အမည် | | ရောင်းဈေး |
|---|---|---|---|---|
| ၁၁၁။ | မောင်ညိုမှိုင်း | ထိုကြိုးကျော်ဝလီလွန်းတယ် | ဂမ္ဘီရဝတ္ထုတိုများ | ၁၂၀ိ/- |
| ၁၁၂။ | စိုးဉဲ့သော | သောဓွင့်မန္တန်ပိုင်ရှင် | ။ | ၁၂၀ိ/- |
| ၁၁၃။ | ။ | ဦးခြောက်စေပြည်တော်ပြန်ခန်း | ။ | ၁၂၀ိ/- |
| ၁၁၄။ | ။ | ရုတ္တစိုးဦးအိုးစည်ရဲ့ အလွမ်းပွဲရာဇဝင် | ။ | ၁၂၀ိ/- |
| ၁၁၅။ | ။ | တောခေါင်းကြီးဦးခြောက်ထစ်ရဲ့ဂမ္ဘီရဆန်း | ။ | ၁၂၀ိ/- |
| ၁၁၆။ | ။ | မထစ်ရာချစ်မိုးကြိုး | ။ | ၁၂၀ိ/- |
| ၁၁၇။ | ။ | အမုန်းမဲ့ထမင်းဝိုင်း | ။ | ၁၂၀ိ/- |
| ၁၁၈။ | ။ | ဘတိုက်ဝံ့နှင့် ထီးရိုးထိုမိုးဝစ်လိမ့်မည် | ။ | ၁၅၀ိ/- |
| ၁၁၉။ | ။ | ဂုဏ္ဍဝင်ကျုန်လေးပစ်သံ | ။ | ၁၅၀ိ/- |
| ၁၂၀။ | ။ | အရူးကြီးကျော့တ်သူဌေးဒန်းညွန့် | ။ | ၁၅၀ိ/- |
| ၁၂၁။ | ။ | ဘတိုက်ဝံ့နှင့် မုန်တိုင်းအလွန် | ။ | ၁၂၀ိ/- |
| ၁၂၂။ | ။ | ထူးဆန်းသော ဗေဒင်ဆရာဦးကျော့တ်ဖျာ | ။ | ၁၂၀ိ/- |
| ၁၂၃။ | ။ | ရှင်ညီပြမပြောချင်တဲ့ ဒုတိယဇာတ်သိမ်းပိုင်း | ။ | ၁၂၀ိ/- |
| ၁၂၄။ | ။ | ဝတစ်လုံးပိုးထုံးဘူး | ။ | ၁၆၀ိ/- |
| ၁၂၅။ | ။ | ဒေါ်သတုမ္မာရစောင်သတ်ရှည် | ။ | ၁၅၀ိ/- |
| ၁၂၆။ | ။ | သူ့ဇာတိလုံးဝမပြန်တဲ့ရုတ္တစိုး | ။ | ၁၅၀ိ/- |
| ၁၂၇။ | ။ | ဘရက်ဝင်မောင်နှမ | ။ | ၁၅၀ိ/- |
| ၁၂၈။ | ။ | ထိုးနဝင်း မိုးလင်းရင်သိကြလိမ့်မည် | ။ | ၁၅၀ိ/- |
| ၁၂၉။ | ။ | ထွမ်းမျက်ရည်တွေ | ။ | ၁၅၀ိ/- |
| ၁၃၀။ | ။ | ထင္ဆွေနှင့် ရန်ဖြစ်သည့်လူနာ | ။ | ၁၅၀ိ/- |
| ၁၃၁။ | ။ | သမုဒ္ဒယကျော့တ်ပြင်ဝေါ်တသနပ်ခါးအနှစ်များ | ။ | ၁၅၀ိ/- |
| ၁၃၂။ | ။ | အင်းစောင့်ရှေးတောင်းကြေးစည်ကြီး | ။ | ၁၅၀ိ/- |
| ၁၃၃။ | ။ | သံယောဇဉ်ဒီရေအတတ် လေပျှက်နဲ့တူးမဲ့အမေ | ။ | ၁၅၀ိ/- |
| ၁၃၄။ | ။ | လူ့ဘဝဖြန်ဝင်စားသည့်နားတို | ။ | ၁၅၀ိ/- |
| ၁၃၅။ | ။ | အမုန်းကြွေနေ့ရင်ကြားမှာဆင်သွားတဲ့လမ်း | ။ | ၁၅၀ိ/- |
| ၁၃၆။ | ။ | ခွေးထက်မိုက်သောသူနှင့်လူထက်သစ္စာရှိသောခွေး | ။ | ၁၅၀ိ/- |
| ၁၃၇။ | ။ | အမေရှေ့တိဂုံဘုရားဖူးသွားနိုင်ပြီဗျို့ | ။ | ၁၈၀ိ/- |
| ၁၃၈။ | ။ | ကြေးရုပ်တုသူဘီလူးနှင့်သူယောင်မထမည့်ပြင် | ။ | ၁၈၀ိ/- |
| ၁၃၉။ | ။ | တောထဲကြီးရွှေပြောက် | ။ | ၁၈၀ိ/- |
| ၁၄၀။ | ။ | ဝင့်ကြွေးမိုး | ။ | ၁၈၀ိ/- |
| ၁၄၁။ | ထောက်ရှုးကြီးသိန်းဝင်း | ပိညာဥ်များနာခိုရာလိပ်ပြာကျွန်း | ထောင်သုတရသ | ၁၂၀ိ/- |
| ၁၄၂။ | ဒုရိန်တွန်းစိုးဥဲ့သော | အသားစားသောင်ဝင်ကြီးများ | ။ | ၁၂၀ိ/- |
| ၁၄၃။ | ။ | တကောင်းမြို့တောင်းထသမုဒ္ဒထုံပြင် | ။ | ၁၂၀ိ/- |
| ၁၄၄။ | ။ | ရောင်စုံခေတ်ကဝံ့ရိပ်များ | ။ | ၁၅၀ိ/- |
| ၁၄၅။ | ။ | ဂမ္ဘီရစာရေးဆရာကြီးမစ္စတာဝေါ(လ်) | ။ | ၁၅၀ိ/- |
| ၁၄၆။ | | ထောင်မှူးကြီးဆိုတာ | ။ | ၁၈၀ိ/- |
| ၁၄၇။ | ဒေါက်တာစိုးလွင် | ရှက်ရှက်မှာဖြစ်သောထင်ဆာရောဂါ | | ၂၅၀ိ/- |

BURMESE CLASSIC .com
www.burmeseclassic.com